ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၇၈ ခုနှစ် နတ်တော်လဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့။ wednesday, 7 December 2016 (၈၇၆၈)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန်နှင့်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးစဉ်။(သတင်းစဉ်)

# ရခိုင်ပြည်နယ်၏ လက်ရှိဖြစ်ပေါ်မှု၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန်နှင့် ကော်မရှင်အဖွဲ့ဝင်များအား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်တွင် လက်ရှိဖြစ်ပေါ် တိုးတက်မှုများ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့ပြင် မစ္စတာ ကိုဖီအာနန်က ရခိုင်ပြည်နယ်သို့ ဒီဇင်ဘာ ၂ ရက်မှ ၄ ရက်အထိ သွားရောက်ခဲ့သည့် ခရီးစဉ်တွေ့ရှိချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ကျေးလက်အိမ်ရာများနှင့် လမ်း၊ တံတားများ စနစ်တကျ နေရာချထားပြီး မြေငှားဂရန်များ ပြုလုပ်ပေးရန်နှင့် အသေးစား၊ အလတ်စား ကုန်ထုတ်လုပ်ငန်းများဖြင့် ဘက်စုံဖွံ့ဖြိုးအောင်စီမံချက်ချမှတ် အကောင်အထည်ဖော်ပေးနိုင်ရန် အဆိုကို လက်ခံဆွေးနွေးရန် သဘောတူ

ပြည်သူ့လွှတ်တော် စာမျက်နှာ » ၅

## စနစ်တကျကျွမ်းကျင်အောင် သင်ကြားတတ်မြောက်ထားပါက ကုသခြင်းကို တားမြစ်ပိတ်ပင်ထားခြင်းမရှိ

အမျိုးသားလွှတ်တော် စာမျက်နှာ » ၅



## အဆိပ်သင့်သတင်းများနှင့် အနောက်ဘက်တံခါး

စာမျက်နှာ ၆

KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# အမှန်သတင်းများဖြင့် တုံ့ပြန်ချေဖျက်

ပြည်သူများနှင့်ဆက်စပ်ပတ်သက်သော ဩကာသလောကတစ်ခွင်လုံးမှ ဖြစ်ရပ်များကို ပုံနှိပ်မီဒီယာ၊ အီလက်ထရွန်နစ်မီဒီယာသမားတို့က သတင်းစာပညာဖြင့် ပြည်သူများအား အသိပေးတင်ပြကြရသည်။ ထိုသို့ အသိပေးတင်ပြကြရာတွင် သတင်းစာပညာ၏ ပထမဆုံးနှင့် ပဓာန အကျဆုံးတာဝန်မှာ မှန်ကန်ခြင်းပင်ဖြစ်သည်။ ပထမဆုံးနှင့် အလိုအပ်ဆုံး အချက်မှာ မြန်ဆန်ခြင်းပင်ဖြစ်သည်။ ပထမဆုံးနှင့်အရေးအကြီးဆုံး အချက်မှာ မျှတခြင်းပင်ဖြစ်သည်။

သတင်းသမားတို့ ပထမဆုံးသစ္စာခံရမည့်သူမှာ နိုင်ငံတော်နှင့်နိုင်ငံသားပြည်သူလူထုကြီးပင်ဖြစ်သည်။ သတင်းစာပညာ၏အနှစ်သာရမှာ သတင်းများကို ကျင့်ဝတ်နှင့်အညီ စည်းကမ်းတကျ စိစစ်အတည်ပြုရေး ပင်ဖြစ်သည်။ ထိုအချက်များကို မြန်မာနိုင်ငံမှသတင်းစာဆရာများက ဆိုခဲ့ခြင်းမဟုတ်၊ မြန်မာနိုင်ငံသာမက နိုင်ငံတကာမှ ထင်ရှားသည့် သတင်းစာ သတင်းစာဆရာကြီးများ အသိအမှတ်ပြုလက်ခံထားသော အချက်များပင်ဖြစ်သည်။

အဆိုပါ အရင်းခံအနှစ်သာရအချက်အလက်များအပေါ်အခြေခံ၍ သတင်းစာပညာဖြင့် ပြည်သူတို့အား အသိပေးမျှဝေကြရာတွင် သတင်းစာသမိုင်းတစ်လျှောက်၌ ထိုလုပ်နည်းလုပ်ဟန်များနှင့် လားလားမျှမအပ်စပ်ဘဲ သတင်းမှန် အမှောင်ချ၊ သတင်းမှား မှိုင်းတိုက်ကာ သတင်းအသိအမှောင်ဖုံးစေသော အနက်ရောင်သတင်းစာပညာ (Black Journalism)၊ လူသားတို့၏အာရုံခံစားမှု ကာမရာဂနှိုးဆွပေးသည့် အဝါရောင်သတင်းစာပညာ (Yellow Journalism)၊ သူတစ်ပါး ပုဂ္ဂလိကအခွင့်အရေးလွတ်လပ်ခွင့်ကို နှောင့်ယှက်ကာ မတော်တရော် သတင်းဓာတ်ပုံများဖော်ပြပြီး စီးပွားရေးတွက်ခြေကိုက်အောင်လုပ်သော ပါပါရာဇီသတင်းစာပညာ(Paparazi Journalism)သုံးမျိုးကို အသုံးချသော သတင်းစာပညာတို့လည်း ရှိခဲ့ဖူးသည်။

သတင်းစာပညာ၏မူလအနှစ်သာရများနှင့် သွေဖည်ဆောင်ရွက်မှုများမှာ ရှေးယခင်ကတည်းကသာမက မျက်မှောက်ကာလတွင်လည်း ရှိနေဆဲဖြစ်သည်။ ကမ္ဘာပေါ်တွင် အချမ်းသာဆုံး၊ ဒီမိုကရေစီအခွင့်အရေး အရှိဆုံး၊ သတင်းစာ လွတ်လပ်ခွင့်အရှိဆုံး၊ သတင်းစာပညာတွင်အတော်ဆုံး နိုင်ငံကြီးရှိ မီဒီယာလုပ်ငန်းများကို စစ်တမ်းကောက်ယူရာတွင် သတင်းစာ ပညာအခြေခံအနှစ်သာရများမှ ယနေ့တိုင်သွေဖည်ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။

အဆိုပါစစ်တမ်းများအရ မီဒီယာအဖွဲ့အစည်းအချို့က တိကျခိုင်မာမှုမရှိသော သတင်းများ၊ သတင်းမှားများ၊ နိုင်ငံရေးနှင့်ပတ်သက်၍ တစ်ဖက်သတ်ဘက်လိုက်ကာ အာဃာတနှင့်တင်ပြမှုများ၊ ဩဇာလွှမ်းမိုးမှုများ၊ သတင်းမဟုတ်ဘဲ မမှန်ကန်သည့်သတင်းများအား လုပ်ကြံဖန်တီးတင်ပြမှုများရှိနေသည်ကို တွေ့ရသည်။ လက်တွေ့တွင်လည်း ထိုသို့ဆောင်ရွက်နေသည်ကို တွေ့မြင်နေရသည်။

အဆိုပါသတင်းတင်ပြမှုများအနက် (Black Journalism)ကို မြန်မာနိုင်ငံအပေါ် အသုံးပြုလာသည်ဟု ဆိုရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မကြာသေးမီက ဖြစ်ပွားခဲ့သော မောင်တောဖြစ်စဉ်နှင့် ပတ်သက်၍ အဆိုပါဖြစ်စဉ် စတင်ဖြစ်ပွားလျှင်ဖြစ်ပွားချင်း အထူးသဖြင့် အီလက်ထရွန်နစ်မီဒီယာကို အသုံးချကာ နိုင်ငံရေးအရ လုပ်ကြံဖန်တီးထားသည့် မမှန်သတင်းများ ဖြန့်ဝေလာသည်ကို တွေ့ရသည်။

မကြာသေးမီရက်ပိုင်းကလည်း မလေးရှားနိုင်ငံအတွင်းမှ အချို့သောရုပ်သံမီဒီယာများ၊ လူမှုကွန်ရက်မီဒီယာများနှင့် အခြားမီဒီယာများတွင် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် မောင်တောဖြစ်စဉ်မဟုတ်သော အခြားဆင်တူဖြစ်စဉ်မှ သတင်းဓာတ်ပုံများ၊ ဗီဒီယိုအရုပ်များအား ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေပြီးနောက် မလေးရှားနိုင်ငံ၏ အာဏာရပါတီ၊ လက်ရှိနိုင်ငံခေါင်းဆောင်တစ်ဦးက ဘာသာရေးအရ ဆွဲယူကာ ကိုယ်တိုင်ပါဝင်ဆန္ဒပြခဲ့ခြင်းမှာ (Black Journalism) ကို အသုံးချလိုက်ခြင်းပင်ဖြစ်သည်။

အဆိုပါလုပ်ရပ်သည် တိကျသေချာခိုင်မာခြင်းမရှိသည့် သတင်းအချက်အလက်များအပေါ်အခြေခံကာ ဘာသာရေးစိတ်ခံစားမှုကို အသုံးချခြင်း၊ နိုင်ငံရေးအမြတ်ထွက်အောင် ကြိုးပမ်းအားထုတ်ခြင်းသာ ဖြစ်ပြီး မီဒီယာလက်နက်ဖြင့် ထိုသို့ဆောင်ရွက်ခြင်းသည် အန္တရာယ်ကြီးမားလှသည်။ ထိုသို့လုပ်ဆောင်မှုများကို တာဝန်သိ မီဒီယာအားလုံးအနေဖြင့် အမှန်သတင်းများဖြင့် မိမိနိုင်ငံအတွက် ဝိုင်းဝန်းတုံ့ပြန်ချေဖျက်သွားကြရန်တိုက်တွန်းပါသည်။ ။

# ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲညီလာခံ ဝန်ကြီးများအဆင့်အစည်းအဝေး ကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၆**

ဇီဝမျိုးစုံမျိုးကွဲ ကွန်ဗင်းရှင်း (Convention on Biological Diversity - CBD) (၁၃) ကြိမ်မြောက် အဖွဲ့ဝင်နိုင်ငံများအစည်းအဝေး (COP 13)၊ ကာတာဂျီးနား နောက်ဆက်တွဲစာချုပ် (၈)ကြိမ်မြောက်အစည်းအဝေးနှင့် နာဂိုယာ နောက်ဆက်တွဲစာချုပ် ဒုတိယအကြိမ် အစည်းအဝေးတို့ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် မက္ကဆီကိုနိုင်ငံမှ CBD အဖွဲ့ဝင်နိုင်ငံများ၏ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများကို ဖိတ်ကြား၍ ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲညီလာခံ ဝန်ကြီးများအဆင့် အစည်းအဝေး (High-level Segment)ကို ကန်ကွန်းမြို့၌ ဒီဇင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် ကျင်းပရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်ဆွေးနွေးသည်။

အဆိုပါအစည်းအဝေးသို့ ကမ္ဘာ့နိုင်ငံများမှ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်း ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇီဝမျိုးစုံမျိုးကွဲများအား သစ်တောကဏ္ဍတွင် ထည့်သွင်းခြင်းဆိုင်ရာ ဆွေးနွေးပွဲ၌ မြန်မာနိုင်ငံတွင်ဆောင်ရွက်လျက်ရှိသည့် သစ်တောကဏ္ဍတွင် ဇီဝမျိုးစုံမျိုးကွဲများအား ထည့်သွင်းမှု၊ ရာသီဥတု ပြောင်းလဲမှုလျော့ချရေးတွင် သစ်တောနယ်မြေများနှင့် သဘာဝနယ်မြေများအား အဓိကအခြေခံထားမှု၊ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်း၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သစ်တောများ ထိန်းသိမ်းရေး၊ စဉ်ဆက်မပြတ် အသုံးပြုနိုင်ရေးတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှုမြင့်မားလာစေရန် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ညွှန်ကြားချက်များ ပြင်ဆင်မှု၊ ဒေသခံပြည်သူအခြေပြု သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးဆောင်ရွက်မှုတို့ကို တင်ပြသည်။

အစည်းအဝေးတွင် ဇီဝမျိုးစုံမျိုးကွဲများအား ဆက်စပ်ကဏ္ဍများဖြစ်သည့် စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်း၊ သစ်တောနှင့် ရေလုပ်ငန်းနှင့် ငါးမွေးမြူရေးတို့တွင် ထည့်သွင်းခြင်းဆိုင်ရာ Cancun declaration on mainstreaming the conservation and sustainable use of biodiversity for well-being ကို အတည်ပြု ထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ (မူကြိုဆရာမ) သင်တန်းဆင်း

**နေပြည်တော် ဒီဇင်ဘာ ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ (မူကြိုဆရာမ) သင်တန်းဆင်းပွဲ အခမ်းအနားကို နေပြည်တော်လူမှုဝန်ထမ်းရုံး၌ ဒီဇင်ဘာ ၂ ရက် မွန်းလွဲပိုင်းက ကျင်းပရာ နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်တာက သင်တန်းဆင်း အမှာစကားပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးက သင်တန်းတွင် ဆုရရှိသူများအား ဆုများပေးအပ်ပြီး နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မူလတန်းကြိုကျောင်းအုပ်ဆရာမကြီးများက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။

အဆိုပါသင်တန်းကို အစိုးရမူကြိုကျောင်းများ၊ တိုင်းစစ်ဌာနချုပ်လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များမှ ဖွင့်လှစ်ထားသော မူကြိုကျောင်းများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ သင်တန်းသူစုစုပေါင်း ၃၆ ဦး တက်ရောက်ကြပြီး သင်တန်းဆရာ ၁၃ ဦးဖြင့် နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ၁၉ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**(သန့်မောင်)**

# ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးစပါးစံကွက်ရိတ်သိမ်း၊ စပါးထုတ်လုပ်မှုစစ်တမ်းကောက်

**သီပေါ ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းတိုးတိုး ဦးဆောင်သော မိုးစပါးစံကွက်ရိတ်သိမ်းခြင်း၊ စပါးထုတ်လုပ်မှု စစ်တမ်းကောက်ယူရေးအဖွဲ့သည် နမ့်ဆန်မြို့နယ် လီလုကျေးရွာ တောင်သူ ဦးရွှေမြတ်၏ ပုလဲသွယ်စပ်မျိုးစပါး လယ်မြေတွင် ၆၆ ပေ ပတ်လည် သုည ဒသမ ၁၀ ဧကကို စံကွက်ရိတ်သိမ်းရာ ၁၃၅ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

မိုးစပါး စံကွက်ရိတ်သိမ်းခြင်းနှင့် စစ်တမ်းကောက်ယူရာတွင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင် ဦးသိန်းဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်ဝင်း၊ တာဝန်ရှိသူများနှင့် တောင်သူလယ်သမားများ တက်ရောက်ကြပြီး အချက်ရှစ်ချက်ကို တောင်သူများအား မေးမြန်းကာ စစ်တမ်းကောက်ယူလျက်ရှိသည်။

စစ်တမ်းကောက်ယူခြင်းဖြင့် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အခြေအနေ၊ အထွက်နှုန်း၊ အထွက်တင်း၊ ရင်းနှီးကုန်ကျစရိတ်နှင့် အကျိုးအမြတ်ရရှိမှု၊ တောင်သူများ ရှေ့ဆက်စိုက်ပျိုးလိုသည့်မျိုး၊ တောင်သူများပိုင်ဆိုင်မှု အခြေအနေများကို မေးမြန်းထည့်သွင်းကာ ဒေသနှင့်ကိုက်ညီပြီး ပြည်ပပို့ကုန်ဈေးကွက်ဝင် စပါးမျိုးတစ်မျိုးတည်း တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးလာခြင်းဖြင့် ဆန်ဈေးကွက်အဆင့်မြင့်လာစေရေး အထောက်အကူပြုလာနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက ပြောသည်။

**စိုင်း(သီပေါ)**

## မံသဲ-ဟန်ထက် ကျေးရွာချင်းဆက်လမ်းဖောက်လုပ်မှု ကွင်းဆင်းစစ်ဆေး

**မံစီ ဒီဇင်ဘာ ၆**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ်အတွင်းရှိ မံသဲ-ဟန်ထက် ကျေးရွာချင်းဆက်လမ်း၌ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မံသဲ-ဟန်ထက်ကျေးရွာချင်းဆက်လမ်းတွင် Box Culvert သုံးစင်းတည်ဆောက်လျက်ရှိရာ အဆိုပါလုပ်ငန်းခွင်သို့ ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးသန်းထွန်းဝင်း၊ မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်နှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာပထမပတ်က ကွင်းဆင်းစစ်ဆေးပြီး စံချိန်စံညွှန်းနှင့် ကိုက်ညီပြီး အချိန်မီပြီးစီးရေးအတွက် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး ၀၂-၈၆၁၀၀၆၅၊ စီပီ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အမေရိကန်သံအမတ်ကြီးနှင့် NDI အကြံပေးပုဂ္ဂိုလ်တို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၆**
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်လ်အား ယနေ့ မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ National Democratic Institute (NDI) အကြံပေးပုဂ္ဂိုလ် Mr. Edmond Effendija နှင့် အဖွဲ့အား ညနေ ၃ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

အမေရိကန်သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် ဒီမိုကရေစီစံနှုန်းများ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့်မကိုက်ညီသည့် ဥပဒေများအား ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲပြဋ္ဌာန်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ လွတ်လပ်စွာပြောဆိုခွင့်၊ ရေးသားခွင့်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ဆွေးနွေးကြသည်။

National Democratic Institute (NDI) အကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံစဉ် NDI၏ လွှတ်တော်လုပ်ငန်းစဉ်များ ခိုင်မာအားကောင်းလာစေရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်လ်အား လက်ခံတွေ့ဆုံစဉ်။(သတင်းစဉ်)



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mrs.Retno L . P. Marsudi တို့ တွေ့ဆုံစဉ်။ (သတင်းစဉ်)

# အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၆**
အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mrs.Retno L . P. Marsudi နှင့်အဖွဲ့သည် ယနေ့ ည ၇နာရီ မိနစ် ၂၀တွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံအမတ်ကြီးနှင့် သံရုံးမှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုကြသည်။

ညပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နေအိမ်၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

# တာဝန်သိခရီးသွားလုပ်ငန်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၆**
ခရီးသွားလုပ်ငန်း အဝန်းအဝိုင်းတွင် လက်ရှိဖြစ်ပေါ်လျက်ရှိသော အခက်အခဲများ၊ ပြဿနာများကို ညှိနှိုင်းဖော်ထုတ်ရန်နှင့် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူတို့ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝတိုးတက်မြင့်မားရေး၊ ဝင်ငွေပိုမိုရရှိရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို စုပေါင်းဆွေးနွေးညှိနှိုင်းရန်ရည်ရွယ်၍ တာဝန်သိခရီးသွားလုပ်ငန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်နှင့် တည်းခိုနေထိုင်ခြင်း ကဏ္ဍဆိုင်ရာများဆွေးနွေးခြင်းကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ပန်ဒါဟိုတယ်၌ ကျင်းပကြောင်းသိရသည်။



အဆိုပါ အခမ်းအနားတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရည်မွန်က မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း စနစ်တကျ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန် အားသာချက်၊ အားနည်းချက်၊ ကြုံတွေ့ရသည့် အခက်အခဲများကို တင်ပြဆွေးနွေးအဖြေရှာရန်ရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်ကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲတွင် စုပေါင်းညှိနှိုင်းအဖြေရှာပြီး ထွက်ပေါ်လာသည့် ရလဒ်ကောင်းများအပေါ် အခြေခံပြီး လက်တွေ့အကောင်အထည်ဖော်နိုင်သည့် ရှေ့လုပ်ငန်းစဉ်များကိုချမှတ်ပြီး အစိုးရ၊ ပုဂ္ဂလိက သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ဆက်လက်အကောင်အထည်ဖော်သွားရမည်ဖြစ်ကြောင်း ပြောသည်။

ထို့နောက်မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ဆွေးနွေးပြောကြားပြီး မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များ အသင်းကိုယ်စား ကိုယ်စားလှယ်ငါးဦးက ဇုန်များအလိုက် လက်ရှိအခြေအနေနှင့်အကြံပြုချက်များကို တင်ပြကြသည်။ ယင်းနောက်ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကောင်းထွဋ်က ပြန်လည်ဆွေးနွေးတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးတင်သွင်က နိဂုံးချုပ်ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ အမှုဆောင်များ၊ ပညာရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ခရီးသွားလုပ်ငန်းစိတ်ဝင်စားသူများ တက်ရောက်ကြသည်။ **(ဇာနည်မောင်)**

# ရန်ကုန်တက္ကသိုလ် ရာပြည့်အကြို ၉၆ နှစ်ပြည့်အထိမ်းအမှတ် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် စာအုပ်ပြပွဲနှင့် ဈေးရောင်းပွဲဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၆**
ရန်ကုန်တက္ကသိုလ် ရာပြည့်အကြို (၉၆)နှစ်ပြည့်အထိမ်းအမှတ်အနေဖြင့် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက် စာအုပ်ပြပွဲနှင့် ဈေးရောင်းပွဲကို ဒီဇင်ဘာ ၆ ရက်တွင် စတင်ဖွင့်လှစ် ပြသရောင်းချခဲ့သည်။

ရန်ကုန်တက္ကသိုလ် ရာပြည့်အကြို အထိမ်းအမှတ်အနေဖြင့် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နှင့် မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတို့ပူးပေါင်းကာ စာပေတိုက်ပေါင်း ၁၀၀ ကျော်၊ စာအုပ်အရောင်းဆိုင်ပေါင်း ၁၅၀ ကျော် ပါဝင်ရောင်းချလျက်ရှိသည်။

“သမိုင်းဝင် ရန်ကုန်တက္ကသိုလ်နဲ့ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်က ခွဲခြားမရပါဘူး။ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှာ ဟိုးအရင်ကတည်းက အခုထိ စုဆောင်းထားရှိခဲ့တဲ့ စာအုပ်တွေ၊ စာရေးဆရာကြီးတွေရဲ့ လက်ရေးမူတွေ ပြသထားပါတယ်။ တက္ကသိုလ်စာကြည့်တိုက်အနေနဲ့ ပထမဆုံးအကြိမ်ကျင်းပတဲ့ ဒီပွဲတော်မှာ စာအုပ်ဆိုင်ပေါင်းရာကျော်ပါဝင်ပြီး စည်စည်ကားကားနဲ့ အထူးနှုန်းတွေနဲ့ ရောင်းချပေးသွားမှာပါ”ဟု ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် စာကြည့်တိုက်မှူး ဒေါက်တာလှိုင်လှိုင်ကြီးက ပြောသည်။

အဆိုပါ စာအုပ်ပြပွဲနှင့် အရောင်းပွဲတော်ကို ဒီဇင်ဘာ ၆ ရက်မှ ၉ ရက်အထိ ရန်ကုန်တက္ကသိုလ်နယ်မြေအတွင်း ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ရှေ့နှင့် သစ်ပုပ်ပင်အနီး၊ ဝိဇ္ဇာဆောင်အနီးတို့တွင် စာအုပ်ဆိုင်များ ခင်းကျင်းရောင်းချလျက်ရှိသည်။ **(ဝဝ၁)**



# ကဝမြို့နယ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲဆင်နွှဲ

**ကဝ ဒီဇင်ဘာ ၆**
ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ဒီဇင်ဘာလူထုအားကစားလစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၃ ရက်နံနက် ၅ နာရီခွဲက ကျင်းပရာ ကဝမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကြိုင်ဦးဆောင်သော ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက် ကျေးရွာအုပ်စုများမှ ပြည်သူလူထုများ၊ ကဝမြို့ အ.ထ.က ကျောင်းမှ ကျောင်းသား ကျောင်းသူစုစုပေါင်းအင်အား ၁၄၅၀ ခန့်ပါဝင်ဆင်နွှဲကြသည်။

အဆိုပါလူထုလမ်းလျှောက်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးရှေ့မှ ထုံးကြီးကျေးရွာဆန်စက်အထိ၊ ဆန်စက်မှ ကဝမြို့နယ်ပြည်သူ့အားကစားကွင်းသို့ ပြန်လည်ရောက်ရှိခဲ့ပြီး ကွင်းအတွင်းတွင် လမ်းလျှောက်ပါဝင်ဆင်နွှဲသူများက ကာယလှုပ်ရှားမှုအတွဲ(၁)နှင့် အတွဲ(၂)ကို စုပေါင်းပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မြန်မာ့အရေးကိစ္စကို သံတမန်ရေးအရ ဖြေရှင်းသင့်ဟု ဒေါက်တာမဟာသီက ဝန်ကြီးချုပ်နာဂျစ်အား တိုက်တွန်း




ကွာလာလမ်ပူ ဒီဇင်ဘာ ၆

ဝန်ကြီးချုပ်တစ်ဦးဖြစ်သူ နာဂျစ်ရာဇတ်အနေဖြင့် ဆန္ဒဖော်ထုတ်မည့်အစား အရေးကိစ္စများကို သံတမန်ရေးအရသာ ဖြေရှင်းလုပ်ဆောင်သင့်သည်ဟု ဝန်ကြီးချုပ်ဟောင်း ဒေါက်တာ မဟာသီမိုဟာမက် က ပြောကြားလိုက်ကြောင်း ဒီဇင်ဘာ ၃ ရက်နေ့စွဲပါ **Free Malaysia Today**(အက်ဖ်အမ်တီ) အင်တာနက် ဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြထားသည်။

ဝန်ကြီးချုပ် နာဂျစ်သည် ပြဿနာရပ်များအား သံတမန်ရေးနည်းလမ်းများအရ ဖြေရှင်းနိုင်ရန် အခွင့်အာဏာရှိသူ ဖြစ်ပါလျက် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ဆန္ဒပြသည့် နည်းလမ်းကို အဘယ်ကြောင့် အသုံးပြုခဲ့ပါသနည်းဟု ဒေါက်တာမဟာသီက မေးခွန်းထုတ်လိုက်သည်။

ဆန္ဒပြ ဖော်ထုတ်မှုများဟူသည် အစိုးရအဖွဲ့အား ဆန့်ကျင်သူများကသာ အသုံးပြုသည့် နည်းလမ်းဖြစ်ပြီး အစိုးရအဖွဲ့ကိုယ်တိုင်က ဆန္ဒပြ ဖော်ထုတ်ရန် မလိုအပ်ကြောင်း ဒီမိုကရက်တစ် အက်ရှင်ပါတီ (ဒီအေပီ) အမျိုးသားညီလာခံနှင့် သက်ဆိုင်နေသော သတင်းစာရှင်းလင်းပွဲတွင် ဒေါက်တာမဟာသီက ပြောကြားသည်။

မိမိသည် ယခုအခါ အစိုးရအဖွဲ့တွင် ပါဝင်ခြင်းမရှိတော့သူဖြစ်သဖြင့် ဆန္ဒပြဖော်ထုတ်ခွင့်ရှိသူ ဖြစ်ကြောင်း ဒေါက်တာမဟာသီက ဆက်လက်ပြောကြားသည်။

ထိုစဉ်အတွင်း ဝန်ကြီးချုပ်နာဂျစ်အား အတိုက်အခံခေါင်းဆောင်တစ်ဦးဖြစ်သူ ဒေါက်တာဝန်အဇီဇားကလည်း ဝေဖန်ပြောကြားခဲ့သည်။

ဝန်ကြီးချုပ် နာဂျစ်အနေဖြင့် ဆန္ဒပြပွဲတွင် ပါဝင်ရန် မလိုအပ်ဟူသော ဒေါက်တာမဟာသီ၏ ရှုမြင်ချက်ကို မိမိထောက်ခံကြောင်း၊ အစိုးရအဖွဲ့ အကြီးအကဲတစ်ဦးဖြစ်သူ ဝန်ကြီးချုပ်အနေဖြင့် ကြေညာချက်ထုတ်ပြန်သင့်ပြီး အစိုးရအဖွဲ့ချင်း ချဉ်းကပ်ဆောင်ရွက်သင့်ကြောင်း ပြည်သူ့တရားမျှတရေးပါတီဥက္ကဋ္ဌ ဒေါက်တာအဇီဇားက ပြောကြားသည်။

ရည်ညွှန်း-**Freemalaysiatoday.**



# နျူသဘောတူညီချက် ပြန်လည်ပယ်ဖျက်မှုကို ထရန့် ပြုလုပ်ခွင့်မရှိဟု အီရန်သမ္မတ ပြော

**တီဟီရန် ဒီဇင်ဘာ ၆**

အမေရိကန်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဒေါ်နယ်ထရန့်က နိုင်ငံတကာ နျူကလီးယား သဘောတူညီချက်အား ပြန်လည်ပယ်ဖျက်ခြင်းကို မိမိလက်ခံမည် မဟုတ်ကြောင်း အီရန်သမ္မတ ဟာဆန်ရိုဟာနီက ဒီဇင်ဘာ ၆ ရက်တွင် ပြောကြားသည်။

နိုင်ငံတကာ နျူကလီးယား သဘောတူညီချက်ကို အမေရိကန်ဘက်မှ ပြန်လည်ပယ်ဖျက်မည်ဆိုပါက ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်သည်ဟု သမ္မတရိုဟာနီက ပြောကြားသော်လည်း မည်ကဲ့သို့ အကျိုးသက်ရောက်နိုင်သည်ကို တိတိကျကျ ပြောကြားခြင်း မရှိပေ။

အီရန်နှင့် ကမ္ဘာ့နိုင်ငံကြီးများ ရရှိခဲ့သော သဘောတူညီချက်ကို ထရန့်က ပြန်လည်ပယ်ဖျက်ရန် မိမိတို့ ခွင့်ပြုပေးနိုင်မည် မဟုတ်ကြောင်း သမ္မတ ရိုဟာနီက တီဟီရန်တက္ကသိုလ်၌ မိန့်ခွန်းပြောကြားရာတွင် ဖော်ပြသည်။ ယင်းမိန့်ခွန်းကို နိုင်ငံပိုင် ရုပ်မြင်သံကြားဌာနက တိုက်ရိုက်ထုတ်လွှင့်သည်။

အီရန်နိုင်ငံအပေါ် ပိုမို၍ သဘောထားတင်းမာသည့် မူဝါဒကို ချမှတ်ကျင့်သုံးဖွယ်ရှိမှုကို ထရန့်၏ ယခင်ထုတ်ဖော်ပြောဆိုချက်များက ပြသလျက်ရှိကြောင်း နိုင်ငံရေးလေ့လာသူများက ပြောကြားကြသည်။

ပြီးခဲ့သည့် ဇွန်လက ထရန့်၏ မှတ်ချက်စကားများ ပေါ်ထွက်လာခဲ့ပြီးနောက် နျူကလီးယား သဘောတူညီချက်တွင် မည်ကဲ့သို့သော ပြင်ဆင်ပြောင်းလဲချက်များ ပြုလုပ်ခြင်းကိုမဆို ကန့်ကွက်မည်ဟု အီရန်နိုင်ငံ၏ ဦးသျှောင် အယာတိုလာအလီခါမေနီကလည်း သတိပေးခဲ့ပြီးဖြစ်သည်။

**ရိုက်တာ။**

# မိုဆူးမြို့ အရှေ့တောင်ပိုင်းမှ မြို့လယ်ပိုင်းသို့ ဦးတည်ကာ အီရတ်တပ်ဖွဲ့ဝင်များ ချီတက်

**ဘဂ္ဂဒက် ဒီဇင်ဘာ ၆**

အီရတ်ကြည်းတပ် တပ်ဖွဲ့ဝင်များသည် မိုဆူးမြို့ အရှေ့တောင်ပိုင်းတွင် အိုင်အက်စ်တို့အား ချေမှုန်းတိုက်ခိုက်မှုသစ်များ ပြုလုပ်လျက်ရှိသည်။

ယင်းတိုက်ခိုက်မှုများ လုပ်ဆောင်နေသည့် အီရတ်အစိုးရတပ်ဖွဲ့မှ အထက်တန်း တပ်မှူးတစ်ဦးကပြောကြားရာ၌ စစ်သည်တင်သံချပ်ကာ တပ်ရင်းတစ်ရင်းသည် မိုဆူးမြို့လယ်ကို ဖြတ်သန်းစီးဆင်းနေသော တိုက်ဂရစ်မြစ်မှ



အနည်းဆုံး တစ်မိုင် (၁ ဒသမ ၅ ကီလိုမီတာ) ခန့်ကွာသို့ ချီတက်လျက်ရှိသည် ဆိုသည်။

မိုဆူးမြို့တွင်းသို့ ဦးတည်တိုက်ခိုက် ချီတက်နေသော အီရတ်တပ်ဖွဲ့များသည် မြို့တော်၏ အရှေ့တောင်ဘက် အိမ်နီးချင်း ဝါဒါအရပ်ရှိ ဆာလက်ဆေးရုံအထိ ရောက်ရှိသွားပြီး ၎င်းနေရာမှာ တိုက်ဂရစ်မြစ်ကမ်းနှင့် နီးကပ်နေပြီဖြစ်ကြောင်း ၎င်းမြို့အား တိုက်ပွဲဆင်နေသည့် အီရတ်တပ်ဖွဲ့များ၏ တပ်မှူး ဗိုလ်ချုပ် အဗ္ဗဒယ်အမီယာရတ်ရှ်ဒ်ရာလာ၏ ပြောကြားချက်ကို အီရတ်အစိုးရ ရုပ်မြင်သံကြားက ကောက်နုတ်ထုတ်လွှင့်ဖော်ပြသည်။

ယင်းထိုးစစ်သစ်ကို ဒီဇင်ဘာ ၆ ရက် နံနက် ၆ နာရီတွင် အစိုးရတပ်ဖွဲ့ဝင် အင်အားသစ်များ ကျောထောက်နောက်ခံ ပြုလုပ်ခဲ့ကြောင်း၊ စစ်ဆင်ရေး၏ ရည်ရွယ်ချက်မှာ အိုင်အက်စ်အဖွဲ့မှ စစ်သွေးကြွများအား တိုက်ခိုက်ရန်ဖြစ်သည်။

မိုဆူးမြို့ အရှေ့ဘက်ရှိ အီရတ်အစိုးရတပ်ဖွဲ့များအား အိုင်အက်စ်စစ်သွေးကြွများက တန်ပြန်ဆန့်ကျင်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြသည်။ **ဆင်ဟွာ။**

# တိဗက်ဒေသ လာဆာမြို့တော်လေဆိပ်၌ ယခုနှစ်တွင် ခရီးသည် ဝင်ထွက်မှု သုံးသန်းကျော်လွန်

**လာဆာ ဒီဇင်ဘာ ၆**

တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့တော် လာဆာရှိ ကွန်းဂါလေဆိပ်၌ ယခုနှစ်အတွင်း ခရီးသည် အဝင်အထွက် သုံးသန်းကျော်လွန်သွားပြီဖြစ်ကြောင်း၊ ယင်းမှာ တိဗက်ဒေသ၌ အရပ်ဘက်လေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း အလျင်အမြန် ဖွံ့ဖြိုးလာမှုကို ပြသနေခြင်းဖြစ်ကြောင်း ယနေ့ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့တော် လာဆာရှိ လေဆိပ်ကို ၁၉၆၅ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ခရီးသည် ဝင်ထွက်သွားလာမှု ဦးရေမှာ ၂၀၀၆ ခုနှစ်တွင် တစ်သန်းခန့်ရှိကာ ၂၀၁၃ ခုနှစ်တွင် နှစ်သန်းခန့်ထိရှိလာခဲ့သည်။

တိဗက်ဒေသ၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း မြန်ဆန်ခြင်းနှင့် ယင်းဒေသ၏ လူမှုဝန်းကျင် တည်ငြိမ်အေးချမ်းမှုများအပေါ်တွင် အဆိုပါဒေသသို့လာရောက်သည့်ခရီးသည်များ၏ ယုံကြည်အားထားမှုမြင့်တက်လာခြင်းကြောင့် ခရီးသွားလာမှုဦးရေ အလျင်အမြန် တိုးပွားလာခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ မြို့ပြလေကြောင်းပို့ဆောင်ရေးလုပ်ငန်းမှ အထက်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ တိဗက်ဒေသအား လတ်တလောတွင် လေကြောင်းလိုင်း ၇၁ ခု ပျံသန်းလျက်ရှိသည်။ **ဆင်ဟွာ။**

# ကျေးလက်အိမ်ရာများနှင့် လမ်း၊ တံတားများ စနစ်တကျ နေရာချထားပြီး မြေငှားဂရန်များ ပြုလုပ်ပေးရန်နှင့် အသေးစား၊ အလတ်စား ကုန်ထုတ်လုပ်ငန်းများဖြင့် ဘက်စုံဖွံ့ဖြိုးအောင် စီမံချက်ချမှတ်အကောင်အထည်ဖော်ပေးနိုင်ရန် အဆိုကို လက်ခံဆွေးနွေးရန် သဘောတူ

**နေပြည်တော် ဒီဇင်ဘာ ၆**

ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်မြင့်မားရေးအတွက် ကျေးလက်အိမ်ရာများနှင့် လမ်း၊ တံတားများ စနစ်တကျ နေရာချထားပြီး မြေငှားဂရန်များ ပြုလုပ်ပေးရန်နှင့် အဆင့်မြင့်လယ်ယာစိုက်ပျိုးမွေးမြူရေး လုပ်ငန်းအပါအဝင် အသေးစား၊ အလတ်စား ကုန်ထုတ်လုပ်ငန်းများဖြင့် ဘက်စုံဖွံ့ဖြိုးအောင် စီမံချက်ချမှတ် အကောင်အထည်ဖော်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူလိုက်သည်။

ယင်းအဆိုကို ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေး ၁၂ ရက်မြောက်နေ့တွင် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးက တင်သွင်းခဲ့ခြင်းဖြစ်ပြီး အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြေညာထားသည်။

အဆိုရှင် ဦးသောင်းအေးက ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှုလျှော့ချရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် အခြေခံလိုအပ်ချက်မှာ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ ကျေးလက်မီးလင်းရေး၊ စီးပွားရေးလုပ်ငန်းများ ကောင်းမွန်ပြီး ဝင်ငွေတိုးတက်ရရှိရေးဖြစ်ပါကြောင်း၊ ယင်းအခြေခံလိုအပ်ချက်များကို ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ယခင်ရှာဟောင်းပုံစံအတိုင်း ဆောင်ရွက်နေကြခြင်းဖြစ်သည့်အတွက် အကျိုးဖြစ်ထွန်းသင့်သလောက် ဖြစ်ထွန်းမလာသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ဘဝ ဆင်းရဲနိမ့်ကျနေသည့် အခြေအနေမှ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သည့်နေရာတွင် အထောက်အကူပြုစေရန် ယခုအဆိုကို တင်သွင်းရခြင်းဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ယနေ့အစည်းအဝေးတွင် လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၏ အများပိုင်သမဝါယမအသင်းများ၏ မြေနေရာများ၊ အဆောက်အအုံများအား မည်သို့ စီမံဆောင်ရွက်ထားသည်ကို ကြပ်မတ်စစ်ဆေး၍ အစုရှယ်ယာထည့်ဝင်ထားသော ပြည်သူများအား အမြတ်ဝေစုများ ပေးအပ်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တင်ပြရလျှင် သမဝါယမဦးစီးဌာန၌ မှတ်ပုံတင်ဖွဲ့စည်းထားသော သမဝါယမအသင်းပေါင်း ၄၀၄၈၅ သင်းရှိပါကြောင်း။



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာအောင်သူ



လှိုင်မဲဆန္ဒနယ်မှ
ဦးအောင်ကျော်ကျော်ဦး



ပျော်ဘွယ် မဲဆန္ဒနယ်မှ
ဦးသောင်းအေး

သမဝါယမအသင်းများသည် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ဖြစ်ပါကြောင်း၊ အသင်း၏စီးပွားရေး လုပ်ငန်းများ၊ ကိစ္စရပ်များကို အသင်း၏အမြင့်ဆုံး အာဏာပိုင်အဖွဲ့အစည်းဖြစ်သော အရပ်ရပ်ဆိုင်ရာ အစည်းအဝေးဆုံးဖြတ်ချက်များဖြင့် ဆောင်ရွက်ရပါကြောင်း၊ သက်ဆိုင်ရာသမဝါယမအသင်းပိုင်ငွေကြေး၊ ရင်းနှီးပစ္စည်းများ ကြပ်မတ်စစ်ဆေးခြင်းနှင့်ပတ်သက်၍ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း သမဝါယမအသင်းစာရင်းများကို ၆ လတစ်ကြိမ် စစ်ဆေးခြင်းနှင့် ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် ၃လ အတွင်း နှစ်ချုပ်စာရင်း စစ်ဆေးခြင်းတို့ကို သမဝါယမဦးစီးဌာနမှ ဥပဒေနှင့်အညီ ကြပ်မတ်စစ်ဆေးလျက် ရှိပါကြောင်း။

အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်ကာလအတွင်း သမဝါယမအသင်း ၄၀၀၁၈ သင်း၏ အသင်းအရပ်ရပ်ဆိုင်ရာ အစည်းအဝေးများကျင်းပပြီး နှစ်ချုပ်ဘဏ္ဍာရေးစာရင်းများ၊ အသင်း၏ရှေ့လုပ်ငန်းစဉ်များကို အသင်းသားအားလုံးသို့ ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်းခြင်းနှင့် အသင်းသားများထံ အစုအပေါ်အမြတ်ငွေများ ခွဲဝေပေးရန် လမ်းညွှန်ခဲ့ပြီးဖြစ်ပါကြောင်း။

သမဝါယမဦးစီးဌာနအောက်ရှိ သမဝါယမဦးစီးဌာနရုံးအဆင့်ဆင့်များ၊ သမဝါယမတက္ကသိုလ်/ကောလိပ်များနှင့် သင်တန်းကျောင်းများမှ အသုံးပြုလျက်ရှိသည့် နိုင်ငံပိုင် မြေ/အဆောက်အအုံများအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုတွင် မြေကွက် ၃၁၆ ခု၊ ဧရိယာ ၄၃၅ ဒသမ ၂၃၃ ဧကနှင့် အုပ်ချုပ်မှုနှင့်ဝန်ထမ်းအိမ်ရာ စုစုပေါင်း အဆောက်အအုံ ၅၄၀ ခုနှင့် အခန်းပေါင်း ၈၈ ခန်းရှိပါကြောင်း၊ နိုင်ငံပိုင်မြေ/အဆောက်အအုံ/အခန်းများစာရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/မြို့နယ်များအလိုက် စနစ်တကျမှတ်တမ်းများ ပြုစုထိန်းသိမ်းထားရှိပြီး ဌာနမှ အသုံးပြုလျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်းနှင့် ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍လည်း ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည်တင်သွင်းသည့် "မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးရေးစရိတ်ချေးငွေ ထုတ်ချေးရာတွင် ကျေးရွာဘဏ်ကော်မတီများကို စနစ်တကျဖွဲ့စည်း၍ ကျေးရွာအရောက် သွားရောက်ချေးပေးသောပုံစံ ပြောင်းလဲဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း" အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၁၀) ဦးတို့က ဆွေးနွေးကြသည်။

ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်းက စိုက်ပျိုးစရိတ်ချေးငွေများကို နှစ်စဉ်လိုလို တောင်သူလယ်သမားများထံ အချိန်မီ ထုတ်ချေးပေးနိုင်ခဲ့ခြင်းမရှိပါကြောင်း၊ မြို့နယ်တစ်မြို့နယ်တွင် ကျေးရွာအုပ်စု အနည်းဆုံး ၄၀ မှ ၅၀ အထိရှိပြီး အများဆုံး ၁၀၀ ကျော်အထိ ရှိပါကြောင်း၊ တစ်နေ့လျှင် ကျေးရွာအုပ်စု ၁ စု၊ အများဆုံး ၂ အုပ်စု ထက်ပို၍ စိုက်ပျိုးစရိတ် ထုတ်ချေးမပေးနိုင်သည်ကို တွေ့ရပါကြောင်း၊ ထိုသို့ ထုတ်ချေးပေးရသည့်အတွက် အချိန်အနည်းဆုံး တစ်လခွဲမှ နှစ်လအထိ ကြာသွားပါကြောင်း၊ ထိုသို့ ဖြစ်ရခြင်းမှာ ဝန်ထမ်းအခက်အခဲပြဿနာ၊ နေရာအခက်အခဲ ပြဿနာကြောင့်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရာတွင် ကျေးရွာဘဏ်ကော်မတီများကို စနစ်တကျဖွဲ့စည်း၍ ကျေးရွာအရောက် သွားရောက်ချေးပေးသင့်ပါကြောင်း ဆွေးနွေးသည်။

ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်က တောင်သူများသည် မိမိတို့၏ ကျေးရွာများမှ မြို့နယ်စိုက်ဘဏ်များသို့ သွားကြရသည့်အခါ ဒေသအလိုက်ကုန်ကျစရိတ်သည် ပျမ်းမျှ ငွေကျပ် ၅၀၀၀ ခန့်ရှိပါကြောင်း၊ တောင်သူဦးရေ ၁၀၀၀ ခန့်ရှိသည့် အုပ်စုတစ်ခုတွင် တစ်နေ့တာ ဆုံးရှုံးရသည့် ကုန်ကျစရိတ်သည် သိန်း ၅၀ ခန့်ရှိပါကြောင်း၊ အကယ်၍ ကျေးရွာအရောက် သွားရောက်ထုတ်ပေးမည်ဆိုပါက ဘဏ်ဝန်ထမ်း ၃ ဦးမှ ၅ ဦးအထိနှင့် လုံခြုံရေးရဲတပ်သားအချို့သာ သွားရမည်ဖြစ်ပါကြောင်း၊ တောင်သူ ၁၀၀၀ ၏ လုပ်အားနှင့် ဝန်ထမ်းအနည်းငယ်၏လုပ်အား လဲလှယ်လိုက်ရသည့်အတွက် ကျေးရွာအုပ်စုတစ်ခုအတွက် ငွေကျပ်သိန်း ၅၀ အလဟဿဆုံးရှုံးသွားမည်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဆိုလျှင် နိုင်ငံသားများ၏ငွေများ မည်မျှဆုံးရှုံးမည်ဆိုသည်ကို မူဝါဒချမှတ်သူများအနေဖြင့် ပြန်လည်သုံးသပ်နိုင်ရန် အကြံပြုပါကြောင်း ဆွေးနွေးသည်။

ထို့အတူ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး၊ လောင်းလုံမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ၊ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၊ အရာတော်မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်သင်း၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ သာယာဝတီ မဲဆန္ဒနယ်မှ ဦးအောင်မြင့်၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းတို့ကလည်း အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးအကြံပြုကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း အစီအစဉ်များကို ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူထက်(သတင်းစဉ်)**

# စနစ်တကျကျွမ်းကျင်အောင် သင်ကြားတတ်မြောက်ထားပါက ကုသခြင်းကို တားမြစ်ပိတ်ပင်ထားခြင်းမရှိ

**နေပြည်တော် ဒီဇင်ဘာ ၆**

အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတို့၏ ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ပြင်ဆင်ဖွဲ့စည်းခြင်းကို ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက လွှတ်တော်၏ သဘောတူညီချက်ဖြင့် အတည်ပြုခဲ့သည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၏ စစ်ကိုင်းမြို့ခုတင် (၂၀၀)ဆံ့ ဆေးရုံကြီးတွင် လက်ရှိလိုအပ်လျက်ရှိသည့် အထူးကုဆရာဝန်များနှင့် ဆေးရုံသုံးပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဥပဒေရေးရာဆေးပညာ အထူးကုဆရာဝန်များ မွေးထုတ်ပေးနိုင်မှုနည်းပါးရခြင်းမှာ ဘာသာရပ်အား စိတ်ဝင်စားသော ဆရာဝန်အရေအတွက် နည်းပါးသဖြင့် ဘွဲ့လွန်သင်တန်း လျှောက်ထားသူ နည်းပါးသည့်အတွက်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးတွင် လတ်တလော ခန့်အပ်ပေးနိုင်ခြင်း မရှိသေးပါကြောင်း။

ဥပဒေရေးရာဆေးပညာ အထူးကုဆရာဝန်များ ရှားပါးနေမှုကို လတ်တလောဖြေရှင်းရန်အတွက် ၂၀၁၅ ခုနှစ်အတွင်း ဥပဒေရေးရာ ဆေးပညာဌာနများမှ ပါမောက္ခ/ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ ဦးဆောင်၍ ဥပဒေရေးရာဆေးပညာ ဉာဏ်သစ်လောင်းသင်တန်းများကို တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဆေးရုံကြီးများမှစ၍ ခုတင် (၁၀၀) ဆံ့ ဆေးရုံအဆင့်အထိ လက်ထောက်ဆရာဝန်များအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သင်တန်းပေးနေပါကြောင်း၊ လစ်လပ်လျက်ရှိသော အထူးကုဆရာဝန်ရောဂါဗေဒ



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမြင့်ထွေး



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း

နှင့်ပတ်သက်၍ မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ခန့်ထားသူ ၉၇ ဦးရှိပြီး လစ်လပ် ၁၁၉ ဦးရှိပါကြောင်း၊ ရောဂါဗေဒ အထူးကုဆရာဝန် အများစုမှာ ဆေးတက္ကသိုလ်များတွင် သင်ကြားရေးဆရာဝန်များအဖြစ် ရှိနေပါကြောင်း၊ အဆိုပါရောဂါဗေဒ အထူးကုဆရာဝန်များအား လုပ်ငန်းလိုအပ်ချက်ရှိသော ဆေးရုံများသို့ ခွဲဝေနေရာချထားပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ဦးစားပေး ထည့်သွင်းစဉ်းစားပေးမည် ဖြစ်ပါကြောင်း။

စစ်ကိုင်းပြည်သူ့ဆေးရုံကြီးမှ လိုအပ်ချက်ရှိ၍ ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း တင်ပြတောင်းခံလာသော Ultrasound Machine, ECG Machine, GA Machine, Patient Monitor အပါအဝင် ဆေးရုံသုံးပစ္စည်း ၂၉ မျိုးအား ထောက်ပံ့ပေးခဲ့ပါကြောင်း၊ ဆေးရုံပေါင်း ၁၀၀၀ ကျော်ရှိသည့်အတွက် အမြဲတမ်း အချိန်နှင့်တစ်ပြေးညီ သိရှိရန် ကြိုးစားလျက်ရှိပါကြောင်း၊ စစ်ကိုင်းပြည်သူ့ဆေးရုံကြီးသို့ CT Scan, Portable X-ray, Renal Dialysis, Endscope, Oxygen Plant များအား ထပ်မံထောက်ပံ့ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်)၏ တရုတ်ပြည်မှ အပ်စိုက်ဗေဒပညာရပ်နှင့် အိန္ဒိယ အာယုဗေဒ ဘာသာရပ်တို့ကို ဆက်လက်ပို့ချ၍ ကုသခန်းတွင် အသုံးပြုခွင့် ရှိ၊ မရှိနှင့် မည်သည့်ကာလတွင် စတင်ကုသခွင့်ပြုမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တရုတ်အပ်စိုက်ကုပညာရပ်များနှင့်ပတ်သက်၍ ဓာတ်အပ်စိုက်ဆိုသည်မှာ ဓာတ်အပ်သုံးပြီး ကြွက်သားတွင်းသို့ ထိုးသွင်းခြင်း၊ စိုက်ခြင်းဖြင့် ခေါင်းကိုက်၊ ပါးရွဲ့၊ လေဖြတ်၊ ထုံကျဉ်ခြင်းတို့တွင် အသုံးများသည်ကို သိရှိရပါကြောင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း လက်ရှိဥက္ကဋ္ဌကို မေးမြန်းခဲ့ရာ ၎င်းမှ မြန်မာ့တိုင်းရင်းဆေးပညာရပ်တွင် တရုတ်အပ်စိုက်ဗေဒဘာသာရပ် (Acupuncture) မပါရှိပါကြောင်း၊ မြန်မာ့ဓာတ်အပ်စိုက်ပညာအနေဖြင့် ရှိပြီး သိမ်ဖြူမြန်မာ့အကြောပြင် အတတ်ပညာကျမ်းစာအုပ်တွင် ရေးသားဖော်ပြ၍ သာလွန်မင်းလက်ထက် ဗားမဲ့ကျမ်းစာအုပ်တွင် ပါရှိပါကြောင်း။

ယနေ့အထိ တိုင်းရင်းဆေးဆရာမှတ်ပုံတင် ရရှိပြီးသော မြန်မာ့တိုင်းရင်းဆေးပညာရှင် ၇၁၁၅ ဦးရှိပါကြောင်း၊ ၎င်းတို့သည် ၁၉၆၂ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သော (၃)ဘာသာ စာမေးပွဲအောင်မြင်သူများ၊ (၄)ဘာသာ စာမေးပွဲအောင်မြင်သူများ၊ (၁)နှစ်သင်တန်းဆင်းများ၊ ဒီပလိုမာရရှိပြီးသူများ၊ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ B.M.T.M ရရှိသူများစသဖြင့် အမျိုးအစား (၅)မျိုးရှိပြီး သင်ကြားနာယူခဲ့ရသည့် ဘာသာရပ်များနှင့် သင်ရိုးညွှန်းတမ်းများ သည်လည်း ကွဲပြားမှုရှိပါကြောင်း၊ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❖

# အဆိပ်သင့်သတင်းများနှင့် အနောက်ဘက်တံခါး

## သပြေ

ယခုအခါ ပဋိပက္ခများစွာကို လှုပ်နှိုးနေသော ကမ္ဘာ့ဇာတ်ခုံကြီးများ၏နောက်ကွယ်မှ ဂန္ထဝင်ဇာတ်ညွှန်းဆရာကြီးများဟု တင်စားခေါ်ဝေါ်နိုင်သည့် နိုင်ငံတကာ မီဒီယာကြီးများ၏စွမ်းပကားမှာ "ဆင်သွားတိုင်းလမ်းဖြစ်သည်"ဟူ၍သုံးသပ်မိရင်း ၎င်းတို့၏ အပြုသဘောစွမ်းဆောင်ရည်ကို အသုံးချနိုင်ပါက ငြိမ်းအေးသာယာဝပြောမှုအတွက် ဖန်တီးနိုင်စွမ်းရှိပုံကိုလည်း တွေးတောမိလေသည်။

ပဋိပက္ခများစွာ၏ ပြဿနာအကြောင်းရင်းကို ရှာဖွေစေ့ငုရင်း ယခုနှစ် အောက်တိုဘာလ ၉ ရက်နေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း နယ်မြေလုံခြုံရေးတာဝန်ယူဆောင်ရွက်ရသော နယ်ခြားစောင့်ရဲတပ်ဖွဲ့ဌာနချုပ်နှင့် ကင်းစခန်းနှစ်ခုကို စီးနင်းတိုက်ခိုက်ခံရသည့်ဖြစ်စဉ်ကို ဆန်းစစ်မိသည်။

### ရုပ်ဆိုးအကျည်းတန်

ထိုနေ့က နံနက်အရုဏ်တက်ချိန်တွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဌာနချုပ်နှင့် ကင်းစခန်းနှစ်ခုအား အကြမ်းဖက်သမားများက လူအုပ်စုဖွဲ့၊ အင်အားသုံးကာ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အလစ်အငိုက်ဝင်ရောက်ပြီး စီးနင်းတိုက်ခိုက်ခဲ့ကြသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ပြီး လက်နက်ခဲယမ်းများကို ယူဆောင်သွားခဲ့ကြသည်။ ဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင် ကိုးဦး ကျဆုံးသကဲ့သို့ လက်နက်ခဲယမ်းများစွာလည်း ဆုံးရှုံးပါရှိသွားခဲ့သည်။

ဖြစ်စဉ်အားသုံးသပ်ပါက ကြိုတင်အချိန်ယူပြင်ဆင်စီမံပြီး အကွက်ချလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ကို သိရှိနိုင်သကဲ့သို့ အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ပြောင်ပြောင်တင်းတင်း ထိပါးလိုက်ခြင်းပင်ဖြစ်သည်။

ထို့ပြင် အကြမ်းဖက်သမားများ ဆုတ်ခွာရာလမ်းကြောင်းတစ်လျှောက် နယ်မြေရှင်းလင်းရေး ဆောင်ရွက်သော လုံခြုံရေးတပ်ဖွဲ့များကိုလည်း အကြမ်းဖက်သမားများက ကျေးရွာများအတွင်း၌ပင် ရွာသားများအသွင်ယူကာ ချုံခိုတိုက်ခိုက်ခြင်းများ ဆက်လက်ပြုလုပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထပ်မံထိခိုက်ကျဆုံးကာ လက်နက်ခဲယမ်းအချို့လည်း ဆုံးရှုံးခဲ့ရပြန်သည်။

### တည်ငြိမ်အေးချမ်းရေး

နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ် မောင်တောဒေသ၏ နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့်အတူ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုလည်း ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်နေသည်။

အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရမှုဖြစ်စဉ်မှ ဆုံးရှုံးခဲ့ရသည့် လက်နက်ခဲယမ်းများ အကြမ်းဖက်သမားများလက်ဝယ်တွင်ရှိနေသမျှ နယ်မြေတည်ငြိမ်အေးချမ်းမှုကို ထိပါးနိုင်မည့်အရေး မြော်တွေးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်ရှင်းလင်းမှုများ ပြုလုပ်နေသည်။ တစ်ဆက်တည်းမှာပင် ဖြစ်စဉ်ဖြစ်ပွားချိန်တွင် ဖမ်းဆီးရမိသူများ၊ စစ်ဆေးမေးမြန်းချက်နှင့် အခြားသတင်းများအရ ဖော်ထုတ်ဖမ်းဆီးရမိသူများကို အကြမ်းဖက်ဖြစ်စဉ်များ၌ ပါဝင်ပတ်သက်မှုအတိမ်အနက်အလိုက် ဥပဒေနှင့်အညီ အရေးယူနိုင်ရန် စိစစ်ဆောင်ရွက်ခြင်းကိုလည်း စနစ်တကျဖြင့် မှတ်တမ်းထားဆောင်ရွက်နေသည်။



နတ်မြစ်တစ်လျှောက် နယ်ခြားစောင့် ရေကြောင်းရဲတပ်ဖွဲ့ဝင်များ ပိတ်ဆို့ရှင်းလင်းရေးဆောင်ရွက်နေစဉ်။

### သတင်းမှန်ထုတ်ပြန်

မောင်တောဒေသကို စစ်ဆင်ရေးနယ်မြေသတ်မှတ်ဆောင်ရွက်နေချိန်ကာလအတွင်း နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ နယ်မြေဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို နိုင်ငံတော်အစိုးရက အလေးထားပြီး ပွင့်လင်းမြင်သာစွာဖြင့် လျင်မြန်စွာ သတင်းထုတ်ပြန်ပေးလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံပိုင်မီဒီယာများအပါအဝင် ပြည်တွင်းမီဒီယာများစွာကလည်း သတင်းမှန်များ အဆက်မပြတ်ဖော်ပြပေးလျက်ရှိနေရာ ပြည်ပမီဒီယာများအနေဖြင့်လည်း ယုံကြည်စိတ်ချရသော သတင်းအခြေအမြစ်များမှ တိကျမှန်ကန်ပြီး စစ်မှန်ခိုင်မာသည့် သတင်းများကို ရယူဖော်ပြလျက်ရှိနေကြသည်။

ထို့ပြင် နိုဝင်ဘာလ ၂ ရက်နေ့နှင့် ၃ ရက်နေ့များတွင် နိုင်ငံတော်အစိုးရနှင့် ရခိုင်ပြည်နယ်အစိုးရတို့မှ တာဝန်ရှိသူများသည် UNDP မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများနှင့်အတူ ရခိုင်ပြည်နယ်ရှိ မောင်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်များသို့ သွားရောက်ကာ အကြမ်းဖက်သမားများ၏ ကျူးလွန်မှု၊ နယ်မြေလုံခြုံရေးဆောင်ရွက်နေမှု၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုအခြေအနေများကို မျက်မြင်လေ့လာခွင့်ရရှိကြပြီး ကုလသမဂ္ဂ ညှိနှိုင်းရေးမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးများ၏ ၎င်းခရီးစဉ်နှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကိုလည်း နိုဝင်ဘာလ ၄ ရက်နေ့တွင် ရန်ကုန်မြို့ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၌ ပြုလုပ်ခဲ့သည်။

### ပဋိပက္ခ ဂယက်ထ

မွတ်စလင်အစွန်းရောက်အဖွဲ့အစည်းအချို့ကမူ ၎င်းတို့လုပ်ကြံဖန်တီးထားသော လူမျိုးစုအမည်ဖြင့် အင်တာနက်လူမှုကွန်ရက်တစ်ခုကို ဖန်တီးပြီး အောက်တိုဘာလ ၉ ရက်နေ့ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်၏ ဥပဒေချိုးဖောက်မှုများကို ဘေးချိတ်ကာ အကြမ်းဖက်သမားများကိုပင် သူရဲကောင်းများသဖွယ် အမွှမ်းတင်၍ ထုတ်လွှင့်ခဲ့သည်။ တစ်ဆက်တည်းမှာပင် လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေရှင်းလင်းရေးလုပ်ဆောင်နေမှုအပေါ် ကျေးရွာများတွင် မီးရှို့ဖျက်ဆီးမှု၊ ပစ္စည်းများ လုယက်ယူဆောင်မှု၊ အဓမ္မပြုကျင့်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှု၊ အင်အားသုံးဖြိုခွဲမှု၊ အစုလိုက်အပြုံလိုက် လူမျိုးတုံးသတ်ဖြတ်မှုများ ကျူးလွန်သယောင် စွပ်စွဲမှုမျိုးစုံပြုလုပ်ကာ ဝါဒဖြန့်သတင်းများဖြင့် လုပ်ကြံထုတ်လွှင့်ခြင်းကို စီစဉ်ပြုလုပ်လာသည်။

ထိုသို့ စွပ်စွဲလုပ်ကြံဖန်တီးထားသော သတင်းအတုအယောင်များ၊ အဖြစ်မှန်နှင့် ကွဲလွဲသောသတင်းမှားများကို ဘာသာရေးအသိုင်းအဝိုင်းများကလည်း ထပ်ဆင့်ဖြန့်ဝေမှုနှင့်အတူ နိုင်ငံတကာမီဒီယာများထံ အစီအစဉ်ရှိစွာဖြင့် အဆက်မပြတ်ပေးပို့လျက်ရှိကြသည်။ နိုင်ငံတကာမီဒီယာကြီးများအနေဖြင့်လည်း ထပ်ကာထပ်ကာပေးပို့လာသော သတင်းမှားများအပေါ် အခြေခံပြီး တစ်လေသံတည်း ထပ်ဆင့်ထုတ်လွှင့်ဖော်ပြခဲ့ကြရာမှ မောင်တောဒေသတွင် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုနှင့် ဥပဒေချိုးဖောက်ကျူးလွန်မှုများကြောင့် စတင်ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များမှာ မှုန်ဝါးသွားပြီး လုပ်ကြံပုံဖော်ထားသော သတင်းမှားများ တစ်နည်းအားဖြင့် မုသာဝါဒများက ကမ္ဘာတစ်ဝန်းသို့ ပျံ့နှံ့လွှမ်းခြုံသွားလေသည်။

လူမျိုးရေး/ဘာသာရေး ခွဲခြားဖိနှိပ်မှု၊ လူမျိုးတုံးသတ်ဖြတ်မှု(Genocide)၊ လူမျိုးရေးသန့်စင်မှု (Ethnic Cleansing) စသည့် ပုံကြီးချဲ့သတင်းများ ထွက်ပေါ်လာမှုနှင့်အတူ နောက်ကွယ်မှ လက်မည်းကြီးများကလည်း ထပ်ဆင့်လှုံ့ဆော်ကြပြန်ရာ နားယောင်သူအချို့မှာ မခံမရပ်နိုင်ဖြစ်ကာ နိုင်ငံအချို့တွင် ဆန္ဒပြပွဲများပြုလုပ်ခြင်း၊ ပြည်ပရှိ လူနည်းစု မြန်မာနိုင်ငံသားများ ခြိမ်းခြောက်ခံရခြင်း စသည်ဖြင့် ပဋိပက္ခမျိုးစုံကို ဂယက်ထ ဆူပွက်စေခဲ့သည်။

ထို့အတူ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံအချို့မှ တာဝန်ရှိသူများကလည်း သံယောင်လိုက်ပြီး လူသားချင်းစာနာထောက်ထားမှုပြကာ ပန်းယူခြင်း၊ စွက်ဖက်ခြင်း၊ ဖိအားပေးခြင်းများဖြင့် "ပွဲလန့်တုန်းဖျာခင်း" ဆိုသကဲ့သို့ ပွဲဆူအောင် တွန်းပို့ကြလေသည်။



အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများနှင့် အပေါင်းပါများ မီးရှို့ဖျက်ဆီးသွားခဲ့သည့် ကျေးရွာကို တပ်မတော်စစ်ကြောင်းများက ဤသို့ ဝိုင်းဝန်းမီးငြိမ်းသတ်ပေးခဲ့သည်။

### အမှန်တရားဖြင့် တုံ့ပြန်

နိုင်ငံတကာမီဒီယာကြီးများ၏ အခြေအနေမှန်ကို မျက်ကွယ်ပြုပြီး သတင်းအတု၊ အယောင်၊ အမှားဖြင့် ရောထွေးထိုးနှက်လာသော ဝါဒဖြန့်သတင်းများအပေါ် အမှန်တရားဖြင့်သာ တုံ့ပြန်ရမည်ဖြစ်ပါ၏။ အရေးပေါ်သတင်းထုတ်ပြန်ရေးအဖွဲ့သည် ရခိုင်ပြည်နယ် မောင်တောဒေသသို့ သွားရောက်ပြီး နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ မြေပြင်သတင်းများ ထုတ်ပြန်ပေးလျက်ရှိသည်။

"ကျွန်တော်တို့ရွာမှာ အိမ်ခြေ ၂၃၀ ခန့်ရှိပါတယ်။ ရွာသားတွေ နေရပ်စွန့်ခွာသွားတယ်ဆိုတာကလည်း အခြေအနေမှန်ကို နားမလည်ဘဲ စိုးရိမ်ထိတ်လန့်စိတ်နဲ့ သွားကြတာပါ။ အခုတော့ ရွာမှာ ပြန်လည်ဝင်ရောက်နေထိုင်ကြပြီဖြစ်ပါတယ်။ နယ်ခြားစောင့်ရဲတပ်ဖွဲ့နဲ့ တပ်မတော်သားတွေက အဓမ္မပြုကျင့်တာမရှိပါဘူး။ ပေါ်တာဆွဲတာလည်းမရှိပါဘူး။ ကြားလည်း မကြားမိပါဘူး။ ကျွန်တော်တို့အနေနဲ့ အေးအေးချမ်းချမ်းပဲ နေချင်ပါတယ်"ဟူ၍ မောင်တောမြို့နယ် ပြောင်ပိုက်ကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးနူဟူစိန်က နိုဝင်ဘာလ ၆ ရက်နေ့တွင် ၎င်းကျေးရွာ၌ သတင်းအဖွဲ့နှင့် တွေ့ဆုံစဉ်ပြောကြားခဲ့မှုကို သတင်းထုတ်ပြန်ပေးခဲ့သည်။

ထိုသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေရှင်းလင်းရေးဆောင်ရွက်မှုအပေါ် မုဒိမ်းမှုကျူးလွန်ခြင်း၊ လိင်ပိုင်းဆိုင်ရာ စော်ကားကျူးလွန်ခြင်း စသည့် ကောလာဟလစွပ်စွဲချက်များမှာ လုပ်ကြံမှုသက်သက်သာဖြစ်ကြောင်း ၎င်းကျေးရွာများသို့ နိုဝင်ဘာလ ၆ ရက်နေ့က သတင်းအဖွဲ့ သွားရောက်တွေ့ဆုံမေးမြန်းမှုများပြုလုပ်ပြီး သတင်းများ ထုတ်ပြန်ခဲ့သည်။


ကောလာဟလစွပ်စွဲချက်များနှင့် ပတ်သက်၍ ငါးစကြူးကျေးရွာအုပ်ချုပ်ရေးမှူး ဦးမာမက်ဆော်လင် ပြောလိုက်ပုံက-

"အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုမှာ ပါဝင်ပတ်သက်တဲ့သူတွေကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ရှာဖွေဖော်ထုတ်ဖမ်းဆီးတာကို အထင်အမြင်လွဲပြီး ရွာသူရွာသားတွေက တိမ်းရှောင်သွားခဲ့တာဖြစ်ပါတယ်။ ဒီလိုနယ်မြေလုံခြုံတည်ငြိမ်ရေးအတွက် ဆောင်ရွက်နေတဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့နဲ့ တပ်မတော်သားတွေက အဓမ္မပြုကျင့်မှုတွေဖြစ်ခဲ့တယ်ဆိုတာ မဟုတ်ပါဘူး။ ပေါ်တာဆွဲတာလည်း အခုအချိန်အထိ မရှိပါဘူး။ မီးရှို့တာလည်း မရှိပါဘူး။ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်တွေကြောင့်သာ ကျေးရွာနေပြည်သူတွေ စိုးရိမ်စိတ်တွေ ဖြစ်ပေါ်ခဲ့ကြတာပါ"ဟူ၏။

လုံခြုံရေးတပ်ဖွဲ့ဝင်များက အပြစ်မဲ့ရွာသားများကို ပစ်ခတ်သတ်ဖြတ်ခြင်းများ မရှိကြောင်း၊ ပါဝင်ပတ်သက်နေသူများသာ ထွက်ပြေးတိမ်းရှောင်နေခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်သမားများ၏ လှုံ့ဆော်မှုကြောင့် ရွာသားအချို့မှာ နားယောင်ပြီး တိမ်းရှောင်မှုတွင် ပါဝင်နိုင်ကြောင်း၊ သို့သော်လည်း ယခုအခါ ပြန်လည်ရောက်ရှိနေထိုင်ကြပြီဖြစ်ကြောင်း၊ ကျေးရွာအများစုတွင်မူ ရွာသားများမှာ ထွက်ပြေးခြင်းမရှိကြဘဲ နေထိုင်လျက်ရှိကြောင်းလည်း မြေပြင်သတင်းများ ရယူထုတ်ပြန်နိုင်ခဲ့သည်။

စာမျက်နှာ ၇ သို့ ◆

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန်နှင့် ရုရှားသံအမတ်ကြီးတို့အား လက်ခံတွေ့ဆုံ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး Dr. Nikolay Listopadov အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန် ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မစ္စတာ ကိုဖီအာနန်က ဒုတိယအကြိမ်မြန်မာနိုင်ငံခရီးစဉ်တွင် ရခိုင်ပြည်နယ်သို့ သွားရောက်ခဲ့မှုအခြေအနေ၊ နိုင်ငံအကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးခဲ့မှုအခြေအနေ၊ ကော်မရှင်အနေဖြင့် လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပြန်လည်သင့်မြတ်ရေး၊ အသိုက်အဝန်းအသီးသီးကြားတွင် ထိတွေ့ဆွေးနွေးနိုင်ရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်သည့် အဆိုပြုချက်များကို ရေရှည်ကာလအတွက် အဓိကထား အကြံပြုတင်ပြသွားမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း လူသားချင်းစာနာထောက်ထားသည့် အကူအညီပေးမှုကိစ္စရပ်များတွင် ကူညီဆောင်ရွက်စေလိုကြောင်း ဆွေးနွေးပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဒေသတွင်းနေထိုင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် လိုအပ်သည်ကို သိရှိနားလည်ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သို့သော် နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်လုပ်ကိုင်ရန် လိုအပ်ကြောင်း၊ ယင်းသို့ နေထိုင်လုပ်ကိုင်ခြင်းမရှိဘဲ မိမိဘာသာရပ်တည်ချက်ဖြင့်နေထိုင်၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ခြင်း၊ နိုင်ငံတော်၏ ဥပဒေစည်းမျဉ်းများကိုဆန့်ကျင်ခြင်းတို့မှာ မဖြစ်နိုင်ကြောင်း၊ မိမိတို့အနေဖြင့်အမှန်အတိုင်းဖြစ်စေရန်၊ ဥပဒေနှင့်အညီဖြစ်စေရန်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြား၍ တပ်မတော်အနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးမည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးကြသည်။

အလားတူ မွန်းလွဲ ၂ နာရီတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး Dr. Nikolay Listopadov အား လက်ခံတွေ့ဆုံပြီး မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ကာလကြာရှည်စွာ ချစ်ကြည်ရင်းနှီးမှုရှိခဲ့သည့် ဆက်ဆံရေးသမိုင်းကြောင်းနှင့် ၁၉၈၉ ခုနှစ်မှစ၍ မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲမှုများတွင် ရုရှားနိုင်ငံမှ ကူညီလုပ်ဆောင်ပေးခဲ့မှု၊ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်ခိုင်မာခဲ့မှု၊ စစ်ဘက်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ပညာတော်သင်များတိုးမြှင့်စေလွှတ်ခြင်းအပါအဝင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်မည့် နယ်ပယ်အားလုံးတွင် တိုးမြှင့်လုပ်ဆောင်သွားမည့်အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## ကျေးရွာချင်းဆက် လမ်း၊ တံတားများ စစ်ဆေး

**မံစီ ဒီဇင်ဘာ ၆**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ကျော်ကောင်-မံဖွကျေးရွာချင်းဆက် သဲကျောက်ခင်းခြင်းလုပ်ငန်း၊ မံသဲ-ဟန်ထက်ကျေးရွာချင်းဆက်လမ်းပေါ်ရှိ တံတားသုံးစင်းနှင့် မြေသားတာပေါင်ပြုပြင်ခြင်းလုပ်ငန်း၊ စံလွန်ကျေးရွာအတွင်းလမ်းသဲကျောက်ခင်းခြင်းလုပ်ငန်းနှင့် ဆွတ်ဖယ်မလီလ်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော မံသာ-စီမွန်းကျေးရွာချင်းဆက်ကျောက်ချောခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၆ ရက်တွင် ဗန်းမော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသောင်းညွန့်၊ မံစီမြို့နယ် ဦးစီးမှူးနှင့် တာဝန်ရှိအင်ဂျင်နီယာများ သွားရောက်စစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လမ်း၊ တံတားများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန် ကုမ္ပဏီများကို မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ဝင်းမြင့်(ဗန်းမော်)**

◆ စာမျက်နှာ ၆ မှ

"အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု ဖြစ်စဉ်ဖြစ်ပွားတဲ့ ည ၈ နာရီခွဲအချိန်က အဲဒီဈေးဆိုင်ခန်းတွေ မီးလောင်မှုဖြစ်ပွားခဲ့တာပါ။ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်တွေ၊ ဒေသခံတိုင်းရင်းသားတွေ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့တာ ဖြစ်ပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက မီးရှို့တာ၊ အဓမ္မပြုကျင့်တာ၊ ပေါ်တာဆွဲတာတွေ မရှိပါဘူး။ ငါးခူရကျေးရွာမှာ ခေတ်အဆက်ဆက်မှာ ဒေသခံတိုင်းရင်းသားတွေနဲ့ ဘာသာခြားတွေ အတူတကွနေထိုင်ခဲ့ကြတာပါ။ အကြမ်းဖက်မှုတွေမရှိခဲ့ပါဘူး"ဟူ၍ ငါးခူရကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဂျော်ဂျီအောင်က နိုဝင်ဘာလ ၆ ရက်နေ့တွင် ၎င်းရွာ၌ သတင်းအဖွဲ့နှင့်တွေ့ဆုံပြီး အလေးထားပြောကြားခဲ့သည်ကိုလည်း သတင်းထုတ်ပြန်ခဲ့ပါသည်။

မောင်တောမြို့နယ် မြောက်ပိုင်းရှိ ဝါးပိတ်၊ ကြက်ရိုးပြင်နှင့် ဒါကြီးစားကျေးရွာများတွင် မီးလောင်ပျက်စီးမှုများရှိခဲ့ပြီး ၎င်းဖြစ်စဉ်များတွင် မီးရှို့ထွက်ပြေးသူများရှိကြောင်း နိုဝင်ဘာလ ၂၄ ရက်နေ့က သတင်းထုတ်ပြန်ပြီးဖြစ်သကဲ့သို့ မီးလောင်သည့် အိမ်ခြေစာရင်းအား HRW ၏စွပ်စွဲချက်နှင့် မြေပြင်စစ်ဆေးမှု ကွာခြားချက်များနှင့် နှိုင်းယှဉ်ပြီး နိုဝင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးအဖွဲ့မှ သတင်းစာရှင်းလင်းပွဲပြုလုပ်၍ ရှင်းလင်းပြောကြားခဲ့သည်။

ငါးခူရကျေးရွာမှ ဒေသခံတိုင်းရင်းသား ဦးလှမောင်သိန်းပြောလိုက်ပုံက "ကျေးရွာမှာရှိတဲ့ ဆိုင်ခန်းခြောက်ခန်းကို မီးမရှို့ခင်မှာ သူတို့က ဆိုင်အတွင်းမှာရှိတဲ့ ပစ္စည်းတွေ ရွှေ့ပြောင်းပြီးမှ မီးရှို့ခဲ့တာကို ကိုယ်တိုင်မြင်တွေ့ခဲ့ရပါတယ်။ လူနေအိမ်တွေ မရှို့ပါဘူး။ အိမ်ကောင်းကိုလည်း သူတို့ မီးမရှို့ပါဘူး" ဟူ၏။

မောင်တောခရိုင်အတွင်း အောက်တိုဘာလ ၉ ရက်နေ့ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုနှင့် နောက်ဆက်တွဲအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များမှ ပါဝင်ပတ်သက်နိုင်သူများအနက် မသင်္ကာသူ ၅၂၈ ဦးကို ဖမ်းဆီးရမိခဲ့ပြီး ၎င်းအနက် တရားရုံးပြီးပြတ်၍ ပြစ်ဒဏ်ချမှတ်သူ ၄၈ ဦး၊ ပြန်လည်စေလွှတ်သူ ကိုးဦး၊ တရားရုံး အာမခံပေးသူ တစ်ဦးနှင့် သေဆုံးသူ လေးဦးရှိကြောင်း ဒီဇင်ဘာလ ၁ ရက်နေ့က သတင်းထုတ်ပြန်ပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နေသည်။

ထိုသို့ဖမ်းဆီးထားသူများအနက်မှ "မာမွတ်ကာစီ" ဆိုသူမှ ၎င်းနှင့်လေးဦးတို့သည် နိုဝင်ဘာလ ၁၁ ရက်နေ့က မောင်နှမ(တောင်)ရွာအဝင် ဘေလီတံတားအမှတ်(၃၈)အနီးတွင် မိုင်းတစ်လုံးမြှုပ်နှံခဲ့ပြီး ဖောက်ခွဲရမည့်သံကြိုးအား လယ်ကွင်းပြင်၌ ထားခဲ့ကြောင်း၊ နိုဝင်ဘာလ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် ၎င်းနှင့် အခြားတစ်ဦး ပူးပေါင်းပြီး လယ်ကွင်းမှစောင့်ဆိုင်းကာ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ စီးနင်းလာသည့် ကားသုံးစီးဖြတ်သန်းစဉ် သံကြိုးအားဆွဲ၍ မိုင်းခွဲခဲ့ရာ ယာဉ်တစ်စီးပျက်စီးသွားကြောင်း ဝန်ခံထွက်ဆိုခဲ့မှုကိုလည်း နိုဝင်ဘာလ ၂၂ ရက်နေ့က သတင်းထုတ်ပြန်ထားပါသည်။



မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် ကင်းလှည့်စောင့်ကြပ်နေသည့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

### အထောက်အကူဖြစ်နိုင်

အောက်တိုဘာလ ၉ ရက်နေ့ နံနက်ပိုင်းက အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ဌာနချုပ်နှင့် ငါးခူရရဲစခန်း၊ ကိုးတန်ကောက်ရဲစခန်းများကို အကြမ်းဖက်သမားများက အင်အားသုံးကာ အလစ်အငိုက်ရယူပြီး စီးနင်းတိုက်ခိုက်ခဲ့သည့်အနေအထားများကိုလည်း သတင်းအဖွဲ့မှ ကွင်းဆင်းပြီး မှတ်တမ်းရယူခဲ့ရာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်နှင့် နိုင်ငံတော်အဆင့် စုံစမ်းစစ်ဆေးရေးကော်မရှင်တို့အတွက် အကျိုးရှိမည်ဖြစ်သည်။

ထို့ပြင် တောင်ပြိုလက်ဝဲမြို့ရှိ နှစ်နိုင်ငံနယ်စပ်တံတားအနီးမှ တုံးချောင်းဝအထိ နယ်စပ်ခြံစည်းရိုးများ ကာရံထားပြီး နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ကင်းစခန်းများအပြင် လှည့်ကင်းများဖြင့် လှုပ်ရှားစိုးမိုးနေမှု၊ နတ်မြစ်ကြောင်းတစ်လျှောက်တွင် နယ်ခြားစောင့်ရေကြောင်းရဲတပ်ဖွဲ့မှ ရေယာဉ်များဖြင့် လုံခြုံရေးဆောင်ရွက်နေမှုများကိုလည်း သတင်းအဖွဲ့က ကွင်းဆင်းပြီးမှတ်တမ်းများ ရိုက်ကူးခဲ့ရာ ဖွဲ့စည်းထားသော ကော်မရှင်များအတွက် သုံးသပ်ချက်များပြုလုပ်ရာတွင် အထောက်အကူရရှိပေမည်။

ရခိုင်ပြည်နယ် မောင်တောခရိုင်အား စစ်ဆင်ရေးနယ်မြေသတ်မှတ်ထားရှိပြီး နယ်မြေရှင်းလင်းရေးဆောင်ရွက်နေချိန်ဖြစ်သော်လည်း ပြည်တွင်း/ပြည်ပ မီဒီယာများ စုဖွဲ့စေလွှတ်၍ သတင်းရယူနိုင်ရန် စီမံပေးနိုင်ခြင်းဖြင့် ပြည်တွင်း/ပြည်ပ သတင်းမီဒီယာအဖွဲ့များ၏ ကိုယ်တိုင်မြင်တွေ့သတင်းယူနိုင်ခွင့်ကို အထိုက်အလျောက်ဖြည့်ဆည်းပေးနိုင်မည်ဟုလည်း ယုံကြည်မျှော်လင့်သည်။

ထို့ကြောင့် အရေးပေါ်သတင်းထုတ်ပြန်ရေးအဖွဲ့သွားရောက်ခဲ့မှုအပေါ်အခြေခံပြီး ပြည်တွင်း/ပြည်ပ သတင်းမီဒီယာအဖွဲ့များ စုဖွဲ့သွားရောက် သတင်းရယူနိုင်ရေးအတွက် ခရီးစဉ်နေရာလုံခြုံရေး၊ ခရီးစဉ်လမ်းကြောင်းလုံခြုံရေးနှင့် ယာဉ်တန်းလုံခြုံရေးကိစ္စရပ်များအပြင် အုပ်ချုပ်မှုကိစ္စရပ်များ လိုအပ်မှုအတွက် သက်ဆိုင်ရာများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိနေသည်။

### သံသယပျောက်ပါစေ

လူမှုကွန်ရက်စာမျက်နှာများပေါ်မှ ရည်ရွယ်ချက်ရှိစွာဖြင့် လွှင့်တင်လိုက်သော သတင်းလိမ်၊ သတင်းယောင်၊ သတင်းမှားများကို နိုင်ငံတကာမီဒီယာကြီးများက လွယ်ကူစွာ ရယူအသုံးပြုခဲ့ခြင်းမှာ အံ့အားသင့်ဖွယ်ဖြစ်သကဲ့သို့ စဉ်းစားရလည်း ခက်လှသည်။

ထိုသို့ ထုတ်လွှင့်ဖော်ပြမှုများကြောင့် ကြီးမားသောအကျိုးသက်ရောက်မှုများ ဆင့်ပွားဖြစ်ပေါ်စေသကဲ့သို့ ယင်းသို့လုပ်ဆောင်မှုမှာလည်း မီဒီယာကြီးများ၏ ဂုဏ်ဒြပ်နှင့် မည်သို့မျှသင့်လျော်မှုမရှိပေ။

နိုင်ငံတကာမီဒီယာကြီးများသည် သတင်းမှန်ရရှိရေးအတွက် မီဒီယာကျင့်ဝတ်များနှင့်အညီ စိစစ်မှုကိုအားထုတ်လုပ်ဆောင်သင့်လှသည်။ မိမိတို့၏ သတင်းထောက်များအပေါ် ဘေးပယောဂဆိုသည့် လောင်းရိပ်များ မကျရောက်စေရန်၊ စွက်ဖက်မှုများ ကင်းဝေးစေရန်နှင့် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်တတ်စေရန် အမြဲမပြတ်စိစစ်သင့်ပါသည်။ တစ်ဆက်တည်းတွင် မီဒီယာကြီးများ၏ ဩဇာအရှိန်အဝါကို တလွဲအသုံးချခံရမှုမရှိစေရန်အတွက်လည်း သတိပြုသင့်ကြပေသည်။

အများပြည်သူအကျိုးကို ဦးထိပ်ပန်ဆင်သော နိုင်ငံတကာမီဒီယာကြီးများအတွက် အခြေခံအကျဆုံးလိုအပ်ချက်မှာ "ရိုးသားဖြောင့်မတ်မှု"ပင်ဖြစ်ပြီး စစ်မှန်တိကျသော၊ ခိုင်လုံသော သတင်းမှန်များကိုသာ မီဒီယာကျင့်ဝတ်များနှင့်အညီ စိစစ်၍ ထုတ်လွှင့်ဖော်ပြသင့်ပေသည်။ ပြဿနာများကို ပိုမိုမကြီးထွားစေဘဲ အကျိုးတရားများ ဖြစ်ထွန်းပေါ်ပေါက်လာစေရန်အတွက်သာ ရည်ရွယ်လုပ်ဆောင်သင့်သည်ဟုလည်း ရှုမြင်ပါသည်။

သံသယကဲ့သို့သော မြူနှင်းများကျဆင်းနေချိန်တွင် မြင်ကွင်းတစ်ခုလုံး မှုန်ဝါးနေသော်လည်း အမှန်တရားကဲ့သို့သော နေမင်း၏လင်းရောင်ခြည်ထွက်ပေါ်လာချိန်တွင် ထိုမြူမှုန်များ လွင့်စဉ်ပျက်ပြယ်သွားသကဲ့သို့ပင်၊ ယနေ့ ရခိုင်ပြည်နယ် မောင်တောဒေသ၏ အနေအထားမှာလည်း သတင်းမှားများကြောင့် သံသယအကျိုးဆက်များ ဖြစ်ပွားနေခြင်းအပေါ် နိုင်ငံတကာမီဒီယာကြီးများက ကျင့်ဝတ်နှင့်အညီ သတင်းမှန်များထုတ်လွှင့်၍ အမှန်တရားကိုဖော်ထုတ်ပေးခြင်းဖြင့် လောကပါလတရားများဖြစ်ထွန်းပြီး အကျိုးကျေးဇူးများ ရရှိခံစားနိုင်သည်ကို တွေးတောမိရင်း "အဆိပ်သင့်သတင်းများနှင့် အနောက်ဘက်တံခါး" ဟူ၍ ကောက်ချက်ချလိုက်မိပါသည်။

## ပြည်တွင်းရေးရာ

**❖ ရခိုင်မှ**

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မကြာသေးမီက ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများကို ကြည့်ပါက ကော်မရှင်၏ လုပ်ငန်းတာဝန်များကို အဆောတလျင် ချက်ချင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အကြမ်းဖက်မှုဖြစ်ပွားခဲ့သည့် နယ်မြေများ၊ တည်ငြိမ်အေးချမ်းမှု မပျက်ပြားသည့် နယ်မြေများကို လွန်ခဲ့သည့် ရက်အနည်းငယ်က သွားရောက်ခဲ့ပြီး ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားသည်ဆိုသည့် သတင်းများ ထွက်ပေါ်လာခြင်းကြောင့် အထူးစိုးရိမ်ပူပန်မှု ရှိပါကြောင်း မစ္စတာကိုဖီအာနန်က ပြောသည်။

ထို့အတူ မစ္စတာ ကိုဖီအာနန်က လုံခြုံရေး လုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သည့် နေရာတိုင်းတွင် အရပ်သားများကို အမြဲတစေ အကာအကွယ်ပေးရန် လိုအပ်ကြောင်း၊ လုံခြုံရေးအဖွဲ့များကိုလည်း တရားဥပဒေစိုးမိုးရေးကို အပြည့်အဝလိုက်နာပြီး လုပ်ငန်းဆောင်ရွက်ကြရန် တိုက်တွန်းထားပါကြောင်း၊ လုံခြုံရေးလုပ်ငန်းများ လုပ်ဆောင်ရခြင်းကြောင့် ပြည်သူလူထုထံ လူသားချင်းစာနာထောက်ထားရေး အကူအညီများကို အဟန့်အတား မဖြစ်စေရန်လည်း အလေးအနက် ပြောကြားခဲ့ပါကြောင်း၊ လူသားချင်းစာနာရေး လုပ်ငန်းအကူအညီများကို ခွင့်ပြုပေးထားကြောင်း၊ မိမိတို့ကို အာမခံပြောပြထားပါကြောင်း၊ အကူအညီ လိုအပ်နေသည့် အသိုက်အဝန်းများအားလုံး လိုအပ်သည့် အကူအညီကို ရရှိကြလိမ့်မည်ဟု မျှော်လင့်ယုံကြည်ပါကြောင်း၊ လူငယ်မျိုးဆက်သစ်များနှင့် တွေ့ဆုံရာတွင် လူငယ်များ၏ ပူးပေါင်းဆောင်ရွက်လိုသည့် စိတ်ဓာတ်ကြောင့် စိတ်အားတက်မိပါကြောင်း၊ ရခိုင်ပြည်နယ်တွင်ရှိသည့် အသိုက်အဝန်းအားလုံး၊ အသက်အရွယ်အားလုံးတို့၏ လိုအပ်ချက်များ၊ စိုးရိမ်ပူပန်မှုများ သိရှိနိုင်ရေး နားထောင်ရန်နှင့် အားလုံး၏အသံကို ကိုယ်စားပြုနိုင်ရန် မိမိတို့ရှိနေပါကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်အရေးနှင့် ပတ်သက်၍ မလေးရှားဝန်ကြီးချုပ်က ဦးဆောင်ဆန္ဒပြမှုကိစ္စနှင့် ပတ်သက်၍ ကော်မရှင်အဖွဲ့ဝင် ဦးအေးလွင်က "မလေးရှားဝန်ကြီးချုပ်တင် မဟုတ်ပါဘူး။ လူတိုင်းက လွတ်လပ်စွာ ပြောပိုင်ခွင့်ရှိပါတယ်။ လွတ်လပ်စွာ သဘောထားကွဲနိုင်ခွင့်ရှိပါတယ်။ သို့သော်လည်း သံရေးတမန်ရေး ရှုထောင့်ကနေ နိုင်ငံ့အကြီးအကဲ တစ်ယောက်အနေနဲ့ ဒါဟာ လုပ်သင့်လား၊ မလုပ်သင့်လား စဉ်းစားဖို့လိုပါတယ်။ မိမိပေးချင်တဲ့အကြောင်းအရာကို မိမိဟာ နိုင်ငံ့ခေါင်းဆောင်တစ်ယောက်အနေနဲ့ ပေးပိုင်ခွင့် ရှိတယ်ဆိုတာကို ကျွန်တော်တို့ ဘာမှ အငြင်း မပွားလိုပါဘူး။ အထူးသဖြင့် အာဆီယံနိုင်ငံ ဆိုတာဟာ ကျွန်တော်တို့နဲ့အိမ်နီးချင်းနိုင်ငံ မိသားစုအဖွဲ့တစ်ဖွဲ့ ဖြစ်တဲ့အတွက် အဲဒီလို မိသားစုအချင်းချင်း ပြောစရာဆိုစရာရှိရင် ဘယ်လိုယဉ်ကျေးမှုဓလေ့နဲ့ ပြောရမယ်ဆိုတာမျိုးကတော့ ရှိသင့်တယ်လို့ ခံယူပါတယ်။ ကော်မရှင်အနေနဲ့ သူ့ရဲ့ပြောကြားချက်အပေါ်မှာ ဘယ်လိုသက်ရောက်သလဲဆိုတော့ မိမိတို့ကော်မရှင်ဟာ အကြံပေးဖို့အတွက် အချက်အလက်များကို စုဆောင်းနေတာ ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာက ရခိုင်အရေးနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုရှုမြင် သုံးသပ်လဲဆိုတာကို မိမိတို့အမြဲတမ်း နားထောင်နေပါတယ်။ တစ်ချိန်က မြန်မာနိုင်ငံကို အာဆီယံ အဝန်းအဝိုင်းထဲကို ထည့်ပေးခဲ့တဲ့ မလေးရှားနိုင်ငံရဲ့ ခေါင်းဆောင်တစ်ယောက်ဟာ ဒီလိုတုံ့ပြန်တယ်ဆိုတာတော့ မှတ်သားထားပါတယ်"ဟု ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသအတွင်း သတင်းမီဒီယာများ သွားရောက်သတင်းရယူရေးကိစ္စနှင့် စပ်လျဉ်း၍ "ပဋိပက္ခဖြစ်တဲ့နေရာကို သွားရောက်ခွင့် ရခဲ့ပါတယ်။ ဆွေးနွေးမှုတွေလည်း ပြုလုပ်နိုင်ခဲ့ပါတယ်။ ဒီနေရာမှာ တပ်မတော်ရဲ့ အခန်းကဏ္ဍဟာ စစ်ရေးပိုင်းက အရေးကြီးတဲ့အခန်းကဏ္ဍမှာ ပါဝင်နေပါတယ်။ ရခိုင်ပြည်နယ်ရဲ့ အကျိုးစီးပွားကိုကာကွယ်ဖို့ အရေးကြီးပါတယ်။ သို့သော်လည်းပဲ အရပ်ဘက်ပြည်သူလူထုရဲ့ အကာအကွယ် အခွင့်အရေးတွေကို ကာကွယ်ပေးဖို့ သတိပြုဆောင်ရွက်ဖို့လိုမှာ ဖြစ်ပါတယ်။ ဒီကိစ္စတွေကို အငြင်းပွား အချေအတင် ပြောကြတာကြာပါပြီ။ တချို့အစိုးရတွေက အကြမ်းဖက်မှုနဲ့ ပတ်သက်လာရင်၊ အကြမ်းဖက်မှု တိုက်ဖျက်ဖို့ဆိုရင် အရပ်ဘက်လွတ်လပ်ခွင့်တွေကို လျှော့တန်လျှော့၊ ဖြတ်တောက်တန် ဖြတ်တောက်လုပ်ရမယ်။ ဆိုင်းငံ့သင့်ရင် ဆိုင်းငံ့ရမယ်၊ လုံခြုံရေး အဓိကသာ လုပ်ရမယ် ဆိုတာတွေရှိတယ်။ ကျွန်တော့်အနေနဲ့ ထင်တာက အရပ်ဘက်လွတ်လပ်ခွင့်၊ ပြည်သူလူထုလွတ်လပ်ခွင့်၊ လူ့အခွင့်အရေး ဒါတွေကို လုံခြုံရေးအတွက် စွန့်လွှတ်လိုက်ရင် နောက်ဆုံးမှာ တကယ်ရော လုံခြုံရေးရသွားမှာလားဆိုတာ စဉ်းစားရမှာ ဖြစ်ပါတယ်။ ဒီနယ်မြေမှာ သတင်းသမားတွေ သွားရောက်သတင်းယူခွင့်ရခဲ့ရင်တော့ ကောလာဟလတွေ လျော့ပါးသွားမှာ ဖြစ်ပါတယ်။ ထင်သာ မြင်သာရှိခြင်းဟာ ကောလာဟလတွေကို ရှင်းလင်းနိုင်တဲ့၊ အားကောင်းတဲ့ နည်းလမ်းတစ်ရပ်ဖြစ်ပါတယ်လို့ တာဝန်ရှိသူတွေနဲ့လည်း ဆွေးနွေးခဲ့ပါတယ်"ဟု မစ္စတာ ကိုဖီအာနန်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် မိမိတို့၏လုပ်ငန်းတာဝန်သည် စုံစမ်းစစ်ဆေးရန် မဟုတ်ကြောင်း၊ သို့သော် ဒေသကိုရောက်သည့်အချိန်တွင် နှစ်ဖက်လူမှုအသိုင်းအဝိုင်းကြား၌ ပြင်းထန်မှုရှိသည်ဆိုသည်ကို ခံစားရကြောင်း၊ အဆိုပါ အသိုက်အဝန်းနှစ်ခု ပြန်လည်သင့်မြတ်ရန် အချင်းချင်း ပြောဆိုမှုများ၊ ဆွေးနွေးမှုများ ပြုလုပ်ရန်လိုကြောင်း၊ နယ်မြေတည်ငြိမ်သွားမည်ဆိုလျှင် ဒေသဖွံ့ဖြိုးရေးကိစ္စများ ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါအခြေအနေကြောင့် အာဆီယံ၌ မတည်ငြိမ်မှုများဆီသို့ ဦးတည်ပြီး မသွားနိုင်ဘူးဟု မိမိတို့ မျှော်လင့်ကြောင်း၊ ယင်းအခြေအနေကို ထိန်းချုပ်နိုင်ပြီး ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ အိမ်နီးချင်း နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း၊ နယ်စပ်ဖြတ်ကျော်မှုနှင့် နယ်စပ်ထိန်းချုပ်မှု အပိုင်းများတွင် အိမ်နီးချင်းနိုင်ငံများနှင့် နားလည်မှုရှိရှိ ပူးပေါင်းဆောင်ရွက်ရန်လိုပါကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ယနေ့သတင်းစာ ရှင်းလင်းပွဲသည် ဒီဇင်ဘာ ၂ ရက်မှ ၄ ရက်အထိ သုံးရက်ကြာ သွားရောက်ခဲ့သည့် ရခိုင်ပြည်နယ်ခရီးစဉ်နှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲဖြစ်ပြီး ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန်၏ မြန်မာနိုင်ငံခရီးစဉ်တွင် ဒုတိယအကြိမ်မြောက် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲလည်း ဖြစ်သည်။

**သတင်း-မင်းသစ်၊ ဇော်ကြီး(ပဏ္ဍိတ)**

**❍ ကျောဖုံးမှ**

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှယူ-၁၉ အမျိုးသမီးခြေစစ်ပွဲကို အုပ်စုလေးစုခွဲ၍ ကျင်းပခဲ့ပြီး မြန်မာအသင်း ပါဝင်သည့် အုပ်စု(ဂ)သာ ကျင်းပရန်ကျန်ရှိတော့ကာ ကျန်အုပ်စုများပြီးဆုံးသွားပြီဖြစ်သည်။ ကျင်းပပြီးစီးသွားသည့် အုပ်စုပွဲစဉ်များအနက် အုပ်စု(က)တွင် ဩစတြေးလျ၊ အုပ်စု(ခ)တွင် ဥဇဘက်ကစ္စတန်၊ အုပ်စု(ဃ)တွင် ဗီယက်နမ်အသင်းတို့ခြေစစ်ပွဲအောင်မြင်ပြီးဖြစ်သည်။ မြန်မာအသင်းပါဝင်သော အုပ်စု(ဂ)ပွဲစဉ်များကို မူလက ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် စီစဉ်ထားသော်လည်း ထိုင်းဘုရင်၏ ဈာပနကြောင့် အိမ်ရှင်နိုင်ငံ အပြောင်းအလဲဖြစ်ခဲ့ခြင်းဖြစ်သည်။

အုပ်စု(ဂ)ပွဲစဉ်များကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး မြန်မာ၊ ထိုင်း၊ ပါလက်စတိုင်း၊ ကာဂျစ္စတန် အသင်းတို့ပါဝင်လျက်ရှိသည်။

**(ရှိုင်းထက်ဇော်)**



## ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးစနစ်ဆောင်ရွက်မှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၆**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် ဒီဇင်ဘာ ၆ရက် နံနက် ၁၀ နာရီခွဲတွင် အကောက်ခွန်ဦးစီးဌာန ရုံးချုပ်သို့လာရောက်၍ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့အား တွေ့ဆုံဆွေးနွေးခဲ့ပြီး MACCS ဌာနခွဲညွှန်ကြားရေးမှူး ဦးဝင်းသန့်က ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းရေးနှင့်ထိန်းချုပ်ရေးစနစ် (MACCS) အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကိုရှင်းလင်းတင်ပြခဲ့ရာ ဒုတိယဝန်ကြီးက လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် MACCS ဌာနခွဲ၊ အကောက်ခွန်သမိုင်းပြတိုက်နှင့် MACCS / MICS စနစ်အတွက် ထားရသော Data Center သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ညအခါပိတ်ဆို့/တားဆီး/ရှာဖွေစစ်ဆေးမှုများ ပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီရှစ်မြို့နယ်တွင် ညအခါမှုခင်းကြိုတင် ကာကွယ်ရေး ဒုစရိုက်မှုလျော့နည်းစေရေးတို့ ကျဆင်းစေရန် အဓိကရည်ရွယ်၍ နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဇော်ခင်အောင်၏ လမ်းညွှန်မှုဖြင့် နေပြည်တော်၏ မြို့နယ်အလိုက် အဓိကအချက်အချာကျသော နေရာများတွင် သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစီး၍ မြို့မရဲစခန်းမှူးများ ကြီးကြပ်ကာ ညအခါ ပိတ်ဆို့/တားဆီး/ ရှာဖွေစစ်ဆေးမှုများပြုလုပ်လျက်ရှိသည့်အတွက် ယာဉ်စီးနင်းအသုံးပြုသူများ၊ ယာဉ်မောင်းများအနေဖြင့် စည်းကမ်းတကျ မောင်းနှင်အသုံးပြုလျက်ရှိကြောင်း သိရသည်။

နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးအောင် ဦးစီးသော ပတ္တာနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းရွှင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်တင်မိုးဌေး ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၅ ရက် ည ၉ နာရီခွဲမှ ၁၂ နာရီခွဲအထိ ပုဗ္ဗသီရိမြို့နယ် အောင်သာယာရပ်ကွက်ရှိ နှင်းဆီပန်းအဝိုင်းနှင့် ပန်းခြံအနီးတွင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအား ရပ်တန့်၍ ပိတ်ဆို့/တားဆီး/ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ပြီး စည်းကမ်းနှင့်မညီညွတ်သည့် ယာဉ်များအား အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အတူ ဒီဇင်ဘာ ၄ ရက် ည ၉ နာရီမှ ၁၁နာရီခွဲအထိ ဒက္ခိဏသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ကျော် ဦးစီးသော မြို့မရဲစခန်းမှူး ဒုရဲမှူးစိုးဝင်းနှင့်တပ်ဖွဲ့ဝင်များသည် ရန်အောင်မြင်ကျေးရွာ လမ်းဆုံ၌ မှုခင်းကြိုတင်ကာကွယ်ရေးအဖြစ် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို စစ်ဆေး၍ စည်းကမ်းနှင့် မညီညွတ်သော ယာဉ်များအား အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(၁၀၇)**



## ကျေးလက်လမ်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရွှေကူ ဒီဇင်ဘာ ၆**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနခွင့်ပြုရန်ပုံငွေဖြင့်မန်ချက်စတာကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် ရွှေကူ- ငါးဘတ်ကြီးမြေသားလမ်း(၀/၂ဒသမ ၈၃)မိုင်နှင့်ကတ္တရာလမ်း တစ်မိုင်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာ ၅ ရက်တွင် မြို့နယ်ဦးစီးမှူးဦးသိန်းလင်းနှင့်တာဝန်ရှိဝန်ထမ်းများကလုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစေရန်နှင့် လုပ်ငန်းအချိန်မီပြီးစီး ဆောင်ရွက်နိုင်ရေးတို့ကို ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်အောင်(ရွှေကူ)**

## အဝါရောင်အဆင့် မုန်တိုင်းငယ် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားနိုင်ခြင်းမရှိ

**နေပြည်တော် ဒီဇင်ဘာ ၆**

ယနေ့ ည ၇ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာပြီး မုန်တိုင်းငယ်အဖြစ် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းသို့ရောက်ရှိခဲ့ကာ အိန္ဒိယနိုင်ငံ ဗီဇာကာပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် မိုင် ၇၁၀ ခန့်၊ဂိုပါပါယ်မြို့၏ တောင်-အရှေ့တောင်ဘက် မိုင် ၇၄၀ ခန့်၊ ကားနီကိုးဘားမြို့၏ အနောက်တောင်ဘက် မိုင် ၁၁၀ ခန့်၊ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ တောင်-အနောက်တောင်ဘက် ၃၆၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည်ကနဦးတွင် အနောက်-အနောက်မြောက်ဘက်သို့ရွေ့လျားပြီး နောက် ၇၂ နာရီအတွင်း အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟုခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါမုန်တိုင်းငယ်သည် ည ၇ နာရီခွဲအချိန်တွင် မြောက်လတ္တီကျု ၈ ဒသမ ၅ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၉၁ ဒသမ သုညဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၂ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင်၃၀ နှုန်းခန့်ဖြစ်ပြီး နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သဖြင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်း ရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားသည်။

**(ကြေးမုံ)**

# လယ်လုပ်သော်လည်း လှည်းမရှိသည့် ဒေသ

နေ့လယ်ခင်း နေပူရှိန်ခပ်ပြင်းပြင်းအောက်တွင် စပါးထုံးနှစ်ထုံးကို တစ်ဖက်တစ်ချက်လျှိုထမ်းကာ ရိတ်သိမ်းပြီး လယ်ကွင်းများကို ဖြတ်ကျော်၍ ဦးမောင်သန်းလှိုင်သည် ရွာဆီသို့ ခပ်သွက်သွက်ခြေလှမ်းများဖြင့် ဦးတည်သွားနေသည်။

ဦးမောင်သန်းလှိုင်သည် မောင်တောမြို့တောင်ပိုင်း သရီကုန်းဘောင်ရွာမှ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူတစ်ဦးဖြစ်သည်။ အသက် (၃၈) နှစ်ရှိ ဦးမောင်သန်းလှိုင်သည် လယ်သုံးဧကပိုင်ဆိုင်သော်လည်း လှည်းမရှိသည့် လယ်သမားတစ်ဦးဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်း အနယ်နယ်အရပ်ရပ် ဒေသအသီးသီးရှိ လယ်ယာလုပ်ငန်းခွင်များတွင် ကျွဲ၊ နွား၊ လယ်ထွန်စက်တို့ဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသည်။ ရိတ်သိမ်းထားသည့် ကောက်လှိုင်းများကိုလည်း လှည်းများဖြင့် တလင်းသို့ သယ်ဆောင်လေ့ရှိကြသည်။ ရခိုင်ပြည်နယ် မောင်တောဒေသတွင်မူ လယ်ယာလုပ်ငန်းခွင်တွင် ကျွဲ၊ နွားတို့ဖြင့် ထွန်ယက်စိုက်ပျိုးကြသော်လည်း လှည်းကို အသုံးပြုလေ့မရှိကြပေ။ လယ်တောသို့သွားသည့် လှည်းလမ်းလည်း မရှိ၊ တစ်ရွာနှင့်တစ်ရွာ ကူးလူးသွားလာသည့် လှည်းလမ်းလည်း မရှိသကဲ့သို့ လှည်းအသုံးမပြုကြသည့်အတွက် လှည်းလမ်းကြောင်းကိုပင် တွေ့ရမည်မဟုတ်ပေ။

"ရိတ်ပြီးသား စပါးပင်တွေကို အထမ်းနဲ့သယ်နေတာ ငါးခေါက်ရှိပြီ။ လယ်ကွင်းကလည်း ရွာနဲ့ သိပ်မဝေးပါဘူး" ဟု မျက်နှာတွင် စီးကျနေသည့် ချွေးများကို လက်ဖြင့် ဖယ်ရှားရင်း ဦးမောင်သန်းလှိုင်က ပြောသည်။

လယ်သုံးဧကကို စပါးတင်း ၂၀၀ ခန့်ထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း၊ လယ်များထွန်ယက်စိုက်ပျိုးရန်အတွက် နွားပိုင်ရှင်၊ ကျွဲပိုင်ရှင်များထံမှ ငှားရမ်းထွန်ယက်ပြီး ယခုကဲ့သို့ ရိတ်သိမ်းသည့်အခါတွင်မူ ကိုယ်တိုင်ရိတ်သိမ်းပြီး တလင်းသို့ ကိုယ်တိုင်ပင် အထမ်းဖြင့် သယ်ဆောင်ရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မောင်တောဒေသတွင် ယခုကဲ့သို့ စပါးရိတ်သိမ်းသည့်ရာသီတွင် စပါးများကို လှည်းဖြင့် သယ်ဆောင်သည့် မြင်ကွင်းကို မြင်တွေ့ရမည်မဟုတ်ဘဲ စပါးထုံးနှစ်ထုံးကို ထမ်းပိုးဖြင့် တစ်ဖက်တစ်ချက် လျှိုထမ်းသွားနေသည့် မြင်ကွင်းကိုသာ တွေ့မြင်ရမည်ဖြစ်သည်။

မောင်တောဒေသတွင် မြင်တွေ့ရသည့် နွားများမှာလည်း အညာဒေသတွင် တွေ့ရလေ့ရှိသည့် အကောင်ကြီးကြီး ထွားထွားကြိုင်းကြိုင်း နွားဖြူ နွားပြာများ မဟုတ်ကြပေ။

"ဒီဒေသက နွားတွေက အညာဒေသက နွားတွေလို အကောင်မကြီးဘူး။ နွားပုမျိုးတွေ။ ဒါပေမယ့် ဒီကရာသီဥတုဒဏ်ကိုတော့ ခံနိုင်ကြတယ်။ နောက်ပြီး ထယ်ထိုးတဲ့နေရာ ဒါမှမဟုတ် ထွန်ယက်တဲ့အခါမှာလည်း အညာဒေသမှာလို ထယ်ကြောင်း နက်နက်မထွန်ကြဘူး။ အပေါ်ယံပါးပါးလေးပဲထွန်ကြတယ်။ မြေဆီ မြေဩဇာကလည်း ကောင်းတယ်" ဟု မောင်တောခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာရွှေစိုးအောင်က ပြောသည်။

မောင်တောဒေသတွင် တိရစ္ဆာန်များမျိုးမြှင့်တင်ရေးအတွက်လည်း လုပ်ဆောင်သွားရန် အစီအစဉ်ရှိကြောင်း ၎င်းက ပြောကြားသည်။



မောင်တောဒေသခံတစ်ဦးကလည်း "ဒီဒေသက စိုက်ပျိုးဖို့ မြေဆီမြေနှစ် အလွန်ကောင်းပါတယ်။ စပါးရိတ်ချိန်မှာတောင် လယ်ကွက်ထဲမှာ ရေရှိနေတတ်ပြီး စပါးရိတ်ဖို့ ရေကိုဖောက်ထုတ်ရတဲ့အခါလည်း ရှိပါတယ်။ လယ်ကွင်းထဲမှာ အမြဲလိုလိုစိုနေတဲ့အတွက် လယ်ကွင်းထဲကို လှည်းသွားဖို့လည်း အဆင်မပြေတာလည်းရှိတော့ လှည်း မသုံးဖြစ်တာပါ" ဟုဆိုသည်။

မောင်တောခရိုင်တွင် စိုက်ပျိုးသည့် ထွက်နှုန်းကောင်းသည့် စပါးမျိုးများမှာ ရတနာအောင်၊ သီးထပ်ရင်၊ ဆင်းသွယ်လတ်၊ မနော်ဟရီ၊ မနောသုခ၊ ပုလဲသွယ်၊ ရတနာတိုးတို့ဖြစ်ပြီး ဒေသမျိုးမှာ ငစိန်၊ မြီးတုံး၊ ကောက်ညှင်းနှင့် တောင်ယာစပါးများဖြစ်ကြသည်ဟု ခရိုင်စိုက်ပျိုးရေးရုံးမှ သိရသည်။

မောင်တောဒေသတွင် လယ်ယာလုပ်ငန်းခွင်ကို လူ၏လုပ်အားသာ အများဆုံး အသုံးချလုပ်ကိုင်ကြသည်။ ဒေသ၏ ထူးခြားချက်အနေဖြင့် လှည်းကိုအသုံးပြုခြင်း မရှိသည့်အတွက် ရိတ်သိမ်းပြီး စပါးများကို တလင်းသို့ သယ်ဆောင်ရန် လူအားကိုသာ အသုံးပြုကြသည်။ ဦးမောင်သန်းလှိုင်သည်လည်း ၎င်း၏ လယ်ကွင်းတွင် ရိတ်သိမ်းပြီး ကောက်လှိုင်းထုံးများကို ဆက်လက်သယ်ဆောင်ရန် ရွာပြင်သို့ ထွက်ခွာသွားလေသည်။

**သတင်းဆောင်းပါးနှင့်**
**ဓာတ်ပုံ-အောဝမ်းစိုး**




# မောင်တောကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေး

**မောင်တော ဒီဇင်ဘာ ၆**

မောင်တောခရိုင်အတွင်း ကျေးလက်ဒေသနေ လူငယ်လူရွယ်များအား အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ဦးစီးဌာနရဲ့ မူဝါဒနဲ့ ရည်မှန်းချက်တွေနဲ့အညီ ကျေးလက်ဒေသနေပြည်သူတွေ လူနေမှုအဆင့်အတန်းမြင့်မားဖို့၊ ကျေးလက်ဒေသနေ လူငယ်လူရွယ်တွေ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်စေဖို့ဆိုတဲ့ ရည်မှန်းချက်တွေနဲ့အညီ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းတွေ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိပါတယ်"ဟု မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင်က ပြောသည်။

မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဇာထိုး၊ ပန်းထိုး၊ အိတ်ထိုး၊ ဖိနပ်ထိုး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မောင်တောမြို့ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ကျင်းပခဲ့သည်။ ၎င်းသင်တန်းသို့ မောင်တောမြို့နယ်အတွင်း ကျေးလက်ဒေသများမှ သင်တန်းသူ ၂၀ တက်ရောက်ကာ သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် အလားတူအသက်မွေးဝမ်းကျောင်းသင်တန်းများကို တစ်နှစ်လျှင် နှစ်ကြိမ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း ယမန်နှစ်က လက်သမားနှင့် ပန်းရန်သင်တန်းများ ဖွင့်လှစ်ခဲ့ကြောင်း၊ ယခုနှစ်တွင် ဇာထိုး၊ ပန်းထိုး သင်တန်းအပြင် မကြာမီ ဆိုင်ကယ်ပြင်သင်တန်းကိုလည်း ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းအသီးသီးတွင် တက်ရောက်ပြီးသူများအား မိမိတို့ရပ်ရွာဒေသများတွင် လုပ်ငန်းများလုပ်ဆောင်သည့်အခါ အခက်အခဲမရှိစေရန်အတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းမှချေးငွေများလည်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး/ဓာတ်ပုံ-အောဝမ်းစိုး**

# လက်ရှိအသုံးပြုခွင့်ရရှိထားသော လယ်ယာမြေအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် လျှောက်ထားခြင်းနှင့်ပတ်သက်သည့်ကြေညာချက်

သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသည့် အဖွဲ့အစည်း သို့မဟုတ် အသက် (၁၈) နှစ်ပြည့်ပြီးသူ နိုင်ငံသားများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိနိုင်ရေးကို ချောမွေ့အဆင်ပြေစွာဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အများပြည်သူသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

(၁) လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာ(ပုံစံ-၁)ကို သက်ဆိုင်ရာ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးတွင် အခမဲ့ရယူ၍ ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့မှတစ်ဆင့် မြို့နယ်ဦးစီးဌာနရုံးသို့ လျှောက်ထားရပါမည်။

(၂) ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လျှောက်လွှာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း မြို့နယ်ဦးစီးဌာနရုံးသို့ စိစစ်ထောက်ခံချက်ပေးပို့ရပါမည်။

(၃) မြို့နယ်ဦးစီးဌာနရုံးသည် လျှောက်လွှာလက်ခံရရှိသည့်နေ့မှ (၁၅)ရက်အတွင်း ကန့်ကွက်လိုသူရှိပါက ကန့်ကွက်နိုင်ကြောင်း ထုတ်ဆင့်သည့်ကြော်ငြာစာ ကြေညာမည်ဖြစ်သည်။

(၄) ယင်းကြော်ငြာစာကို မြို့နယ်ဦးစီးဌာနရုံးနှင့် လယ်ယာမြေတည်ရှိရာ ရပ်ကွက်(သို့မဟုတ်)ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများတွင် ကပ်ထားပါမည်။ ကြော်ငြာတွင် ရက်ပေါင်း (၃၀)အတွင်း ကန့်ကွက်နိုင်ကြောင်း ဖော်ပြထားပါသည်။

(၅) ကန့်ကွက်ချက်တစ်စုံတစ်ရာရရှိလျှင် မြို့နယ်ဦးစီးဌာနရုံးသည် လက်ခံရရှိသည့်နေ့မှ (၇) ရက်အတွင်း သက်ဆိုင်ရာ ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စုများသို့ သာမန်အားဖြင့် စုံစမ်းစစ်ဆေးတင်ပြရန် အကြောင်းကြားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၆) သက်ဆိုင်ရာ ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သည် စုံစမ်းစစ်ဆေးတွေ့ရှိချက်ကို (၇) ရက်အတွင်း မြို့နယ်ဦးစီးဌာနရုံးသို့ တင်ပြရမည်ဖြစ်ပါသည်။

(၇) မြို့နယ်ဦးစီးဌာနရုံးသည် တင်ပြချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း(၃၀) အတွင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ သဘောထားမှတ်ချက်နှင့်အတူ လယ်ယာမြေလုပ်ပိုင်ခွင့် လုပ်ငန်းစာတွဲကို တင်ပြရမည်။

(၈) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ရရှိသည့်လုပ်ငန်းစာတွဲအား လက်ခံရရှိသည့်နေ့မှ(၇) ရက်အတွင်း သဘောထားမှတ်ချက်ဖြင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြသွားရမည်ဖြစ်သည်။

(၉) ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သည် တင်ပြလာသည့် လယ်ယာမြေလုပ်ပိုင်ခွင့် လုပ်ငန်းစာတွဲကို လက်ခံရရှိသည့်နေ့မှ (၁၅) ရက်အတွင်း လုပ်ပိုင်ခွင့်လျှောက်ထားချက်ကို ခွင့်ပြုကြောင်း(သို့မဟုတ်) ငြင်းပယ်ကြောင်း ဆုံးဖြတ်ပြီး မြို့နယ်ဦးစီးဌာနရုံးသို့ အကြောင်းကြားရမည်။

(၁၀) မြို့နယ်ဦးစီးဌာနရုံးသည် -

(က) ခွင့်ပြုကြောင်းအကြောင်းကြားချက်ကိုရလျှင် လုပ်ပိုင်ခွင့်ရရှိသူကို လယ်ယာမြေမှတ်ပုံတင်ရန် ဦးစီးဌာနရငွေစာရင်းသို့ မှတ်ပုံတင်ကြေးအဖြစ် ဦးပိုင်လုပ်ကွက် ၁-ခုလျှင် ၅၀၀ ကျပ်နှုန်း ပေးသွင်းစေပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများ မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြရမည်။

(ခ) ငြင်းပယ်ခြင်းခံရသူကို လယ်ယာမြေလုပ်ပိုင်ခွင့်ငြင်းပယ်ခြင်းခံရသူများ မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။

(၁၁) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သည် ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့၏ အကြောင်းကြားချက်နှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ထုတ်ပေးပြီး ငြင်းပယ်ခြင်းခံရသူထံသို့လည်း ငြင်းပယ်ကြောင်း အကြောင်းကြားစာ ပုံစံ(၈)ကို ပေးပို့သွားမည်ဖြစ်သည်။

(၁၂) ငြင်းပယ်ကြောင်းအကြောင်းကြားစာ လက်ခံရရှိသူသည် ဆုံးဖြတ်ချက်အပေါ် မကျေနပ်ချက်တစ်စုံတစ်ရာရှိပါက လယ်ယာမြေဥပဒေပုဒ်မ(၂၂)ပါပြဋ္ဌာန်းချက်အတိုင်း သက်ဆိုင်ရာရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ မူလမြေယာမှုခင်းဖွင့်လှစ်ဆောင်ရွက်ရန်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ ကြေညာချက်အတိုင်းဆောင်ရွက်ရာတွင် အခက်အခဲတစ်စုံတစ်ရာတွေ့ရှိပါက အတွင်းရေးမှူး၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ရုံးအမှတ်(၁၅)၊ နေပြည်တော်သို့ လိပ်မူ၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၀၀၀၄ သို့လည်းကောင်း ဆက်သွယ်တိုင်ကြားနိုင်ပါသည်။

(ဦးစီးဌာနဆိုသည်မှာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနကို ဆိုလိုပါသည်)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# ကမ္ဘာတစ်ဝန်း ကျန်းမာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုအတွက် အကြီးအကဲများ ညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၆**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ကာတာနိုင်ငံ ဒိုဟာမြို့တွင် နိုဝင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပသည့် ကမ္ဘာတစ်ဝန်းကျန်းမာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုအတွက် ကျန်းမာရေးဆိုင်ရာအကြီးအကဲများ ညီလာခံသို့ တက်ရောက်ခဲ့သည်။

အဆိုပါညီလာခံ ဖွင့်ပွဲအခမ်းအနားအား ကာတာနိုင်ငံ ဒိုဟာမြို့ ကွန်ဗင်းရှင်းစင်တာတွင် ကျင်းပခဲ့ရာ ကမ္ဘာ့နိုင်ငံအသီးသီးမှ ဖိတ်ကြားထားသည့် ကျန်းမာရေးဝန်ကြီးများ၊ သံအမတ်ကြီးများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများ၊ ကာတာနိုင်ငံ ဘုရင့်မိသားစုနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ဖွင့်ပွဲအခမ်းအနားတွင် ညီလာခံကျင်းပရေးကော်မတီဥက္ကဋ္ဌ ကာတာဖောင်ဒေးရှင်းဥက္ကဋ္ဌ မင်းသမီး Her Highness Sheikha Moza Bint Nassar နှင့် ညီလာခံကျင်းပရေး Executive Chair, Professor The Lord Darzi of Denham တို့မှ အဖွင့်အမှာစကားများ ပြောကြားသည်။

အခမ်းအနားကို ဆက်လက်ကျင်းပရာ အဏုဇီဝရောဂါပိုး ဆေးယဉ်ပါးမှုပြဿနာ ဝိုင်းဝန်းပူးပေါင်း ကာကွယ်တားဆီးနိုင်ရေးအတွက် တာဝန်ရှိသူအသီးသီး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို တင်ပြဆွေးနွေးသည်။ ဆက်လက်၍ Panel Discussion များအဖြစ် Autism ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Health Professional Education ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Precision Medicine ခေါင်းစဉ်ဖြင့်လည်းကောင်း တင်ပြဆွေးနွေးကြသည်။ Autism ရောဂါဖြစ်ပွားမှု ပိုမိုများပြားလာနေခြင်း၊ ထိရောက်စွာတာဝန်ယူဆောင်ရွက်မှု အားနည်းနေခြင်းနှင့် နောက်ဆက်တွဲစီးပွားရေးရာ ဝန်ထုပ်ဝန်ပိုးဖြစ်နေမှုများအား တင်ပြဆွေးနွေးကြပြီး အဆိုပါရောဂါပြုစုကုသရေးလုပ်ငန်း ပိုမိုတိုးတက်ကောင်းမွန်မှုရှိအောင် ဝိုင်းဝန်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးကြသည်။

နေ့လယ်ပိုင်းတွင် Accountable Care၊ Behavioral Insights၊ Genomics In The Gulf Region And Islamic Ethics ခေါင်းစဉ်များဖြင့် Panel Discussion အား ဆက်လက်ကျင်းပသည်။

ထို့နောက် ညနေပိုင်းတွင် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအတွက် Using Evidence Base Policy Solutions to Address Health Challenges ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Learning from International Collaboration - Lessons from Leading Health Systems Network ခေါင်းစဉ်ဖြင့် မူဝါဒရေးရာကိစ္စရပ်များ ဆွေးနွေးကြသည်။

ညီလာခံဒုတိယနေ့ နံနက်ပိုင်းအစီအစဉ်များအား ဆက်လက်ကျင်းပရာ Delivering Affordable Cancer Care ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Dementia - A Growing Public Health Concern ခေါင်းစဉ်ဖြင့်လည်းကောင်း မူဝါဒရေးရာကိစ္စရပ်များ ဆွေးနွေးကြသည်။

ထို့နောက် သက်ဆိုင်ရာခေါင်းစဉ်အလိုက်ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ညီလာခံကျင်းပနေစဉ်အတွင်း ဒိုဟာကွန်ဗင်းရှင်းစင်တာတွင် GAVI အဖွဲ့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေး၊ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ GAVI အဖွဲ့၏ စီမံခန့်ခွဲမှုဆိုင်ရာ Board အဖွဲ့တွင် ပြည်ထောင်စုဝန်ကြီးက Board Member အဖြစ် ဆောင်ရွက်ပေးနိုင်ရေးကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Institute of Global Health Innovation at Imperial College London အဖွဲ့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နည်းပညာရပ်ဆိုင်ရာ အကူအညီပေးရေး ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မီးပွိုင့်လမ်းဆုံလိုင်းကားများ အတွဲလိုက် ခရီးသည်စောင့်ဆိုင်းတင်ခြင်း ကမ်းနားလမ်းညဈေးဖွင့်ချိန် မျဉ်းသေဖြတ်ဂငယ်ကွေ့ခြင်းများ မြင်တွေ့ရ

**ရန်ကုန် ဒီဇင်ဘာ ၆**

ဒီဇင်ဘာ ၃ ရက် ညနေ ၅ နာရီခွဲ ကမ်းနားလမ်း ညဈေးဖွင့်လှစ်ချိန် ကမ်းနား လမ်းမဟောင်းအတိုင်း အနောက်မှ အရှေ့သို့မောင်းနှင်လာသော ခရီးသည်ယာဉ်လိုင်း ကားကြီးတစ်စီးသည် (၅)လမ်းနှင့် (၆) လမ်းကြား မိလ္လာသန့်စင်စက်ခန်းရုံအနီး လမ်းလယ်ရှိ မျဉ်းသေမျဉ်းဖြူကိုဖြတ်၍ ဂငယ်ကွေ့နေသည်ကို မြင်တွေ့ရသည်ဟု ယင်းအနီးတိုက်ခန်းနေသူတစ်ဦးက ဆိုသည်။ ညဈေးတန်းဖွင့်ချိန် ရက်အနည်းငယ်သာရှိချိန်တွင် ယင်းဈေးတန်းဖွင့်လှစ်သည့် ကမ်းနားလမ်းဟောင်းပေါ် ယာဉ်များ စည်းကမ်းရှိစွာ မောင်းနှင်ရမည့်အစား စည်းကမ်းမဲ့ ဂငယ်ကွေ့မျဉ်းသေဖြတ်ခြင်းများကို ကမ်းနားလမ်းညဈေးတန်းတစ်လျှောက်၊ အထူးသဖြင့် ဝါးတန်းမှတ်တိုင်နှင့် လမ်းသစ်လမ်းမှတ်တိုင်ဝန်းကျင်တို့တွင် မြင်တွေ့နေရသည်။

ထို့အတူ ဒီဇင်ဘာ ၂ ရက် နံနက် ၇ နာရီခွဲတွင် အနော်ရထာလမ်းနှင့် ဘုန်းကြီးလမ်းဆုံ မီးပွိုင့်ကွေ့အနီး လိုင်းကားယာဉ်လေးစီး ရထားတွဲပမာ ခရီးသည်စောင့်ဆိုင်းတင်နေသည်ကို မြင်တွေ့ရသည်။ ကျုံးကြီးမြောင်းအလွန်ရှိ မှတ်တိုင်မျဉ်းဝါကွက်သို့ ရောက်ရှိအောင်မသွားဘဲ ခရီးသည်စောင့်ဆိုင်းရပ်တင်နေမှုများကြောင့် အနော်ရထာလမ်းအတိုင်း အရှေ့မှ အနောက်သို့ သွားမည့်ယာဉ်များ အခက်အခဲဖြင့် ကြုံတွေ့နေရမှုရှိသည်ဟု ယာဉ်မောင်းဦးတင့်ဝေက ပြောသည်။ **(မောင်စေအောင်)**

# စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးစံကွက်ရိတ်သိမ်း

**ကံမ ဒီဇင်ဘာ ၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးစံကွက်ရိတ်သိမ်းခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂ ရက်က သစ်မယ်ဇီကျေးရွာ ကွင်းအမှတ် (၁၉၃-က)၊ မှော်ဘီ(၂) မျိုးသန့် မျိုးပွားဧက ၅၀ စံပြကွက်၌ကျင်းပရာ တစ်ဧကလျှင် စပါးအစို ၁၂၁ တင်း ထွက်ရှိကြောင်း သိရသည်။

"အခုလို မိုးစပါးစံ ကွက်ရိတ်သိမ်းပွဲ၏ စစ်တမ်းကောက်ယူချက်တွေအရ တစ်ဧကကို စပါးအစိုတင်း ၁၂၁ နှုန်း ထွက်ရှိပါတယ်။ ကောက်ရိတ်စက်နဲ့ ရိတ်သိမ်းခြွေလှေ့တာကြောင့် အလုပ်သမားရှားပါးမှုပြဿနာနဲ့ လေလွင့်ဆုံးရှုံးမှုတွေ လျော့နည်းစေပြီး အရည်အသွေးကောင်းမွန်တဲ့ မျိုးသန့်မျိုးစေ့တွေ ထုတ်လုပ်ပွားများ စိုက်ပျိုးရတဲ့အတွက် ဝမ်းမြောက်မိပါတယ်" ဟု တောင်သူဦးမြင့်နိုင်က ပြောသည်။ **(ရွှေဝင်း)**

# မြိတ်ကျွန်းစုရှိ ပျောက်ကွယ်မည့်အလားအလာရှိနေသည့် ဒီရေတောများ ထိန်းသိမ်းရန်လိုအပ်

**မြိတ် ဒီဇင်ဘာ ၆**

ဇီဝမျိုးစုံမျိုးကွဲပေါကြွယ်ဝ၍ ဒေသခံပြည်သူများ၏ အဓိကမှီခိုအားထားရသော အရင်းအမြစ်တစ်ခုဖြစ်သည့် မြိတ်ကျွန်းစုရှိ ဒီရေတောများသည် မြန်မာနိုင်ငံ၏ နောက်ဆုံးကျန်ရှိသော သက်တမ်းရင့် ဒီရေတောများဖြစ်ပြီး မကြာမီတွင် ပျောက်ကွယ်သွားမည့်အလားအလာရှိနေခြင်းကြောင့် ထိန်းသိမ်းရန် လိုအပ်လျက်ရှိကြောင်း နိုင်ငံတကာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအဖွဲ့ (FFI) ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။



မြိတ်ကျွန်းစုရှိ ဒီရေတောများအား ခုတ်ထွင်မှုများ မြင့်တက်လာရခြင်းသည် ဒေသခံများ၏ ထင်းလောင်စာလိုအပ်ချက်တစ်ခုတည်းကြောင့်မဟုတ်ဘဲ လွန်ခဲ့သော ငါးနှစ်မှစတင်ကာ တရုတ်နိုင်ငံမှ ချိန်းစောလွှများ တင်သွင်းခြင်းနှင့် ရန်ကုန်နှင့် ထိုင်းနိုင်ငံများရှိ မီးသွေးလိုအပ်ချက်များကြောင့် ဒီရေတောပင် ခုတ်ထွင်မှုလုပ်ငန်းများ မြင့်တက်လာခြင်း၊ မြိတ်မြို့အနီးရှိ ငါးထုတ်ကုန်စက်ရုံများမှ ငါးမှုန့်များထုတ်၍ ထိုင်း၊ မလေးရှားနှင့် အခြားနိုင်ငံများသို့ တင်ပို့ရန် ဒီရေတောပင်များကို ခုတ်ထွင်မှုမြင့်တက်ခြင်းတို့ကြောင့် ဒီရေတောများမှာ ပျောက်ကွယ်မည့်အလားအလာနှင့် ကြုံတွေ့နေရသည်။

ဒီရေတောများ ဖျက်ဆီးခံရခြင်းကို ချက်ချင်းအရေးယူမှုမလုပ်ဆောင်ပါက ဒီရေတောဂေဟစနစ်တစ်ခုလုံး လာမည့် ငါးနှစ်တာကာလအတွင်း လုံးဝပျက်စီးနိုင်သည်ဟုလည်း ကျွမ်းကျင်ပညာရှင်များက သတိပေးထားသည်။ ထို့ပြင် လူထောင်ပေါင်းများစွာအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးသစ်များ၊ ခရုများ၊ ငါး၊ ပုစွန်လုံးနှင့် ကဏန်းများ ထုတ်လုပ်နိုင်သော အဆိုပါ ဧရိယာအား FFI အနေဖြင့် ရေရှည်တည်တံ့စွာစီမံခန့်ခွဲနိုင်ရန် ကဏ္ဍစုံမှ ဒေသခံအဖွဲ့အစည်းအားလုံးအား ပံ့ပိုးကူညီ၍ အတူတကွလက်တွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒီရေတောများ လျင်မြန်စွာဖြင့် ဖျက်ဆီးခံရမှုနှင့် ခြိမ်းခြောက်ခံရမှုတို့အတွက် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရန် တက်ကြွလှုပ်ရှားသူများပါဝင်သော ဘုတ်အဖွဲ့တစ်ဖွဲ့ လိုအပ်လျက်ရှိသည့်အပြင် ဒေသခံအသိုင်းအဝိုင်းများ၊ တိုင်းဒေသကြီးနှင့် နိုင်ငံတော်အဆင့် အာဏာပိုင်များ၊ ပုဂ္ဂလိကကဏ္ဍများအားလုံးအနေဖြင့် ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် လိုအပ်လျက်ရှိသည်။

"ဒီရေတောနဲ့ လတာပြင်တွေကို ထိန်းသိမ်းဖို့အတွက် အသုံးပြုတဲ့ဧရိယာတွေကို ကန့်သတ်မယ်ဆိုတဲ့အကြံဉာဏ်ကို ဒေသခံအသိုင်းအဝိုင်းကို အသိပညာပေးရမယ်။ ဒီလိုထိန်းသိမ်းရေးလုပ်ဖို့ဆိုတာ ဒေသခံအသိုင်းအဝိုင်းက အဓိကစီမံခန့်ခွဲမှုတွေမှာ ပါဝင်လာဖို့လည်း လိုအပ်ပါတယ်" ဟု ထားဝယ်သုတေသနအသင်းမှအဖွဲ့ဝင် ကိုရှိန်းသူလွင်က ပြောသည်။

အထူးသဖြင့် ဘုတ်ပြင်းဧရိယာတွင် ဒီရေတောများရှိနေသေးသော်လည်း သစ်ထုတ်ယူခြင်းနှင့် လူတို့၏ အခြားသော ထုတ်ယူသုံးစွဲမှုဒဏ်ကို ခံရနေရပြီး အချို့သော ဒီရေတောများမှာ ခြိမ်းခြောက်ခံအခြေအနေသို့ ကျရောက်လျက်ရှိသည်။ "ဒီရေတောတွေ လျော့ကျလာရခြင်းနဲ့ ခုတ်ထွင်ရှင်းလင်းခံရခြင်း အခြေအနေကတော့ အထူးသဖြင့် တနင်္သာရီမြောက်ပိုင်းရဲ့အခြေအနေက အံ့အားသင့်တုန်လှုပ်စရာပါ"ဟု FFI ၏ ငှက်လေ့လာပညာရှင်တစ်ဦးက ပြောသည်။

ကမ္ဘာလုံးဆိုင်ရာအားဖြင့် မျိုးသုဉ်းလုနီးပါး ခြိမ်းခြောက်ခံနေရသော ကမ်းရိုးတန်းငှက်ဖြစ်သည့် ရေညှော်င့်နှုတ်သီးဝိုင်းသည် ဒီရေတောများတွင် ကျက်စားသည့် ငှက်ဖြစ်ပြီး အဆိုပါငှက်အပါအဝင် သီးသန့်မျိုးစိတ် ၄၄ ခုကို မြိတ်မြို့အနီးရှိ အောက္ကလန်ဘေးတွင် မှတ်တမ်းတင်နိုင်ခဲ့သည်။ တစ်ကမ္ဘာလုံး၏ ငှက်မျိုးစိတ်အရေအတွက်မှာ ၅၀၀၀ နီးပါးရှိပြီး မျိုးစိတ် ၄၄ ခု တွေ့ရှိရသော မြိတ်ကျွန်းစုဧရိယာကို မြန်မာနိုင်ငံရှိ ငှက်မျိုးစိတ်များအတွက် အရေးကြီးဆုံးဧရိယာ သို့မဟုတ် ကမ္ဘာအတွက် အရေးကြီးဆုံးဧရိယာဖြစ်ကြောင်း သိရသည်။

FFI သည် ခိုင်မာသော သိပ္ပံအထောက်အထားများကို အခြေခံ၍ လူသားတို့၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားကာ ရေရှည်တည်တံ့သည့် နည်းလမ်းများကို ရွေးချယ်လျက် ကမ္ဘာတစ်ဝန်းမှ ခြိမ်းခြောက်ခံမျိုးစိတ်များနှင့် ဂေဟစနစ်များကို ကာကွယ်ထိန်းသိမ်းလျက်ရှိသည့်အပြင် ဖွံ့ဖြိုးဆဲနိုင်ငံအများစုပါဝင်သော နိုင်ငံပေါင်း ၄၀ ကျော်တွင် မျိုးစိတ်များ မျိုးသုဉ်းခြင်းမှ ကာကွယ်ရန် ရှင်သန်ကျက်စားရာနယ်မြေများ မပျက်စီးစေရန် ကာကွယ်ထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။

**သတင်း-နိုင်လင်းကြည်၊ ကိုမင်း၊**
**ဓာတ်ပုံ - FFI**

❖ **အမျိုးသားလွှတ်တော်မှ**

တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ထုတ်ပြန်ထားသောစာတွင် အာယုဗေဒ၊ တရုတ်အပ်စိုက်စသည်ဖြင့် သီးသန့်ဘာသာရပ်များ ဖော်ပြထားခြင်းမရှိပါကြောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန၏ ဆေးရုံဆေးခန်းများရှိ ဝန်ထမ်းများသည် မြန်မာ့တိုင်းရင်းဆေးပညာ ဂုဏ်သိက္ခာ မညှိုးနွမ်းစေရန်နှင့် လူနာများအန္တရာယ်မဖြစ်စေရန်အတွက် တရားဝင်ကုသခွင့်လိုင်စင်ရရှိခြင်း မရှိသော ဘာသာရပ်နှင့် နည်းပညာရပ်များကို အသုံးမပြုရန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူး(စီမံ)တို့နှင့် တိုင်ပင်ဆွေးနွေးဆုံးဖြတ်ပြီး လိုအပ်သဖြင့် ထုတ်ပြန်ခဲ့သော ဌာနတွင်းညွှန်ကြားချက်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မည်သည့်ဘာသာရပ်ဖြစ်စေ စနစ်တကျကျွမ်းကျင်အောင် သင်ကြားတတ်မြောက်ထားပါက အသုံးပြုကုသခြင်းကို တားမြစ်ပိတ်ပင်ထားခြင်းမရှိပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေ၏ ရေစကြိုမြို့နယ်ရှိ ကြက်ဆူကျင်းတိုက်နယ်ဆေးရုံတွင် အဆောက်အအုံဟောင်းနွမ်းပျက်စီးနေခြင်းနှင့် ဝန်ထမ်းအိမ်ရာများ မလုံလောက်ခြင်းတို့အတွက် ကျန်းမာရေးဌာနမှ မည်ကဲ့သို့ဖြေရှင်းပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရေစကြိုမြို့နယ် ကြက်ဆူကျင်းစံကိုက် တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်နိုင်ရန်အတွက် ကုသရေးဦးစီးဌာန၏ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၂၀၀ အဆိုပြုတင်ပြတောင်းခံထားပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ကြက်ဆူကျင်းတိုက်နယ်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူးနှင့် ဝန်ထမ်း ၅ ဦးအတွက် ဝန်ထမ်းအိမ်ရာ တည်ဆောက်ပေးရန် ၂၀၁၇-၂၀၁၈ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ငွေလုံးငွေရင်းဘတ်ဂျက်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပိတ်သွားပြီဖြစ်၍ ၂၀၁၇-၂၀၁၈ ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံပေးမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းနှင့် အလှူရှင်များက လှူဒါန်းရန်ရှိပါကလည်း ဦးစားပေးထည့်သွင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။


ထို့ပြင် ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး၊ မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၇)မှ ဦးနိုင်သီဟနှင့် ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမိုင်းအုဏ်းခိုင်တို့၏ ကျန်းမာရေးနှင့် အားကစားကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အား အစိုးရသက်တမ်းနှင့်အညီ အမြဲတမ်းဖွဲ့စည်းထားရန်မလိုအပ်ဘဲ ရွေးကောက်ပွဲတစ်ခုခုကျင်းပရန် လိုအပ်မှသာ သက်တမ်းကာလသတ်မှတ်၍ ဖွဲ့စည်းသင့်ပါကြောင်း၊ ထိုသို့ ဖွဲ့စည်းရာတွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ အမှန်တကယ် လုပ်ကိုင်ရသည့် သက်တမ်းနှင့်အညီ နိုင်ငံတော်မှ ကျခံရသော လစဉ်ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ရရှိခံစားနိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးနိုင်ရန် လွှတ်တော်သို့ တင်သွင်းရခြင်းဖြစ်ပါကြောင်း ပြောကြား၍ လွှတ်တော်သို့ အဆိုတင်သွင်းသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်အုန်းကြည်က လွှတ်တော်သို့ ဖတ်ကြားတင်ပြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ဒီဇင်ဘာ ၈ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သူရဇော် - သတင်းစဉ်)**



# KIA လက်နက်ကိုင်အဖွဲ့ ထောင်ထားသည့် အဝေးထိန်းမိုင်း တစ်လုံးနှင့် ရှေ့ထွက်မိုင်း လေးလုံးအား တပ်မတော်စစ်ကြောင်းက ရှင်းလင်း

**နေပြည်တော် ဒီဇင်ဘာ ၆**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်းရှိ ဆမားလမ်းခွဲတွင် KIA လက်နက်ကိုင်အဖွဲ့ ထောင်ထားသည့် အဝေးထိန်းမိုင်း တစ်လုံး၊ ရှေ့ထွက်မိုင်းလေးလုံးနှင့် ဆက်စပ်ပစ္စည်းများအား ယမန်နေ့မွန်းလွဲပိုင်းတွင် တပ်မတော်စစ်ကြောင်းက ရှင်းလင်းနိုင်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

တပ်မတော်စစ်ကြောင်းများက ဝိုင်းမော်မြို့နယ်အတွင်း နယ်မြေရှင်းလင်းစဉ် ယမန်နေ့ မွန်းလွဲ ၂ နာရီခန့်က ဆမားလမ်းခွဲအနီး၌ KIA လက်နက်ကိုင်အဖွဲ့မှ ထောင်ထားသည့် အချင်း ခြောက်လက်မ၊ အမြင့် ရှစ်လက်မ၊ အစိတ် ၇၀ ပိုင်းခြားထားသည့် ဒေသန္တရလုပ် အဝေးထိန်းမိုင်း တစ်လုံး၊ ရှေ့ထွက်မိုင်း လေးလုံးနှင့် ဆက်စပ်ပစ္စည်းများဖြစ်သည့် လျှပ်စစ်ဒီတိုနေတာ ခြောက်ချောင်း၊ ဝါယာကြိုး ရှစ်လက်မခန့်နှင့် ဓာတ်ခဲ ငါးလုံးပါ ဓာတ်ခဲအိမ် ငါးခုတို့ကို တွေ့ရှိခဲ့ရာ တပ်မတော်စစ်ကြောင်းက ရှင်းလင်းခဲ့ပြီး ဆက်လက်၍ နယ်မြေရှင်းလင်းလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကချင်ပြည်နယ်အတွင်း KIA လက်နက်ကိုင်အဖွဲ့က တပ်မတော်စစ်ကြောင်းအား လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်

**နေပြည်တော် ဒီဇင်ဘာ ၆**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်းရှိ တပ်မတော်စစ်ကြောင်းအခြေပြုနေရာများအား ယမန်နေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းက KIA လက်နက်ကိုင်အဖွဲ့က လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။

ဝိုင်းမော်မြို့နယ်အတွင်း ယမန်နေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းက တပ်မတော်စစ်ကြောင်းအခြေပြုနေရာများအား KIA လက်နက်ကိုင်အဖွဲ့က ၎င်းတို့ ခြေကုပ်ယူထားသည့် ပွိုင့် ၁၁၀၃ စခန်းမှ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ၎င်းပစ်ခတ်ခဲ့သည့် ဗုံးသီးများအနက် ပေါက်ကွဲမှုမရှိသည့် ဗုံးသီးများအား တပ်မတော်စစ်ကြောင်းမှ စစ်ဆေးရာ တစ်ဖက်နိုင်ငံထုတ် ရှော့ခ်တိုက်ပစ်ခတ်ရသည့် ၁၀၇ မီလီမီတာ ဒုံးသီးများဖြစ်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# TNLA လက်နက်ကိုင်အဖွဲ့က တပ်မတော်စစ်ကြောင်းအား အဝေးထိန်းမိုင်း သုံးလုံးဖြင့် ဖောက်ခွဲတိုက်ခိုက်

**နေပြည်တော် ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နယ်တွင် ယနေ့နံနက်ပိုင်းက တပ်မတော်စစ်ကြောင်းအား TNLA လက်နက်ကိုင်အဖွဲ့က အဝေးထိန်းမိုင်း သုံးလုံးဖြင့် ဖောက်ခွဲတိုက်ခိုက်သဖြင့် စစ်သည်တစ်ဦးကျဆုံးပြီး စစ်သည်အချို့နှင့် ဒေသခံတစ်ဦး မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။

နမ့်ဆန်မြို့၏ အရှေ့တောင်ဘက် ခြောက်မိုင်ခန့်အကွာ၌ ယနေ့နံနက် ၇ နာရီခန့်က လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းအား TNLA လက်နက်ကိုင်အဖွဲ့က အဝေးထိန်းမိုင်း သုံးလုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ရာ စစ်သည်တစ်ဦးကျဆုံးပြီး စစ်သည်အချို့ဒဏ်ရာရရှိခဲ့သည့်အပြင် မိုင်းပေါက်ကွဲမှုဖြစ်စဉ်အနီးတွင်ရှိနေသော မန်မိုင်ကျေးရွာမှ ဦးအိုက်ဟန်မှာလည်း မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ဒဏ်ရာရရှိသူများအား နမ့်ဆန်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသလျက်ရှိကြောင်းနှင့် တပ်မတော်စစ်ကြောင်းများက အဆိုပါနေရာများအား နယ်မြေရှင်းလင်းလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



# မောင်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်များတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၆**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်နှင့် မောင်တောမြို့နယ်များအတွင်း ယမန်နေ့က စိတ်ကြွရူးသွပ်ဆေးပြား ကိုးသိန်းကျော် သိမ်းဆည်းရမိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

ရသေ့တောင်မြို့နယ် အငူမော်အနီး မြန်မာ့ပင်လယ်ပြင်တွင် တပ်မတော်စစ်ရေယာဉ်ဖြင့် နယ်မြေစိုးမိုးရေးဆောင်ရွက်စဉ် ယမန်နေ့ ညနေ ၄ နာရီခန့်က မသင်္ကာဖွယ် လှေတစ်စင်းအားတွေ့ရှိစစ်ဆေးရာ မသင်္ကာသူအမျိုးသား ငါးဦးနှင့်အတူ ဆာလာအိတ်အထုပ် လေးထုပ်နှင့် ငါးဂါလန်ပုံး နှစ်ပုံးအတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြား ကိုးသိန်းကျော် သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များက မောင်တောမြို့နယ် ရွှေစားစေတီပြင်ကျေးရွာနေ အဏ္ဏဝါ၏နေအိမ်အား ယမန်နေ့ည ၆ နာရီခွဲတွင် ဝင်ရောက်ရှာဖွေရာ အိမ်အောက်ထပ် ထင်းပုံကြားမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် မသင်္ကာသူအမျိုးသားနှစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျားခေါင်းတောင်ကျေးရွာအနီးတွင် ယနေ့နံနက်ပိုင်းက မသင်္ကာသူနှစ်ဦးအား လုံခြုံရေးတပ်ဖွဲ့များက ဖမ်းဆီးရမိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

မောင်တောမြို့နယ် ကျားခေါင်းတောင်ကျေးရွာအနီးတွင် ယမန်နေ့ နံနက် ၇ နာရီက လုံခြုံရေးတပ်ဖွဲ့များ နယ်မြေရှင်းလင်းစဉ် လိုလာမိန်နှင့် နိုတာရှိန်းတို့အားတွေ့ရှိသဖြင့် လိုအပ်သည်များမေးမြန်းပြီး ၎င်းတို့၏ လက်ကိုင်ဖုန်းများအား စစ်ဆေးရာ မိုဘိုင်းဖုန်း မန်မိုရီကတ်အတွင်း၌ RB News မှ သတင်းများ၊ သေနတ်ဒဏ်ရာရဓာတ်ပုံများ၊ လည်လှီးသတ်ဖြတ်ထားသည့် ဓာတ်ပုံများနှင့် ဖြစ်စဉ်အကြောင်းအရာများ၊ သတင်းပို့သည့် မှတ်တမ်းဓာတ်ပုံများ တွေ့ရှိရသဖြင့် ဖမ်းဆီးခဲ့ပြီး ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# နိုင်ငံတကာမော်ဒယ်လ်ဆုကို ဆွတ်ခူးသွားတဲ့ ဂျီဂျီဟတ်ဒီ



ပြီးခဲ့တဲ့ တနင်္လာနေ့ ညပိုင်းကပြုလုပ်ခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွက် ဖက်ရှင်ဆုပေးပွဲမှာ ဗစ်တိုးရီးယား စီးခရက်ထ်မော်ဒယ်လ် ဂျီဂျီဟတ်ဒီဟာ တစ်နှစ်တာရဲ့ နိုင်ငံတကာမော်ဒယ်လ်ဆုကို ဆွတ်ခူးသွားနိုင်ခဲ့ကြောင်း မစ်ရာဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့သီတင်းပတ်အတွင်း ကျင်းပခဲ့တဲ့ ဗစ်တိုးရီးယား စီးခရက်ထ်ဖက်ရှင်ပြပွဲမှာ နတ်သမီးဝတ်စုံကို ဝတ်ဆင်ခွင့်ရခဲ့တဲ့ ဂျီဂျီဟာ သူ့ရဲ့အစ်မဖြစ်သူ ဘယ်လာဟတ်ဒီကို ကျော်ကြားလွန်းကာ ယခုလို ထူးချွန်ဆုကို ပိုင်ဆိုင်ခွင့်ရခဲ့တာလည်း ဖြစ်ပါတယ်။ လန်ဒန်မြို့မှာ ကျင်းပခဲ့တဲ့ အဆိုပါဆုပေးပွဲကို ဂျီဂျီက သူ့ရဲ့ချစ်သူ "One Direction" အဖွဲ့ဝင်ဟောင်း ဇေမာလိခ်နဲ့အတူ တက်ရောက်လာခြင်းမရှိဘဲ မိခင်ဖြစ်သူ ယိုလန်းဒါဖော်စတာနဲ့အတူ တက်ရောက်လာခဲ့ပါတယ်။ အဆိုပါဆုပေးပွဲ အခမ်းအနားရဲ့ ကော်ဇောနီပေါ်လျှောက်လှမ်းရာမှာ ဂျီဂျီဟာ ငွေရောင်ပွဲတက်ဝတ်စုံကို ဝတ်ဆင်လာခဲ့ပြီး သူ့ရဲ့ထူးခြားလှပတဲ့ ဝတ်စုံဒီဇိုင်းကြောင့် မီဒီယာတွေကို အထူးဖမ်းစားထားနိုင်ခဲ့ပါတယ်။ လန်ဒန်ရဲ့ အထင်ကရခန်းမတစ်ခုဖြစ်တဲ့ ရွိုင်ယယ်အဲလ်ဘာ့ထ်ခန်းမမှာ ကျင်းပခဲ့တဲ့ ယင်းဖက်ရှင်ပြပွဲကို ကာလီကလော့စ်၊ ကိတ်ထ်မို့စ်စတဲ့ အခြားသော ထိပ်တန်းမော်ဒယ်လ်တွေလည်း တက်ရောက်ခဲ့ကြပါတယ်။

အဆိုပါဆုပေးပွဲမှာ ယခုနှစ်ဖက်ရှင်ဆုပေးပွဲရဲ့ အမှုဆောင်ချုပ်ကာရိုလိုင်းရက်ရှ်က ဂျီဂျီရဲ့အစ်မဖြစ်သူ ဘယ်လာဟတ်ဒီသည်လည်း ယခုချီးမြှင့်မယ့် တစ်နှစ်တာရဲ့ နိုင်ငံတကာမော်ဒယ်လ်ဆုကို ထိုက်တန်သူတစ်ဦးဖြစ်ပါကြောင်း၊ နှစ်ဦးစလုံးဟာ ထူးချွန်ပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ အောင်မြင်မှုရအောင် စွမ်းဆောင်နိုင်ခဲ့သူများဖြစ်ကြကြောင်း၊ ပါရမီရှိသူများဖြစ်ကြသော်လည်း ဆုပေးပွဲရဲ့အစဉ်အလာအတိုင်း ပရိသတ်တွေပေးပို့ကြတဲ့ မဲအရေအတွက်နဲ့ ဆုကိုရွေးချယ်ပေးအပ်ခဲ့တာဖြစ်တဲ့အတွက် မဲအရေအတွက် ပိုမိုရရှိခဲ့တဲ့ ဂျီဂျီက ဆုကိုပိုင်ဆိုင်ခွင့်ရခဲ့တာဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။ ဗြိတိန်ရဲ့ အကြီးမားဆုံး ဖက်ရှင်ဆုပေးပွဲလို့ဆိုနိုင်တဲ့ ယင်းဆုပေးပွဲကြီးကို ဖိတ်ကြားထားတဲ့ ပရိသတ်ပေါင်းလေးထောင်ခန့် တက်ရောက်အားပေးခဲ့ကြပြီး ယခုနှစ်မှာတော့ ဆုပေါင်း ၁၄ ဆုကို ချီးမြှင့်ပေးခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

# လက်ထပ်လိုက်ပြီဖြစ်တဲ့ စတီဗင်ယွန်း

ပရိသတ်အများ အားပေးနှစ်သက်ကြတဲ့ ဖုတ်ကောင်တွေနဲ့ လူတွေအကြားက တိုက်ခိုက်မှုတွေကို ဇာတ်လမ်းဆင်ရိုက်ကူးထားသော "The Walking Dead"သည်းထိတ်ရင်ဖိုဇာတ်လမ်းတွဲရုပ်ရှင်တွေရဲ့ ပင်တိုင်ဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ မင်းသား စတီဗင်ယွန်းဟာ နှစ်အတော်ကြာလက်တွဲလာခဲ့တဲ့ချစ်သူ ဂျိုအာနာပက်ခ်နဲ့ ပြီးခဲ့တဲ့စနေနေ့က မင်္ဂလာပွဲဆင်နွှဲခဲ့ကြောင်း ဒေးလီမေးဒေါ့ကွန်းရဲ့ ဖော်ပြချက်အရ သိရပါတယ်။ အသက်(၃၂)နှစ်အရွယ် စတီဗင်ယွန်းနဲ့ ဓာတ်ပုံဆရာတစ်ဦးဖြစ်တဲ့ ဂျိုအာနာပက်ခ်တို့ဟာ လော့အန်ဂျလိစ်မှာ လက်ထပ်ပွဲကျင်းပခဲ့ကြတာဖြစ်ပြီး အဆိုပါမင်္ဂလာအခမ်းအနားမှာ "The Walking Dead" ရုပ်ရှင်ဝိုင်းတော်သားတွေလည်း တက်ရောက်အားပေးခဲ့တာတွေ့ရပါတယ်။

အဆိုပါမင်္ဂလာမောင်နှံရဲ့ဓာတ်ပုံကို ဂျိုအာနာပက်ခ်ရဲ့မိသားစုဝင်တစ်ဦးက လူမှုကွန်ရက်မီဒီယာပေါ်မှာ ထုတ်ဖော်ပြသခဲ့ရာ ကမ္ဘာတစ်ဝန်းက ပရိသတ်တွေနဲ့ အနုပညာမိသားစုဝင်များက ဆုတောင်းစကားများ ရေးသားဖော်ပြခဲ့ကြကြောင်းလည်း သိရပါတယ်။

# အာရှရုပ်သံဆုပေးပွဲမှာ အကောင်းဆုံးဒရမ်မာဇာတ်လမ်းတွဲဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ Descendants of the Sun

ယခုနှစ်အစပိုင်းမှာ ထုတ်လွှင့်ပြသခဲ့တဲ့ တောင်ကိုရီးယားရုပ်သံဇာတ်လမ်းတွဲ ရုပ်ရှင် "Descendants of the Sun" ဟာ စင်ကာပူနိုင်ငံမှာ ကျင်းပခဲ့တဲ့ အာရှရုပ်သံဆုပေးပွဲမှာ အကောင်းဆုံးဒရမ်မာဇာတ်လမ်းတွဲဆုကို ဆွတ်ခူးသွားနိုင်ခဲ့ကြောင်း ဟန်စင်းနီးမားဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။


မင်းသား ဆောင်ဂျွန်ကီနဲ့ မင်းသမီး ဆောင်းဟေကိုတို့ ခေါင်းဆောင်ပါဝင်ထားတဲ့ အဆိုပါရုပ်ရှင်ဟာ အကောင်းဆုံး ဒရမ်မာဇာတ်လမ်းတွဲအတွက် အမည်စာရင်း တင်သွင်းဖော်ပြခြင်းခံခဲ့ရတဲ့ အခြားသောအာရှရုပ်ရှင်တွေကို ကျော်လွန်ကာ မဲအများဆုံးရရှိခဲ့တာဖြစ်ပါတယ်။ အဆိုပါဆုအတွက် ဆန်ခါတင်စာရင်းမှာ စုစုပေါင်း ရုပ်ရှင်ခြောက်ကားရွေးချယ်ဖော်ပြခြင်းခံခဲ့ရပြီး အဆိုပါ ရုပ်ရှင်တွေထဲမှာ အခြားသောတောင်ကိုရီးယားဇာတ်လမ်းတွဲရုပ်ရှင် "Marriage Contract"လည်း ပါဝင်ခဲ့ပေမယ့် ဆုနဲ့လွဲချော်ခဲ့ရတာ ဖြစ်ပါတယ်။



ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂ ရက်က ကျင်းပခဲ့တဲ့ အဆိုပါ အာရှရုပ်သံဆုပေးပွဲဟာ နှစ်စဉ်ကျင်းပမြဲဆုပေးပွဲဖြစ်ပြီး ယခုကျင်းပခဲ့တဲ့ ဆုပေးပွဲဟာ (၂၁)ကြိမ်မြောက် ဖြစ်ပါတယ်။ ယင်းဆုပေးပွဲကြီးမှာ အာရှရုပ်သံတွေမှာ ထုတ်လွှင့်ပြသခဲ့တဲ့ အနုပညာဖန်တီးမှုတွေထဲက ထူးချွန်တဲ့လက်ရာတွေနဲ့ အနုပညာရှင်တွေကို ရွေးချယ်ကာ ဆုတွေအပ်နှင်းခဲ့တာဖြစ်ပြီး ယခုနှစ်ဆုပေးပွဲမှာလည်း ထူးချွန်ဆုပေါင်း ၄၀ ကျော်ကို ပေးအပ်ခဲ့ကြောင်း သိရပါတယ်။

# Seventeen ၏ တေးဗီဒီယိုသစ် စတင်ထုတ်လွှင့် တေးအယ်လ်ဘမ်သစ်တစ်ခုလုံး ဖြန့်ချိလိုက်ပြီဖြစ်

တောင်ကိုရီးယား အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Seventeen ဟာ အဖွဲ့ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "Going Seventeen" မှာပါဝင်တဲ့ တေးသီချင်းသစ် "Boom Boom" အတွက် တေးဗီဒီယိုကို စတင်ထုတ်လွှင့်လိုက်ပြီဖြစ်ကြောင်း ကေပေ့ါပ်စတားဇ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။




ယခုထုတ်လွှင့်ခဲ့တဲ့တေးဗီဒီယိုဟာ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ် "Going Seventeen" အတွက် နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ တေးဗီဒီယိုဖြစ်တာကြောင့် ယင်းတေးဗီဒီယိုနဲ့အတူ တေးအယ်လ်ဘမ်တစ်ခုလုံးကို အဖွဲ့ရဲ့ ယူကျူကနေတစ်ဆင့် စတင်ဖြန့်ချိလိုက်ပြီ ဖြစ်ပါတယ်။

"Boom Boom" မှာ လှပသေသပ်ကာ ချစ်စရာကောင်းတဲ့ Seventeen ရဲ့ကကွက်တွေကို တွေ့မြင်ကြရမှာဖြစ်ပြီး ယခင်ထွက်ရှိခဲ့တဲ့ တေးသီချင်းတွေနဲ့ ကွာခြားတာကတော့ ယခုထွက်ရှိခဲ့တဲ့ တေးသီချင်းမှာပါဝင်တဲ့ Seventeen ရဲ့ ကကွက်တွေဟာ အကဝါသနာရှင် ပရိသတ်တွေအဖို့ အလွယ်တကူ လိုက်ပါကလို့ရမယ့် ကကွက်တွေပါဝင်နေတာဖြစ်ပြီး အသံပိုင်းမှာတော့ တကယ့်ကို သီဆိုရခက်တဲ့သံစဉ်တွေ ပါဝင်ထားတာတွေ့ရပါတယ်။

ယခုလို ၂၀၁၆ ခုနှစ်မကုန်မီ တေးအယ်လ်ဘမ်သစ်ကို ထုတ်လွှင့်နိုင်ခဲ့တဲ့အတွက် အလွန်ဝမ်းမြောက်ကြောင်းလည်း Seventeen ရဲ့ ပရိသတ်တွေက အဖွဲ့ရဲ့ လူမှုကွန်ရက်မီဒီယာတွေပေါ်ကနေ တစ်ဆင့် ရေးသား ဖော်ပြခဲ့ကြကြောင်းလည်း သိရပါတယ်။

အေး ပြည့် - စု စည်း ရေး သား သည်

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

၇-၁၂-၂၀၁၆(ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း |
| ၈း၃၅ | "အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း" |
| ၉း၃၅ | ပြည်သူ့နိုတီ "စိုသောလက်" (ညီညီမင်း၊ ယဉ်မင်းပိုက်၊ မြမျက်ချယ်) (ဒါရိုက်တာ-မိုးဇော်ကို) |
| ၁၀း၃၅ | အထွေထွေသုတနှင့် ကျန်းမာရေး "မြန်မာအမျိုးသမီးများကျန်းမာရေး(၁၆ရက်တာ လှုပ်ရှားမှုအထူးအစီအစဉ်"(အပိုင်း-၁၀) |
| ၁၁း၁၅ | "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး တိုင်းရင်းဆေးနှင့် ပညာပေး" |
| ၁၁း၃၅ | မြန်မာ့ရုပ်မြင်သံကြားပညာရေးအစီအစဉ် |
| ၁၂း၃၅ | "ကျေးဇူးပါ" |
| ၁း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ ပန်းရွှေကြာ" (အပိုင်း-၅၆) |
| ၂း၀၀ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (ကော်နီ) |
| ၂း၃၀ | Sunday Talk |
| ၃း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို" (အပိုင်း-၅၇) |
| ၄း၃၅ | "သဘာဝအဆင်အသွေးနဲ့ ဆင်ရေးလို့ အလှခြယ်" |
| ၅း၁၅ | Football Magazine |
| ၅း၃၅ | NHK Programme "ဂျင်နည်းပညာ" (အသေးစားဂျင်များ) |
| ၅း၄၅ | "ရာဇဝင်ထဲကသုံးပန်လှ" |
| ၆း၃၅ | ဘဝထဲကဝတ္ထုဝတ္ထုထဲကဘဝ "အသည်းကျော်ကလေး" (ဦးခင်မောင်ချင်း၊ ဒေါ်ခင်ခင်ကြီး၊ ပိုးအိန္ဒြာ စိန်ပဲကျော်ရှိန်း၊ ယုယမင်းကျော်) (ဒါရိုက်တာ-သိမ်းစိုး(သီဟရတနာ) |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို" (အပိုင်း-၅၈) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၈း၃၅ | သဘာဝအလှတရားတွေနဲ့ ရှေးဟောင်းယဉ်ကျေးမှုများစုံရာမြို့ရေနံ့သာ" |
| ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ ပန်းရွှေကြာ" (အပိုင်း-၅၇) -သုခုမရင်ခွင်အငြိမ့်သဘင် "ဟာသလက်ဆောင် အငြိမ့်(မင်းသမီး-ခိုင်သင်းဇံ၊ လူရွှင်တော်- ပေါက်စီ၊ဝမ်းတူး၊ အောရိန်း၊ အောင်ပ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |

မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

## မြဝတီရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

၇-၁၂-၂၀၁၆(ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၁၆ | မေတ္တာပို့ |
| ၇း၂၀ | ဓမ္မပူဇာတေး |
| ၇း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | မွေးမြူသုတ |
| ၈း၃၀ | DVD Hits |
| ၈း၄၅ | ဇာတ်လမ်းတို |
| ၉း၁၅ | သူနှင့်သူ၏သီချင်းများ |
| ၉း၃၅ | အမှတ်တရနေ့ရက်လေးများ |
| ၁၀း၁၀ | Made In Myanmar |
| ၁၀း၂၅ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၀း၃၅ | Journal Talk |
| ၁၀း၅၀ | သီချင်းလက်ဆောင် |
| ၁၁း၂၅ | ကျန်းမာသုတ |
| ၁၁း၄၀ | Sport Review |
| ၁၂း၀၀ | ခရီးလည်းသွားစကားလည်ဆို |
| ၁၂း၁၅ | DVD Hits |
| ၁၂း၂၅ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၁၂း၃၅ | နှစ်(၈၀)ကျော်ကြားတေးများ |
| ၄း၂၅ | ရှေးဟောင်းသုတ |
| ၄း၄၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၄း၅၅ | ယနေ့ရန်ကုန်မြင်ကွင်းစုံ |
| ၆း၁၅ | Top Magic |
| ၆း၃၅ | ဘဝများ |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - သံသရာတစ်ကွေ့ဝယ် အပိုင်း(၇) - VOA အင်္ဂလိပ်စာသင်ခန်းစာ - ရယ်စရာပျော်စရာဟာသကမ္ဘာ - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရွှေရောင်ကြက်ခြေခတ်များ အပိုင်း(၂၅) |


ဓာတ်ပုံ- အား/ကာ

# အမျိုးသားတံခွန်စိုက်စက်ဘီးစီးပြိုင်ပွဲ ဆုချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနတို့၏ လမ်းညွှန်မှုဖြင့် Myan Shwe Pyi Tractors Limited, Myanmar CP Livestock, 100 plus, ရောမြန်မာအာမခံနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော (၅၈) ကြိမ်မြောက် အမျိုးသားတံခွန်စိုက်ဆုဖလားစက်ဘီးစီးပြိုင်ပွဲ နောက်ဆုံးနေ့ပြိုင်ပွဲအဖြစ် Cross Country စက်ဘီးစီး ပြိုင်ပွဲ၊ အလှူငွေပေးအပ်ပွဲနှင့် ဆုချီးမြှင့်ပွဲကို Mount Pleasant ရှိ စက်ဘီးအားကစားကွင်း၌ ယနေ့နံနက် ၈ နာရီက ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

Cross Country ပြိုင်ပွဲကို Mount Pleasant ရှိ စက်ဘီးအားကစားကွင်း၌ ကျင်းပရာ Myanmar CP Livestock မှ အကြံပေးပုဂ္ဂိုလ် ဒေါက်တာစိုးလွင်က သေနတ်ပစ်ဖောက်တာလွှတ်ပေးပြီး ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကစားကြသည်။

ဆက်လက်၍ ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ရာ BMX ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမဆုရရှိကြသူများအား Myanmar CP မှ Mr. Salofat က ဆုတံဆိပ်နှင့် ဆုကြေးငွေများကိုလည်းကောင်း၊ Down Hill လူသစ်တန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမဆုရရှိကြသူများအား 100 Plus မှ Area Manager ဦးညီညီထွန်းက ဆုတံဆိပ်နှင့် ဆုကြေးငွေများကိုလည်းကောင်း၊ Down Hill အလွတ်တန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမဆုရရှိကြသူများအား မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ဝင်းထွန်းက ဆုတံဆိပ်နှင့် ဆုကြေးငွေများကိုလည်းကောင်း၊ Cross Country အလွတ်တန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမဆုရရှိကြသူ များအား မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဂျက်ဘယ်လီက ဆုတံဆိပ်နှင့် ဆုကြေးငွေများကိုလည်းကောင်းအသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ပုဂံ-မိတ္ထီလာ-နေပြည်တော် တာဝေးစက်ဘီးစီးပြိုင်ပွဲတွင် ပထမဆုရရှိသူ အောင်ဖြိုးမင်း၊ ဒုတိယဆု ရရှိသူ စိုးသန့်၊ တတိယဆု ရရှိသူ ဇင်လင်းကိုတို့အားမြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ဆုတံဆိပ်နှင့်ငွေသားဆုများကိုလည်းကောင်း၊ ပုဂံ-မိတ္ထီလာ-နေပြည်တော် တာဝေးစက်ဘီးစီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ခဲ့ကြသော ကစားသမားများအား အဆင့်အလိုက်ဆုကြေးငွေနှင့် ဆုတံဆိပ်များကို အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းနှင့် ဦးသက်လွင်၊ ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးနှင့် ဦးဌေးအောင်တို့က ဆုတံဆိပ်နှင့် ငွေသားဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် တာဝေးစက်ဘီးစီး အသင်းလိုက်ပြိုင်ပွဲတွင် အမျိုးသားတံခွန်စိုက်ဆုဖလား ရရှိသွားသော နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(A)အသင်းအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုမှ တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကိုလည်းကောင်း၊ ဒုတိယဆုရရှိသွားသော GTM အသင်းအား အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ငွေသားဆုများကိုလည်းကောင်း၊ ပူးတွဲတတိယဆု ရရှိသွားသော နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (B)အသင်းနှင့် Bike World အသင်းတို့အား မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ငွေသားဆုများကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

# အက်ဖ်အေဖလားတတိယအဆင့်တွင် မန်ယူနှင့် ရီးဒင်း၊မန်စီးတီးနှင့် ဝက်စ်ဟမ်း တွေ့မည်




အက်ဖ်အေဖလားတတိယ အဆင့်ပွဲစဉ်များကို မဲခွဲဆုံးဖြတ်ခဲ့ရာတွင် လက်ရှိ ချန်ပီယံမန်ယူအသင်းသည် ချန်ပီယံရှစ်ကလပ် ရီးဒင်းအသင်းကို အိုးထရက်ဖို့ဒ်၌ အိမ်ရှင်အဖြစ် ဧည့်ခံကစားရမည်ဖြစ်ပြီး မန်စီးတီးအသင်းမှာ ဝက်စ်ဟမ်းအသင်း၏ အိမ်ကွင်းသို့ သွားရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်းသိရသည်။

မန်ယူအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီအတွင်းက ခရစ္စတယ်ပဲလေ့အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် အက်ဖ်အေဖလားကို (၁၂)ကြိမ်မြောက် ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့သည့်အသင်းလည်းဖြစ်သည်။

အဲဗာတန်အသင်းမှာမူ ပရီမီယာလိဂ်ချန်ပီယံ လက်စတာစီးတီးအသင်းနှင့် ယှဉ် ပြိုင်ကစားရမည်ဖြစ်ပြီး အာဆင်နယ်အသင်းမှာမူ ပရက်စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်းသိရသည်။

ထို့ပြင် ဟားစီးတီးအသင်းသည် ဆွမ်ဆီးအသင်းနှင့်လည်းကောင်း၊ ဆန်းဒါးလန်းအသင်းသည် ဘန်လေအသင်းနှင့်လည်းကောင်း၊ ကျူပီအာအသင်းသည် ဘလက်ဘန်းအသင်းနှင့်လည်းကောင်း၊ ဘလက်ပူးအသင်းသည် ဘန်စလေအသင်းနှင့်လည်းကောင်း၊ ကာဒစ်အသင်းသည် ဖူလ်ဟမ်အသင်းနှင့်လည်းကောင်း၊ စပါးအသင်းသည် အက်စ်တွန်ဗီလာအသင်းနှင့်လည်းကောင်း၊ ဘော်လ်တန်အသင်းသည် ခရစ္စတယ်ပဲလေ့အသင်းနှင့်လည်းကောင်း ထိပ်တိုက်ဆုံတွေ့မှုများရှိနေပြီး အချို့အသင်းများမှာ ပြိုင်ဘက်အသင်းများ မထွက်ပေါ်သေးကြောင်းသိရသည်။

**(ငွေကြယ်)**

# လီဗာပူးအသင်း၏ ကွင်းလယ်ကစားသမား ကော်တင်ဟို အက်ဖ်အက်စ်အက်ဖ်၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုဆွတ်ခူး



ဘောလုံးဆိုင်ရာထောက်ပံ့သူများအဖွဲ့ (အက်ဖ်အက်စ်အက်ဖ်)တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို လီဗာပူးအသင်း ကွင်းလယ်ကစားသမား ကော်တင်ဟိုက ရယူဆွတ်ခူးနိုင်ခဲ့ပြီး အဆိုပါဆုကို ကစားသမားကိုယ်စား အသင်းနည်းပြ ဂျာဂန်ကလော့က လက်ခံရယူခဲ့ကြောင်းသိရသည်။

ကွင်းလယ်ကစားသမား ကော်တင်ဟိုသည် အဆိုပါဆုအတွက် ပြိုင်ဘက်ကစားသမားများဖြစ်သည့် ဒီလီအယ်လ်လီ၊ မာရက်ဇ်၊ အိုဇေးလ်၊ ပါယက်နှင့် ၂၀၁၄ ခုနှစ်အတွင်းက အဆိုပါဆုကို ရရှိခဲ့သည့် အဂူရိုတို့ကို ကျော်ဖြတ်ကာ ရယူဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ကော်တင်ဟိုမှာ ပရိသတ်မဲပေးမှု ၂၀၀၀၀ ရရှိခဲ့ခြင်းဖြစ်ပြီး အမျိုးသမီးအကောင်းဆုံးဆုကိုမူ အာဆင်နယ် အမျိုးသမီးအသင်းမှ ဗီးနန်ဒါးလ်က ရယူဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

**(ငွေကြယ်)**

# ပရီမီယာလိဂ် အဆင့်(၄)အတွက် မန်ယူ မျှော်လင့်ချက်ရှိနေဆဲဟု ဂွါဒီယိုလာပြောကြား

နည်းပြမော်ရင်ဟို၏ မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီကုန်ဆုံးပါက အမှတ်ပေးဇယား၏ အဆင့်(၄)နေရာအတွက် မျှော်လင့်ချက်ရှိနေဆဲဖြစ်ကြောင်း မန်ချက်စတာမြို့ခံပြိုင်ဘက် မန်စီးတီးအသင်း၏ နည်းပြဂွါဒီယိုလာက ထုတ်ဖော်ပြောကြားလိုက်သည်။

မန်ယူအသင်းသည် ကစားခဲ့ပြီးဖြစ်သည့် ပရီမီယာလိဂ်ပွဲစဉ်သုံးပွဲတွင် သုံးပွဲစလုံးသရေရလဒ်သာထွက်ပေါ်ခဲ့ခြင်းကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယား၏ အဆင့်(၆)နေရာတွင် ရပ်တည်လျက်ရှိပြီး လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာ ရရှိနိုင်ရေးအတွက်အကြိတ်အနယ်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

လက်ရှိတွင် ပရီမီယာလိဂ်အမှတ်ပေးဇယား၏ အဆင့်(၄)အတွင်းဝင်ရန် ရမှတ်ကိုးမှတ်အထိကွာဟနေပြီး အဲဗာတန်အသင်းနှင့် တစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့ခြင်းသည် မန်ယူအသင်းအတွက် အဆင့်(၄)နေရာမှ မန်စီးတီးအသင်းနှင့် ရမှတ်ကိုးမှတ်အထိကွာဟခဲ့သည်အထိ ရလဒ်ပိုင်းဆိုးရွားခဲ့ရသည်။

သို့ရာတွင် မန်ယူအသင်းအနေဖြင့် လက်ရှိအချိန်တွင် ရလဒ်ပိုင်းဆိုးရွားခဲ့မှုများဖြစ်ပေါ်ခဲ့သော်လည်း မန်ယူအသင်းမှာ ဥရောပဝင်ခွင့်တစ်နေရာအတွက် ယှဉ်ပြိုင်နိုင်စွမ်းရှိနေဆဲဖြစ်ကြောင်းနှင့် ရာသီကုန်တွင် ဆုဖလားအတွက်မမျှော်လင့်နိုင်ပါက အဆင့်(၄)အတွင်းဝင်မည့်အသင်းဖြစ်ကြောင်း မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက ပြောကြားခဲ့သည်။

**(ငွေကြယ်)**

# စတီးပြားများဖြင့်ပြုလုပ်သော ပန်းကနုတ်များကို မုခ်ဦးများအတွက်မှာယူတပ်ဆင်မှုများပြားလာ

**မန္တလေး ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံတွင် ဘုရား၊ တန်ဆောင်း၊ ဇရပ်၊ ကျောင်း၊ မုခ်ဦး၊ ပြာသာဒ်နှင့် ဘုရားခန်းတို့ကို အလေးထားအလှဆင် ကုသိုလ်ပြုလေ့ရှိသည်။ ရှေးခေတ်ကာလတွင် မြန်မာ့ရိုးရာပန်းဖောက်လုပ်ငန်း၊ ပန်းပုလုပ်ငန်းဖြင့် ကနုတ်ပန်းများထုလုပ်ကာ အထွတ်တင်အလှဆင်ကြသည်။ လက်ရှိကာလတွင် မြန်မာ့ရိုးရာပန်းဖောက်လုပ်ငန်း ပန်းပုလုပ်ငန်းဖြင့် အလှဆင်မှုကို နိဗ္ဗာန်ကုန်သံထီးလုပ်ငန်းလုပ်ကိုင်သူတို့မှ ခေတ်နှင့်အညီ တွင်ကျယ်စွာပြုလုပ်လာကြသည်။

လက်ရှိကာလတွင် ဓမ္မာရုံ၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ ပြာသာဒ်နှင့် ဘုရားခန်းတို့ကို စတီးနှင့်ပြုလုပ်သောပန်းများဖြင့် အလှဆင်ကြသည်။ စတီးပြားတွင် ရွှေရောင်၊ ငွေရောင်များဖြင့်ပြုလုပ်ပြီး ကနုတ်ပန်းများကို လိုသလိုအလှဆင်လုပ်ကိုင်ပေးသည်။ စတီးပြားအထူအပါးအလိုက် ဈေးနှုန်းလည်းကွာခြားသွားသည်။ စတီးပြားများကို လိုသလိုပန်းဖောက်ခြင်းလုပ်ငန်းကို ပြုလုပ်ရသည်။ ဓမ္မာရုံများ၊ ဘုရားခန်းများ၊ ဘုန်းတော်ကြီးကျောင်းများတွင် ပန်းဆွဲ၊ လိပ်ပြာတောင်၊ ဒေါက်၊ စိန်၊ အောက်ဆွဲ၊ ဖောင်းပန်းဆွဲ၊ လိပ်ပြာတောင်မှအစ အမျိုးမျိုးပြုလုပ်အလှဆင်ပေးကြသည်။ လက်ရှိကာလတွင် တွင်ကျယ်စွာအသုံးပြုပြီး မှာယူမှုများပြားလျက်ရှိသည်။

အဆောက်အအုံအကြီးအသေးပေါ် မူတည်ကာ ပေအရှည်အတိုင်းအတာအမျိုးမျိုး ပြုလုပ်အလှဆင်ပေးရသည်။ အလှဆင်မှုတွင် စတီးရွှေရောင်၊ ငွေရောင်ပန်းကနုတ်များတပ်ဆင်နိုင်ရန် သံဖရိန်များထိုးကာ ပြုလုပ်ရသည်။ လက်ရှိကာလတွင် ဘုန်းတော်ကြီးကျောင်းဘုရားခန်း၊ ဓမ္မာရုံများနှင့် အခြားပန်းကနုတ်များဖြင့် အလှဆင်မှုတွင် ခေတ်နှင့်အညီ စတီးရွှေရောင်၊ ငွေရောင်များဖြင့် ပြုလုပ်တပ်ဆင်အလှဆင်မှုများလာသည့်အတွက် တစ်နှစ်ပတ်လုံး တွင်ကျယ်စွာပြုလုပ်ရသည်။

မြန်မာမှုစတီးပြား ပန်းဖောက်လုပ်ငန်း လုပ်ကိုင်သူများသည် မိရိုးဖလာ သံထီးတော်လုပ်ငန်းများဖြင့် တွဲဖက်လုပ်ကိုင်ကြကြောင်း မန္တလေးမြို့မှ စတီးပြားပန်းပန်းပုလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ရှင်းလင်းပြောကြားခဲ့သည်။

**တိမ်တမန်**



# လူမှုဖူလုံရေးနယ်လှည့်ရွှေ့လျားယာဉ်ဖြင့် ဆေးကုသ



**သံတွဲ ဒီဇင်ဘာ ၆**

လူမှုဖူလုံရေးရုံးချုပ်မှ ဒေါက်တာရဲမင်းအောင်ဦးဆောင်သည့် အဖွဲ့ဝင်(၁၄)ဦးပါဝင်သည့် နယ်လှည့်ရွှေ့လျားယာဉ်ဆေးကုသရေးအဖွဲ့သည် သံတွဲမြို့သို့ရောက်ရှိပြီး ဒီဇင်ဘာ ၅ ရက် နံနက် ၈ နာရီမှစ၍ ဒွါရာဝတီမြို့နယ်ခန်းမ၌ လူမှုဖူလုံရေးအဖွဲ့ရုံးတွင် အာမခံထားရှိသော ဌာနဆိုင်ရာဝန်ထမ်းများ၊ကုမ္ပဏီဝန်ထမ်းများ၊ ပုဂ္ဂလိကအလုပ်သမားများအား သံတွဲမြို့နယ်လူမှုဖူလုံရေးရုံးမှ တာဝန်ခံဦးအောင်လင်းစိုးနှင့် ဒေါက်တာဌေးဝင်းတို့ပါဝင်သော အဖွဲ့များပူးပေါင်းကူညီကာ ဆေးကုသမှုများဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ဆေးကုသမှုဆောင်ရွက်ရာတွင် ဆရာဝန်ညွှန်ကြားချက်အရ လိုအပ်သောစစ်ဆေးကုသမှုအတွက် ဆေးကုသယာဉ်တွင်ပါဝင်သော ဓာတ်ခွဲစမ်းသပ်ခြင်း၊ သွေးစစ်ခြင်း၊ ECG၊ X-Ray ရိုက်ကူးခြင်း အစရှိသောဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး သံတွဲမြို့တွင် ဒီဇင်ဘာ ၅ ရက်နှင့် ငပလီမြို့တွင် ဒီဇင်ဘာ ၆ ရက်မှ ၇ ရက်ထိ သုံးရက်စမ်းသပ်ကုသဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်(ခရိုင်ပြန်/ဆက်)**

# မိတ္ထီလာတွင် မိုးစပါးစံကွက်ရိတ်သိမ်း တစ်ဧက ၈၅ တင်းနှုန်းထွက်ရှိ



**မိတ္ထီလာ ဒီဇင်ဘာ ၆**

မိတ္ထီလာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၅ ရက်က ထမုန်ကန်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာရှိ တောင်သူဦးခင်မောင်ဝင်း၏ ကွင်းအမှတ် ၇၃၇ ဦးပိုင်အမှတ် ၁၂၈ စိုက်ဧက ၁ ဒသမ ၂၈ ပြည်မြန်စိန်မျိုးစပါးစိုက်ကွင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းမိုးစပါးစံကွက်ရိတ်သိမ်းပွဲတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကြင်မောင်က အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူးဦးဝင်းထိန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက မိုးစပါးစံကွက်ရိတ်သိမ်းမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တောင်သူဦးခင်မောင်ဝင်း၏ ပြည်မြန်မာစိန်စပါးမျိုး ၁ ဒသမ ၂၈ ဧက စိုက်ကွင်းအားစံကွက်ရိတ်သိမ်းမှုအား တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးနှင့်အဖွဲ့က ကြည့်ရှုအားပေးကြပြီး ယင်းစံကွက်မှ တစ်ဧက ၈၅ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲကျင်းပ

**နွားထိုးကြီး ဒီဇင်ဘာ ၆**

မှုခင်းကျဆင်းရေးနှင့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နွားထိုးကြီးမြို့ အမှတ်(၃) ရပ်ကွက်မြို့နယ်အားကစားခန်းမ၌ ဒီဇင်ဘာ ၅ ရက် နံနက် ၁၀ နာရီ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က မှုခင်းဖြစ်ပွားရခြင်းအကြောင်းကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့်က သက်ငယ်မုဒိမ်းမှုဖြစ်ပွားခြင်း မရှိစေရန် ဆောင်ရန်၊ ရှောင်ရန်အချက်များရှင်းလင်းဆွေးနွေးပြီးနောက် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်စိုးမိုးအောင်က ယာဉ်တိုက်မှုဖြစ်ပွားရသည့်အကြောင်းများနှင့် ပြစ်မှု၊ ပြစ်ဒဏ်များကို ဟောပြောဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်ရဲတပ်ဖွဲ့မှူးမှ ပြန်လည်ရှင်းလင်းဆွေးနွေး ပညာပေးဟောပြောခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့်၊ ယာဉ်ထိန်းတပ်စု ရဲအုပ်စိုးမိုးအောင်၊ မြို့မအုပ်ချုပ်ရေးမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံများ တက်ရောက်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

# ကျေးလက်လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး အခြေခံလက်သမား၊ ပန်းရန်သင်တန်းဖွင့်

**မြောင်းမြ ဒီဇင်ဘာ ၆**

စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မှ မြောင်းမြမြို့နယ်အတွင်းရှိ ကျေးလက်လူငယ်များနှင့် မြစိမ်းရောင်စီမံကိန်းဆောင်ရွက်နေသော ကျေးရွာများမှ လူငယ်များအား အလုပ်အကိုင် အခွင့်အလမ်းရရှိရေး လက်သမား၊ ပန်းရန်သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်သိန်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဗိုလ်ဗိုလ်မြင့်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် လူငယ်များရရှိနိုင်သည့် အခွင့်အလမ်းများကို ဆွေးနွေးပြောကြားခဲ့သည်။

ကျေးလက်နေ ပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူဖြစ်စေရန်နှင့် မိသားစုဝင်ငွေတိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သော အဆိုပါ လက်သမား၊ ပန်းရန်သင်တန်းကို ကျေးလက်လူငယ်(၂၅)ဦး တက်ရောက်ခဲ့ကြပြီး အုတ်စီခြင်း၊ မဆလာဖျော်စပ်ခြင်း၊ သံကူကွန်ကရစ်၊ သံချည်သံကွေး၊ အကြောင်းနှင့်ပန္နက်ရိုက်ခြင်း၊ လွှဖြတ်ခြင်း၊ ထုတ်ယောက်ဒိုင်းမြား၊ မျက်နှာကြက်အမိုးနှင့် သစ်သားအိမ်တည်ဆောက်ခြင်းများကို ကျေးလက်ဦးစီးဌာနမှ အင်ဂျင်နီယာများနှင့် ပြင်ပလက်သမား၊ ပန်းရန်ပညာရှင်များက ဒီဇင်ဘာ ၅ ရက်မှ ၂၀ ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

# လူထုလမ်းလျှောက်ပွဲဆင်နွှဲရန် တူညီဝတ်စုံများပေးအပ်

**ကျောက်ဆည် ဒီဇင်ဘာ ၆**

၂၀၁၆ ခုနှစ် ဒီဇင်ဘာလူထုလမ်းလျှောက်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပရေး ပြည်သူတစ်ရပ်လုံး ပါဝင်လာရေးနှင့် လူထုလမ်းလျှောက်ပွဲတွင် ဌာနဆိုင်ရာများ တူညီဝတ်စုံဖြင့် ဆင်နွှဲနိုင်ရေးအတွက် ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂ ရက် နံနက် ၁၁ နာရီခွဲတွင် တူညီဝတ်စုံများပေးအပ်ပွဲအခမ်းအနားကို ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများအား ဆောင်းတွင်းကာလတွင် အအေးဒဏ်ကာကွယ်နိုင်ရန်၊ လူထုလမ်းလျှောက်ပွဲတွင် ဝန်ထမ်းများတူညီဝတ်စုံဖြင့် ပါဝင်ဆင်နွှဲခြင်းအားဖြင့် ဌာနဂုဏ်သိက္ခာ မြှင့်တင်ပေးနိုင်ရေးနှင့် ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ရည်ရွယ်ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား လူထုလမ်းလျှောက်ပွဲတွင် တူညီဝတ်စုံဖြင့် ပါဝင်ဆင်နွှဲနိုင်ရေးအတွက် ရည်ရွယ်ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။ ယင်းနောက် ခရိုင်ထွေ/အုပ်ဝန်ထမ်း ၄၅ ဦးနှင့် ခရိုင်အဆင့်မှ ၄၄ ဦး စုစုပေါင်း ၈၉ ဦးတို့အား စုစုပေါင်းတန်ဖိုးငွေကျပ် ၅၂၀၀၀၀ ရှိ တူညီဝတ်စုံများအား ပေးအပ်ခဲ့သည်။ **ကျော့မြတ်နိုင်**

# ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဖွင့်

**နတ်တလင်း ဒီဇင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၅ ရက် နံနက် ၉ နာရီက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း (One Stop Shop) ဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း (၁/၂၀၁၆) ဖွင့်ပွဲပြုလုပ်ခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေဝဏ္ဏလှိုင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီးဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းနုက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်

အဆိုပါသင်တန်းကို ဒီဇင်ဘာ ၅ ရက်မှ ၆ ရက်ထိ ပို့ချသင်ကြားပေးခဲ့ပြီး မြို့ပေါ်ရှိ ဌာန ၁၂ ခုမှ သင်တန်းသား၊ သင်တန်းသူ ၂၄ ဦးတက်ရောက်ကြ၍ ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး-၁ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ ရဲမှူးအောင်မိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။ **ဝ၇၁**



# ယဉ်ကျေးမှုအမွေအနှစ် အနုပညာလက်ရာအများဆုံးတည်ရှိသော မန္တလေးမြို့သို့ ခရီးသွားများ လာရောက်လည်ပတ်မှုများပြား

**မန္တလေး ဒီဇင်ဘာ ၆**

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်လက်ရာ အများဆုံး တည်ရှိသော မန္တလေးမြို့သို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားများ စိတ်ဝင်တစား လာရောက်လည်ပတ်လေ့လာမှု များပြားလျက်ရှိကြောင်း သိရသည်။

ယခုအချိန်မှာ ခရီးသွားရာသီဖြစ်၍ ပြည်တွင်း၊ ပြည်ပခရီးသွားတွေ လာရောက်လည်ပတ်မှု များပြားကြောင်း၊ မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီး၊ ဦးပိန်တံတား၊ မန္တလေးတောင်နှင့် ကုသိုလ်တော်ဘုရားများတွင် ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်မှု နေ့စဉ်စည်ကားလျက်ရှိကြောင်း၊ ပန်းချီ၊ ပန်းပုလုပ်ငန်း၊ ကျောက်ဆစ်လုပ်ငန်း၊ ကြေးသွန်း၊ ကြေးခတ်လုပ်ငန်း၊ ရွှေချည်ထိုးလုပ်ငန်း အစရှိသော လုပ်ငန်းများ ထွန်းကားသော မြို့တော်ဖြစ်သလို ရှေးဘုရင်မင်းဆက် နောက်ဆုံးစိုးစံခဲ့တဲ့ မြို့တော်ဖြစ်၍ ရှေးဟောင်းအဆောက်အအုံများ၊ ရှေးဟောင်းစေတီပုထိုးများ၊ ယဉ်ကျေးမှုအမွေအနှစ်လက်ရာများနှင့် အခြားစိတ်ဝင်စားစရာနေရာများ စွာရှိသည့်အတွက် ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း မန္တလေးမြို့မှ ဒေသခံတစ်ဦးကပြောသည်။



မြန်မာနိုင်ငံလယ်ပိုင်းတွင်တည်ရှိပြီး စီးပွားရေးအချက်အချာကျသော မန္တလေးမြို့တော်သည် ကမ္ဘာ့အဖော်ရွေဆုံး ၃၃ မြို့တွင် အဆင့်ရှစ်ရရှိခဲ့သော မြို့တော်လည်းဖြစ်သည်။ ရှေးဘုရင်မင်းများ နောက်ဆုံးထီးနန်းစိုးစံခဲ့သော မန္တလေးမြို့တော်၏ လေ့လာလည်ပတ်နိုင်သည့် ထင်ရှားသောနေရာများမှာ သမိုင်းအစဉ်အလာကြီးမားခဲ့သော မန္တလေးနန်းမြို့ရိုးနှင့်ကျုံးတော်၊ သဘာဝအလှတရာများနှင့်ပြည့်စုံသော မန္တလေးတောင်၊ မြန်မာနိုင်ငံ၏ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သော မဟာမုနိဘုရားကြီး၊ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ကုသိုလ်တော်ဘုရားကြီး၊ မြန်မာ့အနုပညာလက်ရာများနှင့်ပြည့်စုံသော ရွှေနန်းတော်ကျောင်း(ရွှေကျောင်း)၊ ကမ္ဘာကျော်ဦးပိန်တံတားနှင့် တောင်သမန်အင်း၊ ကမ္ဘာ့ပထမဦးဆုံး ကျောက်စိမ်းစေတီတော်၊ မန္တလေးမြို့အနီးတွင်တည်ရှိ၍ ရှေးဘုရင်မင်းဆက် (၃၁) ဆက် ထီးနန်းစိုးစံခဲ့သော အင်းဝမြို့ဟောင်းရှိ ရှေးဟောင်းစေတီပုထိုးများနှင့် အခြားစိတ်ဝင်စားဖွယ်ကောင်းသောနေရာများကို ပိုင်ဆိုင်ထားပြီး ယဉ်ကျေးမှုအမွေအနှစ်အများဆုံးတည်ရှိသော မန္တလေးမြို့သည် ခရီးသွားများအတွက် အထူးဆွဲဆောင်လျက်ရှိသောကြောင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

## အသက်ကယ်ထိုင်ခုံခါးပတ်ဝတ်ဆင်ရေး အသိပညာပေး

**မင်းဘူး ဒီဇင်ဘာ ၆**

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံချက် ဦးစားပေးလုပ်ငန်း အစီအမံ (၄)ရပ် တွင် မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ အားလုံး အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်စီးနင်းစေရေးလုပ်ငန်းစဉ်အရ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့မှ စကုမြို့အထွက် စကု-လယ်ကိုင်း-ပွင့်ဖြူ -စလင်း-ဆင်ဖြူကျွန်းဘက်သွားသည့် ၄ မိုင် တိုးဂိတ်အနီး၌ ဒီဇင်ဘာ ၄ ရက် နံနက် ၇ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ခရိုင်က. ည. န၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မော်တော်ယာဉ်များအား မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဝတ်ဆင်ရေးကို လက်တွေ့အသိပညာပေး ဝတ်ဆင်စေခြင်း ပြုလုပ်ခဲ့ကြသည်။

ထို့အတူ ဒီဇင်ဘာ ၂ ရက် ညနေ ၄ နာရီခွဲက မင်းဘူးမြို့ ကားကြီးဝင်းအတွင်း ပုဂ္ဂလိကလုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းများကြီးကြပ်ရေးကော်မတီရုံးရှေ့၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညဏ်ကီးရှိန်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ဒုရဲမှူးစိုးမြင့်ဝင်းနှင့် ခရိုင် က. ည. နမှ ယာဉ်မောင်းစစ် ဦးအောင်ဇင်ဝင်းနှင့် တာဝန်ရှိသူတို့က အဝေးပြေးအထွက်ယာဉ်များအား မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ်များဝတ်ဆင်ရေးနှင့် ဒီဇင်ဘာလသည် ပညာပေးကာလဖြစ်ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှစ၍ အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ပညာပေးဟောပြောခဲ့ပြီး ထိုင်ခုံခါးပတ်များကို လက်တွေ့ဝတ်ဆင်စေခဲ့ကြကြောင်း သိရသည်။ **သန်းဌွေး(မင်းဘူး)**

## နားနေဆောင်များဆောက်လုပ်ပေး၍ ခရီးသွားများ အဆင်ပြေ

**မင်္ဂလာဒုံ ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ကျိုက္ကလို့သဘာဝဓာတ်ငွေ့သုံး CNG ဆိုင်အမှတ်(၀၀၄)တွင် ခရီးသည်နားနေဆောင် ဆောက်လုပ်ပေးထားခြင်းကြောင့် ခရီးသွားများ အဆင်ပြေလျက်ရှိသည်။

ခရီးသွားများ ဘေးအန္တရာယ် လုံခြုံစိတ်ချမှုရှိရန်အတွက် ဆိုင်၏အပြင်ဘက်တွင် ခရီးသည်များအား ချခဲ့ရမည်ဖြစ်ကြောင်း၊ ခရီးသည်များပါလာခဲ့ပါက CNG မထည့်ပေးကြောင်း၊ ယခင်ကနားနေဆောင်မရှိသည့်အတွက် ခရီးသွားများ မိုးရွာထဲလည်းမတ်တတ်၊ နေပူလည်းမတ်တတ် ရပ်စောင့်နေရကြောင်း၊ ယခုလို နားနေဆောင်နှစ်လုံး ဆောက်ပေးထားသည့်အတွက် အဆင်ပြေကြောင်း ပဲခူးမှ ရန်ကုန်သို့သွားသော ခရီးသွားတစ်ဦးက ပြောသည်။

ပူးပြင်းခြောက်သွေ့သောရာသီရောက်ရှိလာပြီဖြစ်သည့်အတွက် လေ pressure အားနှင့် ဓာတ်ငွေ့အား ဖိသိပ်ထည့်သွင်းသည့်အခါ အပူလွန်ကဲပြီး မတော်တဆ ပေါက်ကွဲနိုင်ကြောင်း၊ နောက်ပြီး NGV ထိုးခေါင်းပြုတ်ထွက်ပြီး မတော်တဆ မီးထလောင်နိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောပြပါသည်။

**မောင်မောင်အေး(ဥသာမြေ)**

## ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းဆင်း

**နေပြည်တော် ဒီဇင်ဘာ ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန အနေဖြင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ (မူကြိုဆရာမ) သင်တန်းဆင်းပွဲအခမ်းအနားကို နေပြည်တော် လူမှုဝန်ထမ်းရုံး၌ ဒီဇင်ဘာ ၂ ရက် နံနက် ၁၁ နာရီခွဲက ကျင်းပခဲ့သည်။

နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်တာက သင်တန်းဆင်းအမှာစကားပြောကြားရာ၌ သင်တန်းတွင် ကလေးများ၏ အခြေခံလိုအပ်ချက်များ၊ ကလေးဖွံ့ဖြိုးမှု၊ ဘာသာစကားဖွံ့ဖြိုးမှု၊ ကလေးစိတ်ပညာ၊ ကလေးများ၏ လက်ချောင်းကြွက်သားများ သန်မာစေရေးအတွက် လက်မှုပညာအဖြစ် စက္ကူခေါက်ခြင်း၊ အခြေခံပန်းချီရေးခြင်း၊ ကျန်းမာရေးနှင့် အာဟာရ စသည့်စိတ်ဝင်စားဖွယ်ဘာသာရပ်များကို သင်ကြားပေးခဲ့ပါတယ်။ သင်တန်းတက်ရောက်ခြင်းအားဖြင့် မူကြိုအရွယ်ကလေးသူငယ်များအား နည်းစနစ်မှန်ကန်စွာဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ပြုစုစောင့်ရှောက်ပေးနိုင်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မှာဖြစ်တယ်ဟု ထည့်သွင်းပြောကြားသည်။


သင်တန်းသူတစ်ဦးက မူကြိုအရွယ်ကလေးငယ်များ ပြုစုပျိုးထောင်ရေးဆိုင်ရာ နည်းစနစ်များ၊ အသက်အရွယ်အလိုက် ပြုစုပျိုးထောင်ပေးရမည့်နည်းလမ်းများနှင့် သင်ကြားနည်းလေးမျိုးတို့ကို စာတွေ့လက်တွေ့ သင်ကြားပေးမှာဖြစ်လို့ မိမိတို့ကျောင်းအတွက် စနစ်တကျဖြစ်စေမယ်လို့ ယုံကြည်ပါတယ်ဟု ပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူး ဦးမောင်မောင်တာက သင်တန်းတွင်ဆုရရှိသူများအား ဆုများပေးအပ်ပြီး နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မူလတန်းကြိုကျောင်းအုပ်ဆရာမကြီးများက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို အသီးသီးပေးအပ်ကြသည်။

အဆိုပါသင်တန်းကို အစိုးရမူကြိုကျောင်းများ၊ တိုင်းစစ်ဌာနချုပ်လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များမှ ဖွင့်လှစ်ထားသော မူကြိုကျောင်းများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ သင်တန်းသူစုစုပေါင်း ၃၆ ဦးတက်ရောက်ကြပြီး သင်တန်းဆရာ ၁၃ ဦးတို့ဖြင့် နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၂ ရက်ထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။ **သန့်မောင်**



## မြင်းစီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကျင်းပ



**မန္တလေး ဒီဇင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်တို့၏ ဦးဆောင်မှုဖြင့် မြန်မာ့မြင်းစီးဝါသနာရှင်များအသင်းနှင့် Nature's Life Equestrian & Country Club တို့၏ အပတ်စဉ်မြင်းစီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက် ၁၀ နာရီခွဲက ပုသိမ်ကြီးမြို့နယ် ရေထွက်ကျေးရွာရှိ Nature's Life မြင်းစီးအသင်းနှင့် မိသားစုအပန်းဖြေစခန်းတွင် ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော၊ မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းဦးတို့က မြင်းစီးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်ပြီး မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်ဥက္ကဋ္ဌက ပြိုင်ပွဲအမျိုးအစား၊ စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပအိုဝ်း၊ ဓနု၊ ရှမ်း၊ အင်းသားတို့၏ မြင်းစီးအကအလှများဖြင့် သရုပ်ပြဖျော်ဖြေသည်။

ယင်းနောက် မြန်မာ့ရိုးရာ အသားကျ၊ ဒုန်းပြိုင်ပွဲများဖြင့် ဖျော်ဖြေသည်။ ဆက်လက်ပြီး ပအိုဝ်းရိုးရာ ခေါက်ဆွဲပွဲကို ကျင်းပပြီး တက်ရောက်လာကြသူများအား ရိုးရာအစားအစာ ခေါက်ဆွဲဖြင့် ကျွေးမွေးဧည့်ခံသည်။ အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းဦး၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝေဇင်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြသည်။

မြန်မာ့မြင်းစီးအားကစားကို နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်ရန်၊ မြင်းမျိုးကောင်းမျိုးသန့်ပြီး အရည်အချင်းမီမြင်းများထွက်ပေါ်လာစေရန်၊ ပြည်သူလူထုတစ်ရပ်လုံး မြင်းစီးအားကစားကို စိတ်ဝင်စား၍ ချစ်မြတ်နိုးတန်ဖိုးထားတတ်စေရန်၊ နိုင်ငံတကာအဆင့်မီ မြင်းစီးအားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်နှင့် မြင်းပိုင်ရှင်များအားလုံး စိတ်ချမ်းသာ ကိုယ်ကျန်းမာပြီး အကျိုးအမြတ်ခံစားနိုင်စေရန် ရည်ရွယ်လျက် ကျင်းပခြင်းဖြစ်ကာ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်တို့၏ ဦးဆောင်မှုဖြင့် မြန်မာ့မြင်းစီးဝါသနာရှင်များအသင်းနှင့် Nature's Life Equestrian & Country Club နှင့် Royal Bird's Nest တို့မှ အကောင်အထည်ဖော်၍ ပထမအကြိမ် ကျင်းပခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲကို ဒီဇင်ဘာ ၃ ရက်မှ ၅ ရက်အထိ ကျင်းပပြီး အပတ်စဉ်မြင်းစီးပြိုင်ပွဲများကိုလည်း စနေ၊ တနင်္ဂနွေနေ့တိုင်း ၂၀၁၇ ခုနှစ် မတ်လအထိ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ရာ ဒီဇင်ဘာ ၃ ရက် မွန်းလွဲ ၂ နာရီမှ စတင်၍ ပြိုင်ပွဲအမျိုးအစားအလိုက် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **ဖြိုးဝေ(ဆင်တဲ)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**



## သောတာပန်စခန်း လမ်းပြကျမ်း

ဆရာဦးသန်းဟန်(DIGEST) လယ်တီကမ္မဋ္ဌာနာစရိယ ရေးသားသော နိဗ္ဗာန် အငြိမ်းစံလိုသူများအတွက် "အရိယာအသွင် နိဗ္ဗာန်ဝင်" သောတာပန်စခန်း လမ်းပြကျမ်း စာအုပ်ထွက်ရှိလာသည်။ အဆိုပါစာအုပ်မှာ ကျေးဇူးတော်ရှင် ပထမလယ်တီဆရာတော်ဘုရားကြီး၏ ဉပနိဿယအတိုင်း သောတာပန်ဝင်လိုသူ များအတွက် စီစဉ်ရေးသားထားခြင်းဖြစ်သည်။ စာရေးသူသည် ဆရာတော် ဘုရားကြီး၏ ဆုံးမဩဝါဒလမ်းညွှန်မှုများကို သဘောပေါက်လာသည်နှင့်အမျှ များလူတို့အားလည်း သစ္စာလေးပါးကို ထိုးထွင်းသိမြင်ပြီး ပုထုဇဉ်ဘဝမှ ကျွတ်လွတ်ရုန်းထွက်နိုင်ရေး တစ်နည်းအားဖြင့် သက္ကာယဒိဋ္ဌိဝိစိကိစ္ဆာကို ပယ်သတ်၍ သောတာပန်တည်ရေး တစ်နည်းအားဖြင့် ဘဝသံသရာအဆက်ဆက် တစ်ကြိမ်တစ်ခါမျှ မရဘူးသော အနတ္တဝိဇ္ဇာဉာဏ်အလင်းပေါက်၍ အရိယာ သူတော်ကောင်းဘဝရောက်ရှိရေးကို ရည်ရွယ်ကာ သောတာပန်တည်နည်း အလုပ်လမ်းညွှန်တို့ကို အသေးစိတ်ဖော်ပြထားသည်။

**စာအုပ်ကို တစ်အုပ်လျှင် ကျပ် ၄၀၀၀ ဖြင့် သစ္စာမဏ္ဍိုင်ပိဋကတ်စာအုပ်ဆိုင်၊ ရွှေတိဂုံဘုရား တောင်ဘက်မုခ် ဈေးရုံတော်က ဖြန့်ချိသည်။**



## သံယောဇဉ အတ္ထုပ္ပတ္တိ

ဝတ္ထုတိုများ အရေးများသော စာရေးဆရာအောင်ဆင့်က ငယ်ဘဝအကြောင်းများကို ဖော်ကျူး ထားသည့် "သံယောဇဉ အတ္ထုပ္ပတ္တိ" စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် စာရေးသူ၏စိတ်စရိုက်အတိုင်း ငယ်စဉ်ကလေးဘဝ၊ ကျောင်းသားဘဝ မှ သံယောဇဉ်ကြီးခဲ့သည့် သူငယ်ချင်းအပေါင်းအသင်းမိတ်ဆွေများကို မမေ့နိုင်ဖွယ်ပြန်လည် တမ်းတအမှတ်ရစေသည့်သဘောစရိုက်ဖြင့် ဝတ္ထုသဖွယ်၊ မှတ်တမ်းသဖွယ် စိတ်ဝင်စားဖွယ်ဖြစ် အောင် တင်ပြထားသည်။

ငယ်စဉ်ဘဝ ကလေးငယ်စရိုက်မှ မူလတန်း၊ အထက်တန်း၊ တက္ကသိုလ်ဝင်တန်း အထိ ကျင်လည်ဖြတ်သန်းခဲ့ရာ ကျောင်းတော်နှင့်ပတ်ဝန်းကျင်၊ အပေါင်းအသင်းများ၏ ခင်မင်ဖွယ် စရိုက်လက္ခဏာများကို ရသမြောက်အောင်ရေးဖွဲ့ထားရာ ငယ်ကအကြောင်း မမေ့ကောင်းစရာ အမှတ်ရစရာ လွမ်းမောသတိရဖွယ်ရာတို့အဖြစ် တင်ပြထားသည်။

**အဆိုပါစာအုပ်ကို မြတ်ပန်းရဂုံစာပေ၊ အမှတ်(၁၉၄)၊ (၂၉)လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၅၁၃၉၄၅၀ က ကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိထားသည်။**



## သည်းခြေကျောက်ဖယ်ရှားနည်း(ကိုယ်တွေ့နည်း)

အာဆီယံအင်ဂျင်နီယာ၊ အင်ဂျင်နီယာမှူးကြီး(ငြိမ်း)ဦးသန်းဝင်းB.E(Mech); P.E(IMPM)က အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့်ပြုစုထားသည့် "သဘာဝ နည်းဖြင့် သည်းခြေကျောက် ဖယ်ရှားနည်း (သို့မဟုတ်) ပန်းသီးစားပြီး သည်းခြေကျောက်ဖယ်ရှားနည်း(ကိုယ်တွေ့နည်း)စာအုပ်ထွက်ရှိလာသည်။

မြန်မာနိုင်ငံတွင်သာမက တစ်ကမ္ဘာလုံးအဖြစ်များသော သည်းခြေအိတ် ကျောက်တည်ရောဂါဝေဒနာရှင်များ ဆေးရုံတက်ခွဲစိတ်ပြီး သည်းခြေအိတ် ထုတ်ပစ်ရခြင်းမရှိဘဲ သဘာဝနည်းဖြင့် သည်းခြေကျောက်ဖယ်ရှားနည်း (ပန်းသီးစားပြီး သည်းခြေကျောက်ဖယ်ရှားနည်း)ကို စာရေးသူကိုယ်တိုင် လက်တွေ့ပျောက်ကင်းအောင်ကုသနိုင်ခဲ့သည့်အပြင် ဤနည်းညွှန်ပြချက်ဖြင့် သည်းခြေကျောက်ရောဂါဝေဒနာခံစားနေရသော လူနာများလက်တွေ့ ပျောက်ကင်းနိုင်ပုံနှင့် ဆေးနည်းတို့ကို စုစည်းဖော်ပြထားသည်။

**အဆိုပါစာအုပ်ကို ရွှေရည်ဦးစာအုပ်ဆိုင်၊ အမှတ်(၃၈၃)၊ ပထမထပ်၊ လက်ဝဲဘက်အခန်း၊ ကျိုက္ကဆံလမ်း၊ အခွန်လွတ်ဈေးအနီး တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း၀၉၄၂၀၀၁၂၅၃၆ က တန်ဖိုးကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။**




## ကြွယ်ဝချမ်းသာလာအောင် ဘယ်လိုပြုမူဆောင်ရွက်ကြမလဲ

ဦးအောင်ခိုင်မြင့်နှင့်အယ်ဒီတာအဖွဲ့ ရေးသားပြုစုထားသည် "ကြွယ်ဝချမ်းသာလာအောင် ဘယ်လို ပြုမူဆောင်ရွက်ကြမလဲ(လူငယ်အောင်မြင်ရေးတက်ကျမ်း)"စာအုပ်ထွက်ရှိလာသည်။

ဆယ်ကျော်သက်အရွယ်များသည် ၎င်းတို့၏ သင်ကြားမှုနှင့် စူးစမ်းမှုခရီးစတင်သည်နှင့် အခက်အခဲနှင့်ပြဿနာများ ရင်ဆိုင်ကြုံတွေ့ကြရသည်ကို တွေ့ရသည်။ တစ်ခါတစ်ရံ မိဘများ ကျောင်းများနှင့် ဆယ်ကျော်သက်လူငယ်တို့ကိုယ်တိုင်ပင် တောင်းဆိုချက်နှင့်မျှော်လင့်ချက်များ ကြောင့် ၎င်းတို့၏ပြဿနာများကို မည်သို့လုပ်ရမည်၊ မည်သို့စတင်ရမည်တို့ကို မသိဖြစ်တတ်သည်။ အဆိုပါပြဿနာများကို ဤစာအုပ်တွင် ရုပ်ပုံများ၊ ပုံဝတ္ထုများနှင့် ဖြေရှင်းဆောင်ရွက်ရန်၊ လုပ်ငန်း စတင်ဆောင်ရွက်ရန် လမ်းညွှန်ပြထားသည်။

**အဆိုပါစာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်(၂၃၇)၊ (ပထမထပ်-ဝဲ)၊ (၃၉)လမ်း၊ (အပေါ်)ဘလောက်၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၈၃၅ က တန်ဖိုးကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိထားသည်။**




## ရာဇဝင်ထဲက ပင်းမဲထီး ဓမ္မဖြင့် ရဲရင့်ခြင်း

ချင်းရောင်ခြည်၊ ဓမ္မရိပ်နှင့်ဓမ္မစာပေဆုရစာမူများကို စုစည်းထားသည့် ငွေငွေး(ဟသ်ာတ) ပြုစုသော "ဓမ္မဖြင့် ရဲရင့်ခြင်း"စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဗုဒ္ဓဓမ္မဖြင့် လူ့ဘဝတွင် ရဲရဲရင့်ရင့်ဖြတ်သန်း ကျင်လည်နိုင်ရန်အတွက် လမ်းညွှန်ပြထားသောစာစုများပါဝင်သည်။ စာအုပ် တွင် ဗုဒ္ဓဓမ္မဆိုင်ရာ အကြောင်းအရာမှတ်သားဖွယ်ရာများကို ဖော်ပြထား သည့်အပြင် ထူးထူးခြားခြား သေဒဏ်အပြစ်ပေးခံရသူများ၏ တရားသံဝေဂ ရပြီး သေခြင်းတရားနှင့်နောင်တ၊ နောင်တနှင့်ဓမ္မတရားဂုဏ်တော်တို့ကို ဖွင့်ဟနိုင်ခဲ့ပုံများအား ဖော်ပြထားသဖြင့် မှတ်သားထိုက်သောစာအုပ်ဖြစ် သည်။ နိုင်ငံတော်သစ္စာဖောက်မှု၊ အာဇာနည်များအား လုပ်ကြံမှု၏အဓိက လက်သည်တရားခံ ဂဠုန်ဦးစော၏ နောင်တနှင့် တရားရပုံများသာမက နန်းမတော်မယ်နု၏ အမျက်ဖြေသံဝေဂများလည်းပါဝင်သည်။


**အဆိုပါစာအုပ်ကို သုဒန္တစာပေ၊ အမှတ်(၃၁)၊(၆)လွှာ၊ နှင်းဆီကုန်းလမ်း အလုံမြို့နယ် ရန်ကုန်မြို့က တန်ဖိုးကျပ် ၈၀၀ ဖြင့် ဖြန့်ချိထားသည်။**



## ကမ္ဘာတလွှား ချင်းအမျိုးသားများ

ဆလိုင်းဟန်လင်းရေးသားပြုစုထားသည့် ချင်းမဂ္ဂဇင်းပါ ဆောင်းပါးများကို စုစည်းဖော်ပြထားသော "ကမ္ဘာတလွှား ချင်းအမျိုးသားများ"စာအုပ်ထွက်ရှိ လာသည်။ ကမ္ဘာတလွှား ချင်းအမျိုးသားများဟု ခေါင်းစဉ်တပ်ထားသည့်အတိုင်း အဆိုပါစာအုပ်တွင် ချင်းပြည်နယ်အတွင်း စုပေါင်းနေထိုင်ကြသော ချင်းတိုင်းရင်းသား လူဦးရေ သုံးသိန်းခွဲတို့အပြင် မြန်မာနိုင်ငံတစ်ဝန်းတွင် ဖြန့်ခွဲနေထိုင်ကြသော ချင်းတိုင်းရင်းသားအနွယ်ဖွားများနှင့် နိုင်ငံရပ်ခြား ရောက် ချင်းတိုင်းရင်းသားအနွယ်ဖွားများပါမကျန် ချင်းအမျိုးအနွယ်များ အကြောင်းကို အကျဉ်းချုံး စုစည်းဖော်ပြထားသည်။ ထို့အပြင် ချင်းလူမျိုးတို့၏ သမိုင်းကြောင်းအစဉ်အလာများနှင့်သမိုင်းမှတ်တမ်းများသာမက ရိုးရာဓလေ့ ထုံးစံများကိုပါ ဖော်ပြထားသည်။ စာအုပ်မှာ ငယ်ရွယ်သော်လည်း ချင်း လူမျိုးများ၏ ဘဝဖြစ်စဉ်များကို မှတ်တမ်းသဖွယ်သိရှိရမည်ဖြစ်သည်။

**အဆိုပါစာအုပ်ကို သုဒန္တစာပေ၊ အမှတ်(၃၁)၊(၆)လွှာ၊ နှင်းဆီကုန်းလမ်း အလုံမြို့နယ် ရန်ကုန်မြို့က တန်ဖိုးကျပ် ၇၀၀ ဖြင့်ဖြန့်ချိထားသည်။**



## ခေါင်းဆောင်မှုနဲ့ စီမံခြင်း

ဆရာချစ်နိုင်(စိတ်ပညာ)ရေးသားသည့် WE DEVELOP LEADERS, WHO DEVELOP PEOPLE, WHO DEVELOP BUSINESS "ခေါင်းဆောင်မှုနဲ့စီမံခြင်း"စာအုပ်ထွက်ရှိလာသည်။

ထိုစာအုပ်မှာ နေ့စဉ်ထုတ်သတင်းစာများပါ ဆောင်းပါးများအပြင် အခြားခေါင်းဆောင်မှုဆိုင်ရာ ဆောင်းပါးများအား စုစည်းဖော်ပြထားသည်။ "လူတွေဟာ သူတို့ကိုယ်သူတို့ ထင်တာတွေ တကယ်ဖြစ်လာတတ်တယ်။ ဒါကို ငါတကယ်မလုပ်နိုင်ဘူးဟုထင်လျှင် တကယ်မလုပ်နိုင်တော့ပါ။ အကယ်၍ ကျွန်တော်တို့က ငါလုပ်နိုင်တယ်လို့ ယုံကြည်ရင် လုပ်လို့ရပါတယ်။ ကျွန်တော်တို့ခန္ဓာကိုယ်အတွင်းမှာ လုပ်နိုင်စွမ်းတွေ ပုန်းခိုနေကြတာပါ။ အဲဒါတွေကို ယုံကြည်မှုနဲ့ ဆွဲယူအသုံးချရမှာ ဖြစ်ပါတယ်"စသည်ဖြင့် စိတ်ဓာတ်ခွန်အားပေးနိုင်သည့် ဆောင်းပါးများကို အကြောင်းအရာစုံလင် စွာဖော်ပြထားသည်။

**အဆိုပါစာအုပ်ကို နိုင်စာပေ၊ အမှတ်(၁၅၀)၊ ရတနာအိမ်ရာ၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့က တန်ဖိုးကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားသည်။**



## ခေတ်မီရုံးလုပ်ငန်း စီမံခန့်ခွဲမှုပညာ

ဦးဖြိုးကြွယ်မြင့် ရေးသားပြုစုသည့် "ခေတ်မီရုံးလုပ်ငန်း စီမံခန့်ခွဲမှုပညာ Office Management" စာအုပ်ထွက်ရှိလာသည်။

ဌာနလုပ်ငန်းစနစ်များ အကောင်အထည်ဖော်ရာတွင် အရေးအကြီးဆုံး အစိတ်အပိုင်းဖြစ်သည့် ရုံးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်တတ်စေ ရန်နှင့် ဆောင်ရွက်သောဝန်ထမ်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် အဆင်ပြေ ချောမွေ့မှုရှိစေရန်အတွက် ရည်ရွယ်ထားသည်။ ဝန်ထမ်းရေးရာ၊ စက်ပစ္စည်း နှင့်ကိရိယာများ၊ အလုပ်ခွင်ဝန်းကျင်နှင့် လုပ်ငန်းရည်ရွယ်ချက် အကောင် အထည်ဖော်ရေးတို့ကို အထောက်အကူပြုစေမည့် စာအုပ်ဖြစ်သည်။ စနစ် တကျဆောင်ရွက်ရာတွင် လုပ်ငန်းခွင်အတွင်း သတင်းအချက်အလက်စီးဆင်း စေမှုနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက်လည်း ပိုမိုကောင်းမွန်အောင် ဖော်ပြထားသည်။

**အဆိုပါစာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်(၂၃၇)၊ (ပထမထပ်-ဝဲ)၊ (၃၉)လမ်း၊ (အပေါ်)ဘလောက်၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၈၃၅ က တန်ဖိုးကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားသည်။**

# သဘာဝအရင်းအမြစ်များ အခြေပြုခရီးသွားဒေသအဖြစ် အင်းတော်မြို့နယ်ရှိ နတ်ပေါက် ဆင်စခန်းအား စတင် ဖော်ဆောင်မည်



**မန္တလေး ဒီဇင်ဘာ ၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ကသာ(အနောက်) သစ်ထုတ်လုပ်ရေးဒေသရှိ နတ်ပေါက်ဆင်စခန်းကို ယခုနှစ်ခရီးသွားရာသီမှစတင်၍ သဘာဝအရင်းအမြစ်များ အခြေပြု ခရီးသွားဒေသ (Ecotourism) အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစခန်းကို ဆင်စခန်းအဖြစ် ၂၀၀၅ ခုနှစ်ကစတင်ခဲ့ပြီး ၂၀၀၉ ခုနှစ်မှစ၍ ဆင်ပေါက်ကလေးများအား လေ့ကျင့်သင်ကြားပြီး နိုင်ငံခြားသားခရီးသွားများကို ပြသပေးခဲ့ရာမှ စိတ်ဝင်စားမှုများပြားလာခြင်းကြောင့် (Ecotourism) ခရီးစဉ်ဒေသသစ်အဖြစ် ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း တာဝန်ခံဒေါက်တာ အောင်သူရစိုးက ပြောသည်။

"ပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်ပြီး ခရီးသွားလုပ်ငန်းဘက်က ဝင်ငွေရလာမယ်။ အဓိက Elephant Camp ကနေ Ecotourism ကို သွားတာပါ။ ဆင်ထိန်းသိမ်းရေးစခန်းကနေ သဘာဝအခြေခံတွေကို အသုံးပြုပြီး ခရီးသွားလုပ်ငန်း အကောင်အထည်ဖော်တာဖြစ်ပါတယ်" ဟု ၎င်းကဆက်လက်ပြောသည်။

အဆိုပါဆင်စခန်းသို့ ၂၀၀၉ ခုနှစ်တွင် နိုင်ငံခြားသား ၁၂၆ ဦး စတင်ရောက်ရှိလာပြီး ၂၀၁၀-၁၁ တွင် ၂၄၀၊ ၂၀၁၁-၁၂ တွင် ၃၁၅ ဦး၊ ၂၀၁၂-၁၃ တွင် ၅၁၆ ဦး လာရောက်ခဲ့ပြီး တဖြည်းဖြည်း တိုးတက်မှုရှိလာကြောင်း၊ ဝန်ဆောင်မှုများအဖြစ် ဆင်ဝိုင်း ၃-ဝိုင်းမှ ဆင်အကောင်ရေ ၂၇ ကောင်ဖြင့် ဆင်တို့၏ သဘာဝကို ပြသနေကြောင်း သိရသည်။

"ဧည့်သည်တွေလာရင် ပထမဆုံး ဆင်တွေနဲ့ တန်းစီကြိုဆိုပြီး ဆင်အကြောင်းရှင်းပြမယ်။ နိုင်ငံခြားဧည့်သည်တွေက ဆင်ပေါက်ကလေးတွေကို အစာကျွေးတာ စိတ်ဝင်စားကြတယ်။ ပြီးရင် ကလေးတွေနဲ့ ဆင်အမေတွေကို ရေချပြတဲ့အခါ ၁၀ မိနစ်ကျော်ကြာတယ်" ဟု ဆက်လက်ပြောကြားသည်။ လာရောက်ကြသည့် ဧည့်သည်များအနေဖြင့် သိရှိလိုသည်များကို မေးမြန်းခြင်း၊ ဆင်များကိုစောင့်ရှောက်သည့် ဥဒေနနတ်ကို စခန်းမှဆင်များက ဦးခိုက်ခြင်း၊ သန်မာသောဆင်များဖြင့် သစ်ဆွဲခြင်းနှင့် သစ်ထုတ်လုပ်မှုအဆင့်ဆင့်တို့ကို ပြသပေးပြီး အမှတ်တရဓာတ်ပုံရိုက်နိုင်ကြောင်း သိရသည်။

ယင်းအပြင် ဆင်စခန်းဝင်ကြေးအဖြစ် ပြည်တွင်းခရီးသည်တစ်ဦးလျှင် ကျပ် ၃၀၀၀ နှင့် ပြည်ပခရီးသည်တစ်ဦးလျှင် ကျပ် ၂၀၀၀၀ သတ်မှတ်ထားပြီး ဆင်စီးလိုပါက ပြည်တွင်းခရီးသည်တစ်ဦးလျှင် ကျပ် ၃၀၀၀ နှင့် ပြည်ပခရီးသည်တစ်ဦးလျှင် ကျပ် ၂၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

## မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြှိမ်းသတ်ရေး သရုပ်ပြသ

**ပဲခူး ဒီဇင်ဘာ ၅**

ပဲခူးမြို့ မြို့မဈေးကြီးသုံးလွှာ၌ ဒီဇင်ဘာ ၁ ရက် နံနက် ၈ နာရီက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ၊ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးအောင်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်တို့က အမှာစကားပြောကြားပြီး ပဲခူးမြို့နယ် မီးသတ်ဦးစီးမှူး ဦးသန်းဦးက ပွင့်လင်းရာသီရောက်ရှိပြီဖြစ်သောကြောင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးမပေါ်ဆကြရန်၊ မီးလောင်မှုဖြစ်ပွားလျှင် မီးသတ်ဦးစီးဌာနသို့ အမြန်ဆုံးအကြောင်းကြားရန်၊ မီးသတ်ကားများ အရေးပေါ်မောင်းနှင်လာပါက လမ်းပိတ်ဆို့ထားခြင်းမပြုဘဲ လမ်းရှင်းပေးကြရန်နှင့် မီးသုံးစွဲသူများ သိသင့်သိထိုက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားကာ ဈေးအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးညွန့်ရွှေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်များဖြင့် သီရိဥသျှာနှစ်ထပ်ဈေးကြီးရှေ့ ဈေးလမ်းမတွင် လက်တွေ့မီးငြှိမ်းသတ်ပုံများကို သရုပ်ပြသည်။ အခမ်းအနားသို့ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဈေးသူ၊ ဈေးသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**၅၈၇**



---

## ရေကောင်းရေသန့်သုံးစွဲနိုင်စေရေး စက်ရေတွင်း တူးဖော်ဆောင်ရွက်နေမှု ကြည့်ရှု

**ဝါးခယ်မ ဒီဇင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြဂိုးကြီးကျေးရွာအုပ်စု ကုလားချောင်းကျေးရွာမှ ဒေသခံပြည်သူများ၏ သောက်သုံးရေအတွက် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁ ရက် ညနေ ၄ နာရီက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ယင်းသို့ကွင်းဆင်း ကြည့်ရှုရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ကျေးရွာရေပေးဝေရေးကော်မတီဝင်များနှင့်တွေ့ဆုံပြီး ပေ ၆၀၀ အနက်ရှိ စက်ရေတွင်း (အစမ်းတွင်း) အား တင်ဒါရ သိန်းအုပ်စိုးကုမ္ပဏီမှ တူးဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (မူလ) ရန်ပုံငွေကျပ်သိန်း ၈၀၀ ဖြင့် ကုလားချောင်းကျေးရွာ၊ ရေနက်ချောင်းကျေးရွာ၊ အထက်ပေကုန်းကျေးရွာနှင့် ကျွဲလမ်းကြီးကျေးရွာများတွင် စက်ရေတွင်းတူးဖော်ခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်နေပြည်သူများ ရေကောင်းရေသန့်သုံးစွဲနိုင်စေရေးနှင့် လုပ်ငန်းများ စနစ်တကျအချိန်မီပြီးစီးရေးအတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြပ်မတ်စစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

---

## ဆောင်းသီးနှံမတ်ပဲစိုက်တောင်သူများ မြေအစိုဓာတ်ရှိချိန် အချိန်မီထွန်ယက်

**ကြို့ပင်ကောက် ဒီဇင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့တွင် ဆောင်းသီးနှံ မတ်ပဲစိုက်တောင်သူများ မြေအစိုဓာတ်ရှိချိန်အတွင်း ဆောင်းသီးနှံမတ်ပဲစိုက်ပျိုးနိုင်ရန် အချိန်မီထွန်ယက်စိုက်ပျိုးနေကြသည်။

မိုးစပါးရိတ်သိမ်းချိန်တွင် အချိန်အခါမဟုတ် မိုးများရွာသွန်းခဲ့သောကြောင့် မိုးစပါးများ လေလွင့်ပျက်စီးမှုများပြားခဲ့ကြရပြီး နောက်ကျ၍ ရိတ်သိမ်းခဲ့ကြရသည်။ ဆောင်းသီးနှံမတ်ပဲကိုလည်း မြေအစိုဓာတ်သင့်တင့်သောအချိန်တွင် အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရန် မိုးစပါးကောက်လှိုင်းများကို လယ်ကန်သင်းများတွင်စုပုံ၍ မတ်ပဲစိုက်ပျိုးရေးကိုသာ ဦးစားပေးဆောင်ရွက်လျက်ရှိကြသည်။

သိုက်တူးကုန်းကျေးရွာ မတ်ပဲစိုက်တောင်သူ ကိုအောင်မင်းစိုးက "စပါးဈေးကကျနေတော့ စပါးကို အေးအေးဆေးဆေးပဲခြွေလှေ့ဖို့စဉ်းစားထားတယ်။ မတ်ပဲကိုတော့ အချိန်မီလုပ်နေကြတာ။ မြေခြောက်သွားရင် ပဲပေါက်ညှံ့သွားတယ်။ ပေါက်ပြန်တော့လည်း အထွက်နှုန်းလျော့တယ်။ အဲဒါကြောင့် အစိုဓာတ်ရှိတုန်း အမြန်ဦးစားပေးဆောင်ရွက်ရတာပေါ့" ဟု ပြောကြားသည်။

မတ်ပဲစိုက်ပျိုးရာတွင် မြေအနေအထားကောင်းမွန်ပါက တစ်ဧကကို ၁၆ ပိဿာနှုန်းစိုက်ပျိုးကြရာ စိုက်ပျိုးချိန်ရာသီဥတုကောင်းမွန်ပြီး ပိုးမွှားကျရောက်မှုနည်းပါးပါက တစ်ဧကကို ၂၅ တင်းနှုန်းထွက်ရှိကြောင်း၊ ထို့ကြောင့် ဆောင်းသီးနှံမတ်ပဲပေါ်ချိန် မတ်ပဲဈေးမကျစေဖို့ မျှော်လင့်နေရကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

**ဧယျာထွန်း(ကြို့ပင်ကောက်)**

---

## မုန်းချောင်းအနီး ကျေးရွာများမှ ငှက်ပျောစိုက်တောင်သူများ ဝင်ငွေကောင်း

**ပွင့်ဖြူ ဒီဇင်ဘာ ၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် မုန်းချောင်းအနီးဝန်းကျင်ရှိကျေးရွာများမှ ငှက်ပျောစိုက်တောင်သူများ ဈေးကောင်းရရှိသဖြင့် ဝင်ငွေကောင်းလျက်ရှိသည်။

ငှက်ပျောစိုက်တောင်သူများသည် ဖီးကြမ်းငှက်ပျော၊ အချဉ်ငှက်ပျောနှင့် ရခိုင်ငှက်ပျောမျိုးများကို စီးပွားဖြစ် အဓိကထားစိုက်ပျိုးကြသည်။ ငှက်ပျောစိုက်ပျိုးရာတွင် ဖီးကြမ်းငှက်ပျောမျိုးကို ကိုင်းမြေနု၊ နုန်းမြေများတွင် အပင်ဖြစ်ထွန်းပြီး ဥယျာဉ်ခြံများတွင် ရခိုင်နှင့် အချဉ်ငှက်ပျောမျိုးများ အစိုက်များကြသည်။ နွေဥတုအကုန် မိုးဥတုအကူးကာလ နယုန်လတွင် စတင်စိုက်ပျိုးကြသည်။ စိုက်ပျိုးရာ၌ ထွန်ရေးညက်သောမြေပြင်တွင် ရှစ်တောင်အကွာပတ်လည်၊ နှစ်ပေအနက်၊ တစ်ပေအကျယ်ရှိ ကျင်းများတူး၍ သန်မာသောငှက်ပျောမျိုးတက်များကိုထည့်၍ အခန်းများဖွဲ့ကာ စိုက်ပျိုးကြပြီး စိုက်ပျိုးပြီး ရှစ်လသားအရွယ်တွင် အဖူးများစထွက်လာသည်။

ရင့်မှည့်သော ဖီးကြမ်းငှက်ပျောတစ်ဖီးလျှင် ၇၀၀ ကျပ်မှ ၁၀၀၀ ကျပ်ထိရောင်းချရပြီး ဖီးကြမ်းတစ်ခိုင်လျှင် ၁၀ ဖီးမှ ၁၃ ဖီးထိ ပါရှိသည်။ အချဉ်ငှက်ပျောကို တစ်ဖီးလျှင် ၁၀၀၀ ကျပ်မှ ၁၅၀၀ ကျပ်ထိရောင်းချရသည်။ ရခိုင်ငှက်ပျောတစ်ဖီးလျှင် ၅၀၀ ကျပ်ရောင်းချရသည်။ ပွင့်ဖြူမြို့နယ်မှ ထွက်ရှိသော ငှက်ပျောများကို မင်းဘူး၊ မကွေးမြို့တို့မှ တစ်ဆင့် ရန်ကုန်၊ မန္တလေးမြို့ကြီးတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

---

## ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှု

**မုံရွာ ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အသစ်ရရှိခဲ့သည့် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာဖြစ်သော နတ်ကြီးကျွန်းကျေးရွာအုပ်စု တဲတိုက်ကျေးရွာ မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်ချိုနှင့် ဝန်ထမ်းများသည် ဒီဇင်ဘာ ၁ ရက် နံနက်က တစ်အိမ်တက်ဆင်း ကွင်းဆင်းကြည့်ရှုကြသည်။

ယင်းသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးလုပ်ငန်းများအားလုံး တိုးတက်အောင်မြင်လျက်ရှိသည်ကို တွေ့ရှိခဲ့ရပြီး အဆိုပါကျေးရွာတွင် မြစိမ်းရောင်ရန်ပုံငွေရယူပြီး စိုက်ပျိုးရေးလုပ်ကိုင်သူ ၉၀၊ စုစုပေါင်းချေးငွေ ကျပ် ၃၁၀၈၀၀၀၀ ရှိကြောင်းသိရသည်။

ယင်းနောက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် မုံရွာ-အမြင့်-ဘုမ္မနိုးလမ်း ၂ မိုင်× ၆ ပေ× ၇ လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးသည်။

ဒေသခံတစ်ဦးက "အခုလို ကွန်ကရစ်လမ်းဖောက်လုပ်ပေးတဲ့အတွက် ကျွန်တော်တို့လို ကျွန်းပေါ်ကျေးရွာမှာနေတဲ့သူတွေ ဒေသထွက်သီးနှံတွေ မြို့ပေါ်သို့ အဆင်ပြေပြေသွားရောက်ပို့ဆောင်နိုင်တဲ့အတွက် ကျေးလက်ဦးစီးဌာနကို ကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့သည်။

**ဖိုးချမ်း(မုံရွာ)**



# တစ်ပတ်အတွင်း ထူးခြားအားကစား သတင်းများ

, clwpfwkf;cm; t m;upm;owif;awt ;zpfref; ltoiftwufz , f/&EDU 100 jynfhpOf0if&mufpOfS toif;a[mif;twuf ay;chwhyif, fwDuf;qmifc , f/qD;Di&ayr , frepf;DvD;pm; orm;awuk;t jypfwif;hwhenfy*m'D;&m? abm;vjyr;&ntuf AD;DuY ifpwm*&rf&ychwlbmavmb;v , f/Dt , f/uvuf;Dupm;umeD xd m;upm;½kH&mufewpf;D , f/fqD;Dupf uf;e&0D;ac;i;fu&maluminf;etc;qwm t D&m[D;pfjymyp;whDpfwfu;cm;owif;awuk;wEkwfwifqufay;vkdfw , f

နိုင်လင်းကြည်

## မန်ယူအသင်းအတွက် ပွဲ ၁၀၀ ပြည့်ပွဲစဉ်ဝင်ရောက်ကစားစဉ်မှာ အသင်းဟောင်းအတွက် ဖယ်လိုင်နီပေးခဲ့တဲ့ ပင်နယ်တီလက်ဆောင်

မန်ယူအသင်းနဲ့အဲဗာတန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာမန်ယူအသင်းရဲ့ ကွင်းလယ် ကစားသမားတစ်ဦးဖြစ်တဲ့ ဖယ်လိုင်နီဟာ ကြမ်းတမ်းစွာကစားခဲ့တာကြောင့် အဲဗာတန်အသင်းဘက်ကို ပင်နယ်တီပေးခဲ့ရပါတယ်။ ဖယ်လိုင်နီဟာ အဲဗာတန်အသင်းကနေ မန်ယူအသင်းကို ပြောင်းလာတဲ့ကစားသမားဖြစ်ပြီး အသင်းဟောင်းအဲဗာတန်နဲ့ ထိပ်တိုက်တွေ့ဆုံခဲ့တဲ့ပွဲစဉ်မှာ အသင်းဟောင်းအဲဗာတန်အတွက် ပင်နယ်တီလက်ဆောင်ပေးခဲ့တာဖြစ်တယ်လို့ တွစ်တာစာမျက်နှာမှာ သရော်ထားတာကိုလည်း တွေ့ရှိရပါတယ်။ ဖယ်လိုင်နီဟာ အဲဒီပွဲစဉ်ဟာ ကွင်းလယ်ကစားသမားဖယ်လိုင်နီရဲ့ မန်ယူအသင်းအတွက် ပွဲပေါင်း ၁၀၀ ပြည့်မြောက်တဲ့ပွဲစဉ်ဖြစ်ပါတယ်။ ဖယ်လိုင်နီ ဟာ အဲဒီပွဲစဉ်မှာ ကွင်းလယ်ကစားသမားခီတာယန်နေရာမှာ လူစားဝင်ကစားခွင့်ရရှိခဲ့တာဖြစ်ပြီး ၈၉ မိနစ်မှာ လေတန်ဘိန်းကို ကြမ်းတမ်းစွာကစားခဲ့တာကြောင့် ပင်နယ်တီပေးခဲ့ရကာ မန်ယူအသင်းနဲ့ အဲဗာတန်အသင်းတို့ရဲ့ ပွဲရလဒ်ကလည်း တစ်ဂိုး-တစ်ဂိုးနဲ့သာ ပြီးဆုံးခဲ့ပါတယ်။

## ချယ်လ်ဆီးကိုရှုံးပေမယ့် မန်စီးတီးကစားသမားတွေကို အပြစ်မတင်ခဲ့တဲ့ နည်းပြဂွာဒီယိုလာ

မန်စီးတီးအသင်းနည်းပြ ဂွာဒီယိုလာဟာ မန်စီးတီးအသင်းက ချယ်လ်ဆီးအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့ပေမယ့် ကစားသမားတွေကို အပြစ်တင်ဖို့ ငြင်းဆိုခဲ့တဲ့အပြင် အဲဒီပွဲစဉ်အပြီးမှာ ကစားသမားတွေကို ချီးကျူးစကားတောင်ဆိုခဲ့ပါသေးတယ်။ ဘာလို့လဲဆိုရင် အဲဒီပွဲစဉ်မှာ ကစားခဲ့တဲ့ မန်စီးတီးကစားသမားတွေအနေနဲ့ ဘန်လေ အသင်းနဲ့ ခရစ္စတယ်ပဲလေ့အသင်းတို့ကို အနိုင်ရခဲ့တဲ့ပွဲစဉ်ထက် ချယ်လ်ဆီးကို ရှုံးခဲ့တဲ့ပွဲစဉ်ဟာ ကစားသမားတွေရဲ့ စွမ်းဆောင်ရည်ကောင်းနေခဲ့တယ်လို့ ဆိုခဲ့ပါတယ်။ မန်စီးတီးအသင်းဟာ ချယ်လ်ဆီးအသင်းကို တစ်ဂိုးသွင်းယူပြီး အိမ်ကွင်းမှာ ဦးဆောင်ကစားနိုင်ခဲ့ပေမယ့် ချယ်လ်ဆီးအသင်းရဲ့ သွင်းဂိုးသုံးဂိုးကို ခွင့်ပြုပေးလိုက်ရတာကြောင့် အနိုင်ရလဒ်ကနေ အရှုံးရလဒ်ကို ပြောင်းသွားခဲ့ တာဖြစ်ပြီး ချယ်လ်ဆီးအသင်းအတွက်တော့ အမှတ်ပေးဇယားကို ဦးဆောင်နိုင်မယ့် အခွင့်အရေးတစ်ရပ်ရရှိခဲ့တာလည်းဖြစ်ပါတယ်။ အဲဒီပွဲစဉ်ပွဲပြီး ခါနီးမှာ ပြဿနာတတ်ခဲ့တဲ့ ကစားသမားတွေကို တိုက်ရိုက်အနီကတ်ပြကာ ထုတ်ပယ်ခံခဲ့ရပြီး တိုက်စစ်မှူး အဂူရိုနှင့် ကွင်းလယ် ကစားသမား ဖာနန်ဒင်ဟိုတို့ ထုတ်ပယ်ခံခဲ့ရတာဖြစ်ပါတယ်။

## ဘောလုံးစွမ်းရည်ကို ဗီဒီယိုဖိုင်နဲ့ အင်စတာဂရမ်မှာပြခဲ့တဲ့ ဘာလော့တယ်လီ

မာရီယိုဘာလော့တယ်လီဟာ ဒဏ်ရာပြဿနာကြောင့် အနားယူနေရာကနေ ပြန်လည် သက်သာလာပြီဖြစ်တဲ့အပြင် သူ့ရဲ့အိမ်အတွင်းမှာ လေ့ကျင့်ကစားခဲ့တဲ့ သူ့ရဲ့ဘောလုံးစွမ်းရည်ကိုလည်း ဗီဒီယိုဖိုင်နဲ့ အင်စတာဂရမ်မှာ တင်ခဲ့ပါသေးတယ်။ နိုက်စ်အသင်းရဲ့ အားထားရတဲ့ တိုက်စစ်မှူးဘာလော့တယ်လီဟာ ခြေသလုံးဒဏ်ရာရရှိခဲ့ တာမို့ သီတင်းနှစ်ပတ်ကြာအနားယူခဲ့ရသူဖြစ်ပါတယ်။ အခုတော့ ဒဏ်ရာကနေ ပြန်သက်သာပြီဖြစ်တာကြောင့် မကြာတော့တဲ့အချိန်မှာ နိုက်စ်အသင်းနဲ့အတူ ပွဲထွက်လာမယ်လို့လည်း ဆိုခဲ့ပါတယ်။ တိုက်စစ်မှူး ဘာလော့တယ်လီဟာ သူ့ရဲ့ဘောလုံးစွမ်းရည်ပိုင်း ကျွမ်းကျင်မှုနဲ့ ပတ်သက်ပြီး ဘောလုံးကို ပုံစံအမျိုးမျိုးဖြင့် သူ့ရဲ့စွမ်းရည်ကိုပြသခဲ့တာဖြစ်ပါတယ်။

## အယ်လ်ကလက်စီကိုပွဲကစားကာနီးအထိ အားကစားရုံမှာ ရောက်နေတဲ့ စီရိုနယ်လ်ဒို

ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ဘာစီလိုနာအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ အယ်လ် ကလက်စီကိုပွဲစဉ်အဖြစ် မကစားမီအချိန်အထိ အားကစားရုံထဲမှာ ရောက်ရှိနေခဲ့ပါတယ်။ အဲဒီပွဲစဉ်ဟာ အခုနှစ် ဘောလုံးရာသီရဲ့ ပထမဆုံးအယ်လ်ကလက်စီကိုပွဲစဉ်ဖြစ်ပြီး အဲဒီပွဲစဉ်အတွက် ပြင်ဆင်မှုတွေပြုလုပ်ထားပြီးသားဖြစ် တယ်လို့ တိုက်စစ်မှူးစီရိုနယ်လ်ဒိုက ဆိုခဲ့ပါတယ်။ ဒါ့အပြင် ဘာစီလိုနာနဲ့ ကစားခဲ့တဲ့ပွဲစဉ်မှာ ဂိုးသွင်းဖို့အိပ်မက်တောင်မက်ခဲ့တယ်ဆိုတာကို ဓာတ်ပုံတစ်ပုံရိုက်ပြီး လူမှုကွန်ရက်စာမျက်နှာမှာတောင် ဖော်ပြခဲ့ပါသေးတယ်။ အဲဒီ ပွဲစဉ်မှာ ဘာစီလိုနာအသင်းက ဦးဆောင်ကစားခဲ့တယ်ဆိုပေမယ့် ပွဲပြီးကာနီးမှာ သွင်းယူခဲ့တဲ့ ရာမို့စ်ရဲ့ ခေါင်းတိုက် သွင်းဂိုးကြောင့်တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပါတယ်။

## ဆီးမက်စ်ကိုးမန်းရဲ့ခေါင်းကို ဘာကြောင့်ကန်ခဲ့လဲဆိုတာ အီဘရာဟီမိုဗစ် ပြောပြ

မန်ယူအသင်းရဲ့ တိုက်စစ်မှူးဖြစ်တဲ့ အီဘရာဟီမိုဗစ်ဟာ တနင်္ဂနွေနေ့ညပိုင်းက ကစားခဲ့တဲ့အဲဗာတန်အသင်းနဲ့ပွဲစဉ်မှာ အဲဗာတန်ကစားသမား ဆီးမက်စ်ကိုးမန်းရဲ့ ခေါင်းကို ကန်ခဲ့တာဟာ မတော်တဆဖြစ်ခဲ့ခြင်း မဟုတ်ဘဲတမင်ရည်ရွယ်ချက်ရှိရှိနဲ့ ကန်ခဲ့တာဖြစ်တဲ့အကြောင်း ထုတ်ဖော်ပြော ကြားလိုက်ပါတယ်။ အဲဒီပွဲစဉ်မှာ တိုက်စစ်မှူး အီဘရာဟီမိုဗစ်အနေနဲ့ ပထမပိုင်းပွဲချိန်အတွင်းမှာ မန်ယူအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့တာဖြစ်တယ်။ ဒုတိယပိုင်းပွဲပြီးကာနီးအချိန်မှာတော့ ဖယ်လိုင်နီ ကြမ်းတမ်းစွာ ကစားခဲ့တာကြောင့် အဲဗာတန်အသင်းအနေနဲ့ ပင်နယ်တီကန်ခွင့်ရရှိခဲ့တာ ဖြစ်လို့ ရော်နယ်ကိုးလ်မန်း၏ အဲဗာတန်အသင်းတစ်မှတ်ရယူနိုင်ခဲ့တာဖြစ်တယ်။



z , f/&ED


enfy*'D;&m



pZD , f/fd


အီဘရာဟီမိုဗစ်

ကြေးမုံ

ဒီဇင်ဘာ ၇၊ ၂၀၁၆

# (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ စည်ကားသိုက်မြိုက်စွာကျင်းပရေး

မင်းခေါင်(အား/ကာ)

၂၀၁၇ ခုနှစ် (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့သည် နိုင်ငံတော်အစိုးရသစ်အနေဖြင့် ပထမဆုံးအကြိမ် အဖြစ် ကျင်းပခွင့်ရသော လွတ်လပ်ရေးနေ့မင်္ဂလာအခါတော် ဖြစ်သည်နှင့်အညီ ဤအခမ်းအနားကြီးကို နိုင်ငံတော် တစ်ဝန်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရန် ရည်သန် လျက် နိုင်ငံတော်ဒုတိယသမ္မတ(၁) ကိုယ်တိုင် ဦးဆောင် သည့် (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။ လွတ် လပ်ရေးနေ့ အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီ အောက်တွင်လုပ်ငန်းများ စနစ်တကျ တာဝန်ခွဲဝေ ဆောင်ရွက်ရန် ဆပ်ကော်မတီ(၇) ရပ်ကိုလည်း ထပ် ဆင့်ဖွဲ့စည်းပေးပြီး စီမံဆောင်ရွက်လျက်ရှိ ပေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ပြည်သူလူထု အပေါင်းက လေးစားမြတ်နိုးတန်ဖိုးထားလျက် အမည် နာမခေါ်တွင်ထားကြသော နိုင်ငံတော်ဟူသည့် ဝေါဟာ ရတွင် အင်္ဂါ(၃) ရပ်နှင့် ပြည့်စုံရန် လိုအပ်သည်ဟု နိုင်ငံရေး သုခမိန်များက မှတ်ယူထားကြပြီး ယင်းတို့ မှာ-

**နိုင်ငံတော်၏ ပထဝီအပိုင်းအခြား သတ်မှတ်ထား သော နယ်နိမိတ်**

**နိုင်ငံတော်အတွင်း မှီတင်းနေထိုင်သော ပြည်သူ လူထု**

**နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်အစိုးရ**ဟူသည့် အင်္ဂါရပ်များဖြစ်သည်။ ထိုသို့သော အင်္ဂါရပ်များနှင့် ပြည့်စုံသည့် နိုင်ငံတော်အတွက်လွတ်လပ်ရေး နှင့် အချုပ်အခြာအာဏာမှာ အသက်ဝိညာဉ်ဟုလည်း ဆိုနိုင်သည်။ အကြောင်းမှာ လွတ်လပ်ရေးနှင့် အချုပ် အခြာအာဏာပိုင် လွတ်လပ်သော နိုင်ငံများသည်သာ မိမိပြည်သူအပေါင်းတို့၏ ကံကြမ္မာနှင့် နိုင်ငံတော်၏ အနာဂတ်ကို ဆုံးဖြတ်စီမံဆောင်ရွက်နိုင်မည်ဖြစ်ရာ နိုင်ငံတော်အတွက် ကိုယ့်ကံကြမ္မာကိုကိုယ်တိုင် ဖန်တီး စီမံနိုင်စေမည့် လွတ်လပ်ရေးမှာ လွန်စွာအရေးပါလှ သည်။ ဤသို့ အထွက်အမြတ်ထားရသည့် နိုင်ငံတော် ၏ လွတ်လပ်ရေးကို ကမ္ဘာတည်သရွေ့ အဓွန့်ရှည်အောင် အသက်သွေးချွေးများပေးဆပ်ကာ စောင့်ရှောက်ကာ ကွယ်သွားကြရမည်ဖြစ်သည်။

သမိုင်းမှတ်တမ်းရာဇဝင်ကျမ်းများ၏ အဆိုအရ မြန်မာနိုင်ငံသားတိုင်းရင်းသား မျိုးနွယ်များမှာ ဤမြေ၊ ဤရေ၊ ဤဒေသ၌ တိဘက်မြန်မာနှင့် မွန်ခမာလူမျိုး နွယ်များအဖြစ် ရှေးပဝေသဏီကပင် အခြေချနေထိုင် လာခဲ့ကြပြီး မြို့ပြနိုင်ငံများခေတ်ကပင် ကိုယ့်ထီး၊ ကိုယ့် နန်း၊ ကိုယ်ကြငှန်းဖြင့် နေထိုင်ရှင်သန်ခဲ့ကြသူများ ဖြစ် သည်။ တစ်နည်းအားဖြင့် ကမ္ဘာတည်ကတည်းကပင် ဤမြေမှာ မွေးဖွားကြီးပြင်းလာသည့် ဇာတိပုညဂုဏ် မာနဖြင့် ထည်ဝါခံ့ညားစွာ နေထိုင်လာကြသူများဖြစ် သည်။

ဤသို့ ရှည်လျားသော သမိုင်းအစဉ်အလာဖြင့် နေ ထိုင်ခဲ့သော နိုင်ငံတော်ကို ၁၉ ရာစုတွင် ဥရောပတိုင် သားများက ကျူးကျော်နယ်ချဲ့ကာ ကိုလိုနီအဖြစ် သိမ်း ပိုက်ခဲ့ကြသဖြင့် သူ့ကျွန်ဘဝကျရောက်ခဲ့ရသည်။ ဗြိတိသျှတို့၏ ကျူးကျော်နယ်ချဲ့မှုကို တိုင်းရင်းသား လူမျိုးများ က (၃)ကြိမ်တိုင်တိုင်ခုခံတွန်းလှန်ခဲ့ကြရာ မှ ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဗြိတိသျှတို့က အပြီးအပိုင် သိမ်းပိုက်ကာ ဝိတိုရိယဘုရင်မကြီးအတွက် နှစ်သစ်ကူး လက်ဆောင်အဖြစ် ပေးခဲ့သောကြောင့် ကိုလိုနီအဖြစ် ကျရောက်ခါလွတ်လပ်ရေးဆုံးရှုံးခဲ့ရပြီး မြန်မာ့ဦးစွန်း အနောက်သို့ ယွန်းခဲ့ရသည်။

ထိုကဲ့သို့ ဗြိတိသျှတို့ လက်အောက်ကျရောက်ခဲ့ရ သော်လည်း တိုင်းရင်းသားပြည်သူများက သူ့ကျွန်မခံ ဇာတိမာန်ဖြင့် နှစ်ပေါင်း ၁၀၀ နီးပါးနယ်ချဲ့တို့ကို ခုခံ တွန်းလှန်ခဲ့ကြပြီး နိုင်ငံ့လွတ်လပ်ရေးပြန်လည်ရရှိရန် ကြိုးပမ်းခဲ့ကြသဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်သော အချုပ်အခြာ အာဏာပိုင်ပြည်ထောင်စု သမ္မတနိုင်ငံတော်အဖြစ် ပြန်လည်ရောက်ရှိလာခဲ့သည်။ တိုင်းရင်းသားပြည်သူလူထုများ၏ အသက်သွေးနှင့် ရင်း၍ ရယူပေးခဲ့သော လွတ်လပ်ရေးနေ့သည် ယခု ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် (၆၉) နှစ်မြောက် သည့် အခါသမယသို့ ရောက်ရှိတော့မည်ဖြစ်သည်။ နိုင်ငံတော်၏ အထွတ်အမြတ်ထားအပ်သော ဂုဏ်ဝင် နေ့မြတ်အခါတော်တွင် နိုင်ငံတစ်ဝန်းလုံး၌ လွတ်လပ် ရေးအောင်ပွဲအထိမ်းအမှတ်အဖြစ် အားကစားပြိုင် ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို တပျော်တပါး ခမ်းနား စည်ကားစွာ ကျင်းပသွားရန် နိုင်ငံတော်က လမ်းညွှန်ခဲ့ သည်။

## လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီနှင့် အမျိုးသားရေးဦးတည်ချက်များ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉) နှစ် မြောက်လွတ်လပ်ရေးနေ့ကို ခမ်းခမ်းနားနား စည်ကား သိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်က ကျင်းပရေးဗဟိုကော်မတီ ဖွဲ့စည်းပေးခဲ့ရာတွင် နိုင်ငံ တော် ဒုတိယသမ္မတ(၁)က ဥက္ကဋ္ဌအဖြစ် ဦးဆောင် ကာ ပြည်ထောင်စုအစိုးရအ အဖွဲ့ရုံးအမြဲတမ်း အတွင်း ဝန်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မည့် ဗဟို ကော်မတီတွင် အဖွဲ့ဝင်ပေါင်း ၄၁ ဦးပါဝင်သည်။ အဆိုပါ ဗဟိုကော်မတီက ၂၀၁၇ ခုနှစ် (၆၉)နှစ်မြောက် လွတ် လပ်ရေးနေ့ အခမ်းအနားများကို အောက်ဖော်ပြပါ အမျိုး သားရေး ဦးတည်ချက်များ ပေါ်လွင်အောင် ဖော်ဆောင် ကျင်းပသွားမည်ဖြစ်သည်။

- ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံတွင် တွေ့ဆုံညှိနှိုင်းမှုများမှ ရရှိလာသည့် ဆုံးဖြတ်ချက်များနှင့်အညီ ဘုံသဘောတူညီချက် ဖြင့် အနာဂတ်တွင် စစ်မှန်သည့် ပြည်ထောင်စု ကြီး တည်ဆောက်သွားနိုင်ရေး
- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်း လုံးညီညွတ်မှုမပြိုကွဲရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသား အားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး
- ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေး အတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့်သင့်လျော်သည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် တစ်ရပ်ပေါ်ပေါက်ရန်ကြိုးပမ်းဆောင် ရွက်ရေး
- နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်များ နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေသည့် စီးပွားရေးအခြေအနေကောင်းများ၊ ရရှိရန် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို ပေါ်လွင်အောင် အကောင်အထည်ဖော်ကျင်းပသွားမည်ဖြစ်ပါ သည်။

ထိုသို့သော အမျိုးသားရေးဦးတည်ချက်များကို ရှေးရှု အကောင်အထည်ဖော်ဆောင်ရွက်ရန် လွတ်လပ် ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ၏အောက်တွင် ဆပ် ကော်မတီများအဖြစ် နိုင်ငံတော်အလံတင် အခမ်းအနား နှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား ကျင်းပ ရေးဆပ်ကော်မတီ၊လုံခြုံရေးဆပ်ကော်မတီ၊ နိုင်ငံတော် သမ္မတ၏ လွတ်လပ်ရေးနေ့သဝဏ်လွှာ ပြုစုရေးဆပ် ကော်မတီ ၊ ကျန်းမာရေးဆပ်ကော်မတီ၊ အားကစား ပြိုင်ပွဲများ ကျင်းပရေးကော်မတီဟူ၍လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်နိုင်ရန်ကြီးကြပ်ကွပ်ကဲရ မည့်ဆပ်ကော်မတီ (၇) ရပ်ကိုလည်းဖွဲ့စည်းဆောင်ရွက် နေပြီဖြစ်သည်။ အဆိုပါဆပ်ကော်မတီများမှာနေ ပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူးကဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး အဖွဲ့ဝင် (၃၇) ဦးပါဝင်သော နိုင်ငံတော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြု ပွဲ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်တာဝန်ယူ ပြီးအဖွဲ့ဝင် (၁၂) ဦးပါဝင်သော လွတ်လပ်ရေးနေ့ညှိခံ ပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၊ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး အဖွဲ့ဝင် (၁၀) ဦးပါဝင်သော လုံခြုံရေး ဆပ်ကော်မတီ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးကဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီးအဖွဲ့ဝင် (၁၀) ဦးဒပါဝင်သော ပြန်ကြားရေးဆပ်ကော်မတီ၊ ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးကဥက္ကဋ္ဌ အဖြစ်တာဝန် ယူပြီး အဖွဲ့ဝင်(၁၀) ဦး ပါဝင်သော နိုင်ငံတော် သမ္မတ ၏လွတ်လပ်ရေးနေ့ သဝဏ်လွှာပြုစုရေးဆပ်ကော် မတီ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး အဖွဲ့ဝင် (၁၇) ဦးပါဝင်သော ကျန်းမာရေးဆပ်ကော်မတီ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီးအဖွဲ့ဝင် (၁၆) ဦး ပါဝင်သောအားကစားပြိုင်ပွဲများ ကျင်းပရေးဆပ်ကော် မတီတို့ဖြစ်ပါသည်။

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တာဝန်

လုပ်ငန်းတာဝန်များကို အနီးကပ်ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရန် ဖွဲ့စည်းခဲ့သောဆပ်ကော်မတီ (၇) ရပ် တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီးကတာဝန်ယူဆောင်ရွက်ရမည့် ဆပ် ကော်မတီ(၂) ရပ်ရှိပြီး ကျန်းမာရေးဆပ်ကော်မတီနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနမှ အဓိကပါဝင် ဆောင်ရွက်ပြီး အောင်မြင်ပြီးမြောက်အောင်အကောင် အထည်ဖော်ရမည့် လုပ်ငန်းတာဝန်မှာ အားကစားပြိုင်ပွဲ များနှင့် ပျော်ပွဲရွှင်ပွဲများကျင်းပရေးလုပ်ငန်းဖြစ် သည်။

(၆၉) နှစ်မြောက်လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲ များကျင်းပရေးအတွက်လုပ်ငန်းများအ ကောင်အထည် ဖော်ဆောင်ရွက်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်တာဝန်ယူ ကာ အဖွဲ့ဝင်များအဖြစ်တွဲဖက်အတွင်းရေးမှူး၊ နေပြည် တော်စည်ပင်သာယာရေးကော်မတီ၊ အတွင်းဝန်များ၊ ညွှန်ကြားရေးမှူး (ယှဉ်/ လေ့-၁)အားကစားနှင့်ကာယ ပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးလမ်းဦးစီးဌာန၊ ညွှန် ကြားရေးမှူးမြို့ပြ နှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန် ကြားရေးမှူးပြည်ထောင်စုနယ်မြေနေပြည်တော် အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ပြည်ထောင်စုနယ်မြေနေပြည်တော်အားကစားနှင့် ကာ ယပညာဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ပျဉ်း မနားမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်တို့က အဖွဲ့ဝင်များအဖြစ်ပါဝင်ကြပြီး အားကစားနှင့် ကာယ ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးမျိုးလှိုင်က အတွင်းရေးမှူးအဖြစ်တာဝန်ယူဆောင်ရွက်မည့် ၂၀၁၇ ခုနှစ် (၆၉) နှစ်မြောက်လွတ်လပ်ရေးနေ့ အားကစားပြိုင် ပွဲများ ကျင်းပရေးကော်မတီကိုလည်းဖွဲ့စည်းခြင်း၊ အား ကစားပြိုင်ပွဲများနှင့်ပျော်ပွဲရွှင်ပွဲများ၊ လွတ်လပ်ရေး နေ့ကျင်းပ ရေးဗဟိုကော်မတီ၏ ဦးဆောင်မှုကို ယူကာ အားကစားပြိုင်ပွဲများ ကျင်းပရေးကော်မတီ အနေဖြင့် အားကစားပြိုင်ပွဲများအဖြစ် အားကစားနည်း သုံးနည်းဖြစ်သော ဖူဆယ်အားကစားအမျိုးသားပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းအားကစားအမျိုးသားပြိုင်ပွဲ၊ လွန်ဆွဲ အားကစား အမျိုးသားအမျိုးသမီးပြိုင်ပွဲများ ကျင်းပ သွားရန် စီမံဆောင်ရွက်ခဲ့သည်။

တစ်ဖက်တွင်လည်း ကလေးသူငယ်များနှင့် ကျောင်း သားလူငယ်များအပါအဝင် ပြည်သူလူထုများကျယ်ပြန့် စွာပါဝင်နိုင်ရေးရှေးရှုကာ ပျော်ပွဲရွှင်ပွဲများအဖြစ် အာလူးကောက်အပြေးပြိုင်ပွဲ၊ အပ်ထိုးအပြေးပြိုင်ပွဲ၊ အမြင့်ခုန်၊ အလျားခုန်ပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ မီနီမာရသွန်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်အပြေးပြိုင်ပွဲ၊ ခြေပူး အပြေးပြိုင်ပွဲ၊ ထုပ်ဆီးထိုးပြိုင်ပွဲနှင့် ခေါင်းအုံးရိုက် ပြိုင် ပွဲများ ကျင်းပပေးသွားရန်လည်း စီမံဆောင်ရွက်ထား ပြီးဖြစ်သည်။


## အားကစားပြိုင်ပွဲများအစီအစဉ်

အားကစားပြိုင်ပွဲများ ကျင်းပရာတွင် ဖူဆယ်ပြိုင်ပွဲ များကို နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်ပြိုင်ပွဲရုံ၌ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃ ရက်အထိလည်းကောင်း၊ ပိုက် ကျော်ခြင်းပြိုင်ပွဲများကို နေပြည်တော်ဝဏ္ဏသိဒ္ဓိအား ကစားရုံ (B) တွင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃ ရက်အထိ လည်းကောင်း၊ လွန်ဆွဲအားကစားပြိုင်ပွဲများကို နေပြည်တော် ဝဏ္ဏ သိဒ္ဓိအားကစားကွင်း ဘောလုံးလေ့ကျင့်ရေးကွင်း အမှတ်(၃)တွင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိလည်းကောင်း ကျင်းပ သွားမည် ဖြစ်သည်။

အားကစားပြိုင်ပွဲများကို နိုင်ငံတစ်ဝန်းတွင် စည်ကား သိုက်မြိုက်စွာ ကျင်းပသွားရန် စီစဉ်ထားမှုနှင့်အတူ (၆၉) နှစ်မြောက်လွတ်လပ်ရေးနေ့ ကျင်းပရေးစီမံချက်အရ ကျင်းပသော ပြိုင်ပွဲများသာမက အားကစားနှင့် ကာယ ပညာဦးစီးဌာန၏ မူလအစီအစဉ်များအရ တိုင်းဒေသ ကြီးအသီးသီးရှိ မြို့နယ် အားကစားနှင့် ကာယပညာဦးစီး ဌာန၏ စီမံချက်အရ ကျင်းပနေသော အားကစားပြိုင်ပွဲ များကိုလည်း ပိုမိုစည်ကားသိုက်မြိုက်စေမည့် လူထုအား ကစားလှုပ်ရှားမှုများအဖြစ် ကျင်းပသွားရန်လည်း စီမံ ဆောင်ရွက်လျက်ရှိသည်။

ယင်းပျော်ပွဲရွှင်ပွဲများတွင် မြန်မာတိုင်းရင်းသား ပြည်သူများအကြားကလေးသူငယ်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်လူရွယ်များ တပျော်တပါး အား ပေးပါဝင်ကြသည့် အာလူးကောက်၊ အပ်ထိုး၊ ချော တိုင်တက်၊ ဂုန်နီအိတ်စွပ်၊ အပြေးပြိုင်ပွဲများ၊ ခေါင်း အုံးရိုက်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲကဲ့သို့ ရိုးရာအားကစား ပြိုင်ပွဲ အစဉ်အလာကို ပြသသည့် ပြိုင်ပွဲများအပြင် မျိုး ဆက်သစ် အားကစားသမားများ ပေါ်ထွက်လာရေးကို ရှေးရှုယှဉ်ပြိုင်ကြသည့် မာရသွန်၊ အမြင့်ခုန်နှင့် အလျားခုန် အားကစားပြိုင်ပွဲများကို ခရိုင်နှင့် မြို့နယ် အဆင့် ဦးစီးဌာန၏ စီမံချက်ဝင်ပြိုင်ပွဲများပါ ထည့် သွင်းရေးဆွဲပြီး ၂၀၁၇ ခုနှစ် (၆၉) နှစ်မြောက် အား ကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများတွင် တပျော်တပါး ပါဝင်ဆင်နွှဲစေကြမည်ဖြစ်သည်။ နိုင်ငံတော်က (၆၉)နှစ် မြောက် လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ ပြိုင်ပွဲကျင်းပ ရေးဆပ်ကော်မတီ၏ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် အစိုးရအဖွဲ့များ၊ အားကစားနှင့် ကာယပညာကော်မတီများ၊ လူမှုရေးအသင်းအဖွဲ့ များ၊ လုပ်ငန်းရှင်များနှင့် အားကစားဝါသနာရှင် ပြည်သူလူထုများ၏ ပူးပေါင်းစီမံဆောင်ရွက်မှုဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည့် လွတ်လပ်ရေးနေ့ အောင်ပွဲကြီးဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

# နတ်မှော်စခန်းမှာဆင်စီးပြီးအပန်းဖြေနိုင်



**ရွှေတောင် ဒီဇင်ဘာ ၆**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့အထွက် ၅ မိုင်ခန့်အကွာ ပြည်-ရန်ကုန် ကားလမ်းဘေး ခုတင် ၁၀၀ စစ်ဆေးရုံရှေ့ နတ်မှော်စခန်းတွင် ဆင်စီးပြီးအပန်းဖြေရန် ပြုလုပ်ထားကြောင်း သိရသည်။

အဆိုပါ နတ်မှော်စခန်းတွင် လိမ္မာသော ဆင်ကြီးများဖြင့် အပန်းဖြေစီးနိုင်အောင် ဆောင်ရွက်ထားပြီး ဆင်အတွက်အစာများလည်း ဝယ်ယူကျွေးမွေးနိုင်ကြောင်း၊ ဆင်စီးသူများနှင့် ဆင်စာကျွေးသူများ အန္တရာယ်မရှိစေရန် ကျွမ်းကျင်သောဆင်ဦးစီးများက အနီးကပ် လိုက်လံစောင့်ရှောက်ပေးကြောင်းနှင့် ဆင်စီးပြီး ဧရာဝတီမြစ်၏ ညနေဆည်းဆာအလှတရားများ ကြည့်ရှုခံစားရင်း အပန်းဖြေနိုင်အောင် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

၎င်းနတ်မှော်စခန်းတွင် အသက် ၄၇ နှစ်အရွယ် အေးလုံအမည်ရှိ ဆင်ကြီးနှင့် အသက် ၄၆ နှစ်အရွယ် သန်းဝင်းအမည်ရှိဆင်အကြီး နှစ်ကောင်အပြင် အသက်နှစ်နှစ်ခွဲရှိ ဆင်အသေး တစ်ကောင်ရှိကြောင်းသိရပြီး ဆင်စာများကိုလည်း ရောင်းချပေးကြောင်း၊ နတ်မှော်စခန်းကို နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိလည်းကောင်း၊ နံနက်ပိုင်း ဆင်စီးချိန်ကို နံနက် ၁၀ နာရီခွဲမှ ၁၁ နာရီခွဲအထိ ဖြစ်ပြီး ညနေ ၃ နာရီမှ ၅ နာရီခွဲအထိ ဖွင့်လှစ်မည်ဖြစ်သည်။ ညနေ ဆင်စီးချိန်ကို ၄ နာရီမှ ၅ နာရီခွဲအထိ စခန်း ဖွင့်လှစ်ထားမည်ဖြစ်ပြီး အပတ်စဉ် တနင်္လာနေ့တစ်ရက် စခန်းပိတ်မည်ဖြစ်ကြောင်း သိရသည်။

စခန်းဝင်ကြေးမှာ အပန်းဖြေသူတစ်ဦးလျှင် ကျပ် ၅၀၀ ဖြစ်ပြီး ပြည်ပမှလာရောက်သူများအတွက် တစ်ဦးလျှင် ကျပ် ၅၀၀၀ ဖြစ်သည်။ ဆင်စီးရန်အတွက် ပြည်တွင်းတစ်ဦးလျှင် ကျပ် ၂၀၀၀ ဖြစ်ကာ ပြည်ပဧည့်သည်တစ်ဦးလျှင် ကျပ် ၁၀၀၀၀ သတ်မှတ်ထားကြောင်း သိရသည့်အပြင် ဆင်သရုပ်ပြကွက်များနှင့် ဆင်ပြခန်းများကို လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ပြည့်သဲမောင်(ပြည်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပူးပေါင်းဆောင်ရွက်

**တာမွေ ဒီဇင်ဘာ ၆**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အီတလီနိုင်ငံရှိ CESVI အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ဥရောပသမဂ္ဂ၏ စီမံကိန်းတစ်ခုဖြစ်သည့် 'ရေရှည်တည်တံ့သော မြို့ပြသယ်ယူပို့ဆောင်ရေးစီမံမှု' စီမံကိန်း Sustainable Urban Mobility Planning EU Project ၏ လှုပ်ရှားမှုတစ်ခုဖြစ်သည့် ပြည်သူလူထုအကြား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးအစီအစဉ်အား ပူးပေါင်းအဖွဲ့များဖြင့် ဒီဇင်ဘာ ၂ ရက်က တာမွေမြို့နယ် တာမွေယာယီဈေးရှေ့တွင် ဆောင်ရွက်ပေးခဲ့ကြသည်။

သက်ဆိုင်ရာရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများကလည်း အဆိုပါ စီမံကိန်းအဖွဲ့ဝင်များဖြင့် ပူးပေါင်းကာ မိဘပြည်သူများ သွားလာရာ၌ အန္တရာယ်ကင်းရှင်းစေရေးအတွက် အပတ်စဉ် တနင်္လာနေ့နှင့် သောကြာနေ့တို့တွင် နံနက် ၈ နာရီမှ ၁၁ နာရီအထိ၊ မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီထိ စည်းကမ်းစနစ်တကျရှိစေရေး ကြပ်မတ်ဆောင်ရွက်ပေးခဲ့ကြသည်။

**၁၉၇**

## ရေထွက်ပေါက်များဖောက်လုပ်ပေးရန် တာဝန်ရှိသူများနှင့်ညှိနှိုင်း

**တိုက်ကြီး ဒီဇင်ဘာ ၆**
တိုက်ကြီးမြို့နယ် အဖျောက် မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းမှ ကြွေပုဂံချောင်းကျေးရွာအတွင်း လယ်ယာစိုက်ပျိုးထားသော တောင်သူများမှ ရေနံတာကားလမ်းဖြင့် လယ်ယာမြေများအား ဝိုင်းကြီးပတ်ပတ်လည်ဝိုင်းထားပြီး ရေထွက်ပေါက် လုံလောက်စွာမရှိမှုကြောင့် နှစ်စဉ် မိုးစပါးများ ထာဝရပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါရေထွက်ပေါက်များ အမှန်တကယ်လိုအပ်မှု ရှိ-မရှိကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စွမ်းအင်လျှပ်စစ်၊ သစ်တောရေးရာကော်မတီဥက္ကဋ္ဌ ဦးတင်ရှိန်၊ ဆည်မြောင်းဦးစီးဌာ၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတို့မှ တာဝန်ရှိသူများသည် ဒီဇင်ဘာ ၂ ရက် မွန်းတည့် ၁၂ နာရီက ကွင်းဆင်းပြီး လယ်သမားများနှင့် တွေ့ဆုံကာ ရေထွက်ပေါက်လုပ်မည့်နေရာကို ကြည့်ရှုခဲ့သည်။

"ရေနံတာကြောင့် နှစ်စဉ် စပါးစိုက်ခင်းတွေ ရေမြုပ်ခဲ့တာဟာ ၁၉၉၃ ခုနှစ် တာစလုပ်ကတဲကပါ။ စပါးစိုက်မရတော့ ပဲစိုက်ရာသီမှာ မတ်ပဲစိုက်တော့လည်း ရေထွက်ပေါက်မရှိလို့ ရေနစ်ပြီးပျက်စီးခဲ့ရတယ်။ ကျွန်တော်တို့ လယ်သမားတွေလဲ လယ်မစိုက်ရတော့ စားဝတ်နေရေးခက်ခဲနေပါတယ်။ အခုတော့ ရေထွက်လုပ်ပေးမယ်ဆို့လို့ လယ်သမားတွေ ဝမ်းသာနေကြတယ်" ဟု လယ်သမားကြီး ဦးသောင်းတင်က ပြောပြသည်။ အဆိုပါ ရေနံတာ ရေထွက်ပေါက်လုပ်ပေးရန်အတွက်ကော်မတီဥက္ကဋ္ဌ ဦးတင်ရှိန်မှ မြို့နယ်လယ်ယာမြေစီစစ်ရေးကော်မတီ၊ ဆည်မြောင်းဦးစီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်းနှင့် လယ်သမားများအား ညှိနှိုင်းဆောက်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလှိုင် (မြိုင်)**

## ခရမ်းမြို့နယ်တွင် ဆိုင်ကယ် ယာဉ်မောင်းလိုင်စင်များကွင်းဆင်းထုတ်ပေး

**ခရမ်း ဒီဇင်ဘာ ၆**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင်ရုံးမှ ဒုတိယအကြိမ် မော်တော်ဆိုင်ကယ်ယာဉ်မောင်း (က) လိုင်စင်ကွင်းဆင်းစစ်ဆေးထုတ်ပေးခြင်းကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီက ခရမ်းမြို့နယ် ဘုရားပျံစံပြကျေးရွာ မြသိန်းတန်ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါကွင်းဆင်း၍ မော်တော်ဆိုင်ကယ်မောင်း(က) လိုင်စင်ထုတ်ပေးမှုအခမ်းအနားတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိမိခိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်နိုင်ဦး၊ ဘုရားပျံကျေးရွာရဲစခန်းမှူး ရဲအုပ်သန်းဇော်ဦး၊ မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့စု ၄၃ မှ ဒုရဲအုပ်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာကျင့်သုံးရမည့် ဥပဒေ၊ နည်းဥပဒေများ၊ ဥပဒေနှင့် ပြစ်ဒဏ်များအကြောင်းနှင့် တောင်ပိုင်းခရိုင် မြန်မာ့အာမခံဌာနမှ ဦးစီးအရာရှိက အာမခံဆိုင်ရာ သိကောင်းစရာများအကြောင်း အသိပညာပေးဟောပြောခဲ့ကြပြီး ခရမ်းမြို့နယ် ဘုရားပျံကျေးရွာနှင့် အနီးဝန်းကျင်မှ ကျေးရွာနေပြည်သူ ၆၇၀ တို့အား မော်တော်ဆိုင်ကယ်ယာဉ်မောင်း (က) လိုင်စင်များကို နေချင်းပြီး စိစစ်ထုတ်ပေးခဲ့သည်။

ထိုသို့ သက်ဆိုင်ရာဌာနများမှ ကျေးရွာအရောက်ကွင်းဆင်း၍ ပြည်သူများ၏ လိုအပ်မှုများကို ဆောင်ရွတ်ပေးမှုကြောင့် ကျေးရွာနေပြည်သူအများစုမှာ အချိန်ကုန်ငွေကုန်သက်သာ၍ ယာဉ်လမ်းစည်းကမ်းများ၊ ဥပဒေပြစ်ဒဏ်များနှင့် အာမခံများအကြောင်း ပွင့်လင်းစွာသိမြင်ရရှိခဲ့ကြောင်း မော်တော်ဆိုင်ကယ်မောင်းလိုင်စင်လာရောက်လျှောက်ထားကြသူများထံမှ သိရသည်။

**ကိုမင်း(ခရမ်း)**




ပဲခူးမြို့ ကျွန်းသာယာအဝေးပြေး ယာဉ်ရပ်နားစခန်းရှေ့တွင် ကညန၊ လုပ်ငန်းလိုင်စင်ဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ခရိုင်၊ မြို့နယ်ယာဉ်လုပ်ငန်းကြီးကြပ်ရေးကော်မတီဝင်များသည် ဒီဇင်ဘာ ၁ ရက် နံနက် ၈ နာရီက ယာဉ်များအား ပညာပေးစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ ယင်းသို့ စစ်ဆေးရာတွင် လိုင်စင်၊ လုပ်ငန်းလိုင်စင်၊ မီးသတ်ဆေးဘူး၊ မှန်ခွဲကိရိယာ၊ အရေးပေါ်ထွက်ပေါက်၊ ခါးပတ်နှင့် အရက်သေစာ သောက်စားမှု ရှိ-မရှိအားတိုင်းသောကိရိယာများဖြင့် စစ်ဆေးပညာပေးမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- ၆၉၉

## ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်

**လှိုင်သာယာ ဒီဇင်ဘာ ၆**
ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အားကစားနှင့်ကာယပညာကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ အားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၃ ရက် နံနက် ၅ နာရီတွင် စုရပ်အဖြစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့ ညောင်တုန်းလမ်းမကြီးဘေးမှ အင်အား ၁၀၀၀ ကျော်ဖြင့် အောင်ဇေယျ ကြိုးတံတားပေါ်သို့ စုပေါင်းလမ်းလျှောက်ကြ၍ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ဆောင်ရွက်ကြရာ ရပ်ကွက်ပေါင်း ၂၀၊ ကျေးရွာအုပ်စုကိုးအုပ်စုမှ လုပ်သားပြည်သူများ၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

**၃၂၉**

## ရထားပို့ဆောင်ရေးဥပဒေအား အသိပညာပေး

**ရန်ကုန် ဒီဇင်ဘာ ၆**
ရထားရဲတပ်ဖွဲ့ အမှတ် (၁၃) တပ်ခွဲ ရန်ကုန်မှ တပ်ခွဲမှူး ဒုရဲမှူး ပီတာမြင့်သိန်း၏ ကြီးကြပ်မှုဖြင့် တပ်ခွဲအပိုင်ဘူတာများ၌ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေအား ခရီးသွားပြည်သူများ သိရှိနိုင်ရေးနှင့် လိုက်နာနိုင်ရေးအတွက် ဗီနိုင်းပိုစတာများရေးသား၍ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းဘူတာများ၌ လိုက်လံကပ်ထားပြီး ခရီးသည်များအား အသိပညာပေး ချပြရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး**



## ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး အင်းစိန် (ဗဟို) အကျဉ်းထောင်အား သွားရောက်ကြည့်ရှု

**ရန်ကုန် ဒီဇင်ဘာ ၆**
ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်အေးသန်းသည် ရန်ကုန်တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်တင်မြ၊ ရန်ကုန်မြောက်ပိုင်းခရိုင် တရားသူကြီး ဦးတင်ထွေး၊ တာဝန်ရှိသူများနှင့်အတူ အင်းစိန်ဗဟိုအကျဉ်းထောင်သို့ ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက သွားရောက်ကြည့်ရှု စစ်ဆေးသည်။

တရားသူကြီး ဒေါ်အေးသန်းသည် အင်းစိန်(ဗဟို)အကျဉ်းထောင်ရှိ အကျဉ်းသား၊ အကျဉ်းသူများ၊ အချုပ်သား၊ အချုပ်သူများနှင့်တွေ့ဆုံ၍ ဥပဒေပါ အခွင့်အရေးများ ခံစားရရှိခွင့် ရှိ -မရှိ၊ ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးအခြေအနေနှင့် ပညာသင်ကြားပေးမှု၊ အသက်မွေးမှု အတတ်ပညာသင်ကြားပေးမှုအခြေအနေများကို ဆွေးနွေးမေးမြန်းခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အကျဉ်းထောင်ရှိ တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ကိုလတ် (သတင်းစဉ်)**




# မြတ်ဗုဒ္ဓသာသနာတော် (၂၆၀၅)နှစ်ပြည့် ပူဇော်ပွဲအထိမ်းအမှတ် ထေရဝါဒ အထူးဓမ္မသဘင် ဖိတ်ခေါ်တိုက်တွန်း နှိုးဆော်လွှာ

ထေရဝါဒ သာသနာပြုသမိုင်း ကမ္ဘည်းရွှေပေလွှာမှာ မိမိတို့နာမည်တစ်လုံး ရွှေနှင့်မှုန်းပြီး မော်ကွန်းတင် ချန်ထားရစ်ခဲ့နိုင်ဖို့ ဗုဒ္ဓဘာသာဝင်တို့၏ နှလုံးအိမ်မှာ ဌာပနာသဖွယ် ကိန်းတည်နေတဲ့ သာသနာအတွင်းသား ကုသိုလ်စိတ်လေးကို လေးလေးစားစားဖိတ်ခေါ်တိုက်တွန်းအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ အနီးကပ်လမ်းညွှန်မှုကို ခံယူ၍ မြို့မိမြို့ဖ လုပ်ငန်းရှင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့အစည်းများ ပေါင်းစည်းကာ ရွှေတိဂုံပြည်သူ့ရင်ပြင် ဓမ္မသဘင်၊ ရွှေမန်းတောင် ဓမ္မသဘင်ကြီးများကဲ့သို့ ရွှေမော်ဓောစေတီတော်ကြီး ခြေတော်ရင်း ယာဉ်ရပ်နားဝင်းအတွင်း မြန်မာ့ရိုးရာ တရားဟော စင်ကြီးပူဇော်ဆောက်လုပ်၍ မထေရ်မြတ်ကြီး(၅)ပါး၏ ဓမ္မသဘင်ကြီးကို ၁၀-၁၂-၂၀၁၆ ရက်မှ ၁၄-၁၂-၂၀၁၆ ရက်ထိ (၅)ညတိုင်တိုင် ကျင်းပလှူဒါန်းကြမည်ဖြစ်ပါသည်။

သာသနာတော်နှစ် (၂၆၀၅) ပြည့်အထိမ်းအမှတ် သာသနာတော်တစ်ရပ်လုံး၏ကိုယ်စား ပူဇော်ကျင်းပသည့် ဓမ္မသဘင်ပွဲကြီးဖြစ်သည်နှင့်အညီ မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကို သဒ္ဓါမောက်ဖြိုး၊ မာန်နှိမ်ချိုးကာ၊ ပညာမိုး၍ ရွှေမော်ဓောစေတီတော်မြတ်ကြီးကို ကြည်ညိုဖူးမြော်ရခြင်း၊ တရားမြတ်ရတနာကို နာကြားရခြင်း၊ သံဃာတော်မထေရ်မြတ်ကြီးများကို ဖူးမြော်ရခြင်းတည်းဟူသော ရတနာမြတ်သုံးပါးကို တစ်နေရာတည်း၌ တစ်ပြိုင်နက်တည်း မြတ်နိုးကော်ရော် ပူဇော်နိုင်ပါစေခြင်းအကျိုးမျှော်ကာ **Sky Net** ရုပ်မြင်သံကြားလိုင်းမှလည်း တစ်နိုင်ငံလုံးသို့ တိုက်ရိုက်ထုတ်လွှင့် လှူဒါန်းပူဇော်ပေးမှာဖြစ်ပါသည်။

သာသနာတော်ရဲ့ အခွင့်အလမ်းနှင့် ကိုယ်ရောက်နေတဲ့ အဆင့်အတန်းကို ဆင်ခြင်သုံးသပ်ပြီး သာသနာရန်များ ကမ္ဘာအနှံ့ပျံ့နှံ့ကြိုင်လှိုင်စေဖို့ 'သာသနာကြုံကျိုး၊ လူဖြစ်ကျိုး" နပ်စေမည့် ဤအထူးဓမ္မသဘင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်စေရန်အတွက် သဒ္ဓါစွမ်းအား၊ ပညာစွမ်းအား၊ ဝေယျာဝစ္စကုသိုလ်စွမ်းအားများ ပေါင်းစည်းပါဝင်နိုင်စေခြင်း အကျိုးငှာ အကျိုးဆောင်ကော်မတီများထံ ဆက်သွယ်လှူဒါန်းပါဝင်နိုင်ပါကြောင်း နိဗ္ဗာန် သတင်းကောင်းပါးလိုက်ရပေသည်။

| | | |
|---|---|---|
| ၁။ | ဦးမောင်မောင် ဥက္ကဋ္ဌ၊ ဈေးကြီးဆန်လှူအသင်း | ဖုန်း-၀၉-၂၅၁၁၇၀၉၂၆ |
| ၂။ | ဒေါ်လှကြည် သီရိသုဓမ္မသီဂီ၊ မြင်းကျား | ဖုန်း-၀၉-၅၁၀၆၆၈၂ |
| ၃။ | ဒေါ်အေးအေး၊ ပွင့်ရတနာကိုယ်ပိုင်အထက်တန်းကျောင်း | ဖုန်း-၀၉-၅၃၀၂၄၃၇ |
| ၄။ | ဦးကြင်လှိုင်၊ ဆင်နှစ်ကောင်ရွှေဆိုင် | ဖုန်း-၀၉-၅၃၀၀၃၃၀ |
| ၅။ | ဦးညီညီ၊ ရော်ဘာစိုက်ပျိုးရေးအသင်း၊ ဥက္ကဋ္ဌ၊ ပဲခူးမြို့ | ဖုန်း-၀၉-၅၁၉၈၈၆၆ |
| ၆။ | ကိုနိုင်၊ ကျွန်းသာယာစက်သုံးဆီအရောင်းဆိုင် | ဖုန်း-၀၉-၅၃၀၀၅၃၀ |
| ၇။ | ကိုသက်နိုင်ဦး၊ ဟသ်ာစတိုး | ဖုန်း-၀၉-၇၉၆၉၈၃၈၀၀ |
| ၈။ | ဦးသိန်းဆိုင်၊ သုခဒါယီ | ဖုန်း-၀၉-၂၅၀၂၈၈၁၆၉ |
| ၉။ | ဦးမျိုးမင်းညွန့်၊ ချွန်ကောင်းစက်သုံးဆီအရောင်းဆိုင် | ဖုန်း-၀၉-၅၃၀၁၀၁၀ |

**AYA Bago Bank: A/C No.0013202012627567**
**KBZ Bago Bank: 1 A/C No.03030203000032001**
**CB Bago Bank: A/C No.1572013702**
**avmuf,Ofu;ap&mü twkd;Bf;wmflo Akd;wpfG ax&0g'oonemawmf tqHk;rw\ Gcufifaom u;Ejwd;Zuf;]vb0uf&awmfvpG a[mOw ta[mOw [k'eft udfudfuL;&ifap/**



ကြော်ငြာ


**Asia Top** မှ ကျိုက်ထီးရိုး/ ချောင်းသာ(နေ့စဉ်)
Dec 2,9,12,16, 23, 30 ထွက်မည်
09431641118,09421099574 • ခရီးစဉ်များ

**ရွှေပင့်ကူ**
45000/- 55000/-
New Year ချောင်းသာ Dec 23-30

**GOLDEN STAR**
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480





## မွေးနေ့ဆုတောင်း

၇-၁၂-၂၀၁၆ရက်တွင် ကျရောက်သော **မခင်ရတနာထိုက်**(ထားဝယ်) (၁)နှစ်ပြည့်မွေးနေ့မှ နောင်နှစ်ပေါင်းများစွာ တိုင်အောင် မိသားစုနှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် သာယာချမ်းမြေ့သောဘဝကို ရယူပိုင်ဆိုင်နိုင်ပါစေကြောင်း။

**ဖေဖေ - ဦးကိုကိုဝင်းထိုက် (ဒုလက်ထောက်ကွန်ပျူတာမှူး) တိုင်းစည်ပင်**
**မေမေ - ဒေါ်အေးသီတာဖြိုး (လက်ထောက်ကထိက) ထားဝယ်တက္ကသိုလ်**
**ဘိုးဘိုး - ဦးမောင်မောင်အေး- ဘွားဘွား ဒေါ်စန်းစန်းကြူ**
**ဘိုးဘိုး - ဦးချစ်ဝေ- ဘွားဘွား ဒေါ်ခင်ဝေ**

## လက်ထပ်ပြီးစီးကြောင်း

ကျွန်တော် ဦးကျော်ကျော်ထွေး (၁၂/ရပသ(နိုင်)၀၆၂၃၅၂) (Director of Baton Travels & Tours Co.,Ltd) နှင့် ကျွန်မ ဒေါ်ခင်မေဦး (၁၂/ဥကမ(နိုင်)၂၀၇၉၉၃) (Managing Director of Baton Travels & Tours Co.,Ltd) တို့သည် (၂၃.၁၁.၂၀၁၆)ရက်နေ့တွင် နှစ်ဦးသဘောတူလက်ထပ်ပြီးစီးပါကြောင်း။

**ဦးကျော်ကျော်ထွေး+ဒေါ်ခင်မေဦး**





**လှိုင်မင်းလတ်**
စာရင်းကိုင်သင်တန်း June Series / 2017
**LCCI & Dip: IFR**

| Level I+II | | သင်တန်းချိန် | စတည့်ရက် |
|---|---|---|---|
| Sec(A) | Sat+Sun | 7-9 (am) | 24.Dec |
| Sec(B) | Sat+Sun | 9-11 (am) | 24.Dec |
| Sec(C) | Sun | 11-3 (pm) | 1.Jan |
| Sec(D) | Mon+Tue | 6-8 (pm) | 2.Jan |
| Sec(E) | Sat | 11-3 (pm) | 7.Jan |
| Sec(F) | Fri | 12-4 (pm) | 13.Jan |
| Sec(G) | Tue to Fri | 12-3(pm) | 16.Jan |

| Level III | | သင်တန်းချိန် | စတည့်ရက် |
|---|---|---|---|
| Sec(A) | Sat+Sun | 3- 8 (pm) | 24.Dec |
| Sec(B) | Wed to Sun | 6- 8 (pm) | 5.Jan |
| Sec(C) | Tue to Fri | 8-12 (am) | 10.Jan |

Dec / Jan တန်းခွဲသစ်များ ခုနှစ်ပါတ်ယူ ကျောင်းအပ်နိုင်ပြီ။
Ph: 09 510 9922
အမှတ် ၃၄၊ ၄လွှာ၊ အင်းစိန်လမ်းမ၊ ကမာရွတ်၊ လှည်းတန်းမှတ်တိုင်အနီး၊ ရန်ကုန်







# STRATEGY FIRST INSTITUTE

## ICM — Single Subject Management Diplomas
**Qualifications from the Institute of Commercial Management, UK**

အချိန်ရှားပါးပြီး မိမိကျွမ်းကျင်လိုသော ပညာရပ်တစ်ခုချင်းကိုအာရုံစိုက် လေ့လာလိုသော လုပ်ငန်းရှင်များ၊ မန်နေဂျာများ၊ အရာရှိများအတွက် ရွေးချယ်တက်ရောက်နိုင်သော (၆) လသင်တန်းများ

01. Marketing Management | Dr. U Sein Min & U Aung Chit Khin
02. Sales & Sales Management | U Soe Oo
03. Business Management & Administration | Daw Nang Shwe Yee Thein
04. Management of Travel and Tourism Operations | Daw Thida Han
05. Financial Management | Daw Htay Htay Myint
06. Human Resources Management | Dr. Daw Ohnmar Myint
07. Human Resource Development | U Min Khaung
08. Logistics & Supply Chain Management | Capt. U Aung Khin Myint
09. Hospitality Management | Ms. Carine Le Port
10. Project Management | Daw Aye Aye Win
11. Business Law | Daw Marilyn Aung Khin



**တန်းခွဲသစ်များ ဒီဇင်ဘာလ (၆) ရက်နေ့စမည်။**

Single Module Fees: 420,000 kyats for each module, Marketing Mgt : 450,000 +25,000 kyats (Text Book Fees) | HR Mgt : 420,000 Kyat + 25,000 kyats (Text Book Fees), ICM Registration Fees - 45 USD per year, Exam Fees: 60 USD per module

## တက္ကသိုလ်ဝင်တန်းအောင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသူများအတွက်









**NCC education**

**Level 4 Diploma in Business**
**Level 5 Diploma in Business**

တက္ကသိုလ်ဝင်တန်းအောင်ပြီးသူများအတွက် နိုင်ငံတကာနဲ့ ရင်ဘောင်တန်းနိုင်မယ့် စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းကောင်းများ၊ အတွေ့အကြုံများစွာ ရရှိနိုင်မည့်သင်တန်းဖြစ်ပါသည်။
Level 5 ပြီးပါက နောက်ဆုံးနှစ်တစ်နှစ်တည်းကိုသာ UK နဲ့ Australia နိုင်ငံတွေမှာရှိတဲ့ တက္ကသိုလ်တွေမှာ တက်ရောက်ပြီး နိုင်ငံတကာ အသိအမှတ်ပြု ဘွဲ့ကို ရယူနိုင်ပါသည်။
မြန်မာနိုင်ငံမှာတင် နောက်ဆုံးနှစ်အထိတက်ရောက်ပြီး ယူကေ စီးပွားရေးဘွဲ့ ရယူချင်သူများအတွက် အခွင့်အလမ်းလည်းရှိပါသည်။
တက္ကသိုလ်ဝင်တန်းတွင်အောင်မြင်ခဲ့သောဂုဏ်ထူးအလိုက် ၇၅% အထိ Scholarship ချီးမြှင့်မည်။
AYA Bank ၏ Education loan ကိုလျှောက်ထားခြင်းဖြင့်လည်း အရစ်ကျပေးသွင်းနိုင်ပါသည်။
အဝေးသင်နဲ့လည်း တွဲပြီးတက်ရောက်နိုင်ပါသည်။

### ဝင်ခွင့်သတ်မှတ်ချက်

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်၊ တက္ကသိုလ်ဝင်တန်းတွင် အင်္ဂလိပ်စာ အမှတ် (၆၀) မပြည့်ပါက IELTS band (5.5) ကို ရရှိရန် ဖြေဆိုရပါမည်။

### သင်တန်းကြေးနှင့် Scholarship များ

ဘာသာရပ်အားလုံးအတွက် တစ်နှစ်စာ
L4DB Tuition Fees: 2,980,000 Ks | L4DB NCC Fees - 320 GBP
L5DB Tuition Fees: 3,080,000 Ks | L5DB NCC Fees - 380 GBP
သင်တန်းကြေးကို ၃ ရစ် ခွဲသွင်းနိုင်ပါသည်။

**ဒီဇင်ဘာလ (၅) ရက်နေ့ စမည်။**

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp, Yangon

#289, Pyay Road (Near Myaynigone City Mart) San Chaung Township, Yangon, Myanmar

**Call now: (09) 250 7171 66 ~ 68**



SPRING LINE
Hlaing River Landmark
YANGON FIRST SOHO BUSINESS CENTER
THANKS
TO 136 VIP MEMBERS FOR CHOOSING US
*FREEHOLE LAND
*READY TO STAY VERY SOON
VIP Customersများအတွက်
နေ့စဉ်မြန်မာငွေ ၁၀၀၀၀၀ကျပ်ကို
၂၀၁၇ ခုနှစ် ၁ လပိုင်း ၈ ရက် နေ့ထိရယူလိုက်ပါ၊
The Earlier You Book ,The More You Get
Room Unit Can Variable
Living And Office Together As Desired
Complete & Convenient For Living And Business
Center Of Commercial Location Become The Maximum Value Added
Permanently Property Rights Of Land
Wealth For Next Generation
Cluster Of Active Business Center
Boutique Hotel Shopping Center Lead To Regional Landmark
Tel: 09 7930 66666
Add: အမှတ် ( ၄၆၁ ) လှိုင်မြစ်လမ်း ၊ ကမ်းနားအလယ်ရပ်ကွက်၊ အင်းစိန်မြို့နယ် ။
( ပေါက်တောဝ ဓမ္မိဋ္ဌ အောင်ဇေယျ တံတား မတက်ခင် ညာဘက်ခြမ်း )
Facebook: Springline Rbd
Shwe Oak Khai Construction Co.,Ltd.
Exclusive Sponsor
SPRING LINE
Hlaing River Landmark
MAY YWAT WAR 53&35
Spring Line Music Concert
မေရွက်ဝါ ဂီတအနုပညာခရီး (၃၅)နှစ်ပြည့် အမှတ်တရ ဂီတဖျော်ဖြေပွဲ
မေရွက်ဝါ ၊ စိုးပိုင်၊ စည်သူလွင်၊ ဇော်ပိုင်၊ ဖြိုးပြည့်စုံ၊
အငြိမ့် ၊ စိန်လင်း (Aroma) ၊ ထွန်းကိုကို၊ နေညီလ ၊
သန်းသန်းနွယ်၊ ပိုင်းစုခိုင်သိန်း၊ ရတနာမိုင်၊ ချမ်းချမ်း၊ အိမ့်ချစ်၊
ဂါဆိုမိုးဦး၊ ဆန်းသစ်လ၊ ခင်ပိုးပန်းချီ၊ ငယ်ငယ်ထွေး၊ ဂါးခယ်မရဲမောင်၊
အကယ်ဒမီ နေအောင်၊ အကယ်ဒမီဇင်ပိုင်း နှင့် မေညီအမများ
၁၈-၁၂-၂၀၁၆ (စနေနေ့)၊ ည(၇း၀၀)နာရီ၊ အမျိုးသားကဇာတ်ရုံ

**Innlay Lover** Travels & Tours
အဆင့်မြင့်ဘုရားဖူး ခရီးသွားလုပ်ငန်း

| | | |
|---|---|---|
| • မြိတ်ကျွန်းပတ်ခရီးစဉ် | Dec - 23 | 300,000 Ks |
| • တောင်ကြီး | Dec-9,23, Jan - 13,27 | 135,000 Ks |
| • ပုဂံ | Dec-9,28 Jan - 20 | 135,000 Ks |
| • ပြင်ဦးလွင်၊ မန္တလေး၊ မုံရွာ | Dec-2,16 | 135,000 Ks |
| • အလောင်းတော်ကဿပ | Dec-28, Jan-13.27 | 135,000 Ks |
| • ထားဝယ်၊ ရှင်ကိုးရှင်၊ မောင်းမကန် | Dec-2,28,Jan-20 | 135,000 Ks |
| • လှိုင်ကော်၊ ရေပြာအိုင်၊ မိန်းမရဲတောင်၊ ကလော | Dec-28 | 135,000 Ks |
| • မြဝတီ မဲဆောက် | (2N-3D)Dec-16., Jan-6,27 | 100,000 Ks |
| • ချင်း-နတ်မတောင်၊ မကွေး | Dec-23 | 165,000 Ks |

အဆင့်မြင့်ဟိုတယ်၊ သန့်ရှင်းလတ်ဆက်သောစားသောက်ဆိုင်၊ ခရီးသွားအာမခံ၊ Guide Service ပါပြီး။
Call us: 09-4210 30 814, 09-97 925 2020, 09-97 925 2121, 09-2636 95 301
ကျန်းဆိုင်ခရီးအားလုံး ၃၃/ ၄ရက်ခရီး

**မိုးမြင့်ကြယ်**
ကျိုက်ထီးရိုး (မနက်/ပြန်) 33000
ရှောင်းသော (Guest - ပြန်) 33000
(မနက်) (Hotel - ပြန်) 45000
ငွေဆောင် (Hotel - ပြန်) 55000
(မနက်) (Hotel+တစ်) 45000
ပုဂံ/ပုပ္ပါး (Hotel - ပြန်) 110000
ဘုရားဖူး စင်းလုံးငှား ဆောင်ရွက်ပေးသည်။
01-549380, 09-5093704
09-450012971

**မီး သတိပြု**

**ဆရာဒွေး** နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/၃တွဲ)
အပြီးပြီး ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ် (၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြိုး ဘွဲ့ရ ၁၀-တန်းခြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
ဒီဇင်ဘာ (၃/၇/၈)ရက်နေ့ (ပ/၃)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့
Ph: 01-375970, 0951 72096, 09254541441

**COASTAL BEAUTY TRAVELS & TOURS**
မကြာမီ ဖွံ့ဖြိုးတိုးတက်လာမည့် မြိတ်ကျွန်းစုဒေသ သို့
ဦးဦးဖျားဖျား သွားရောက်လည်ပတ်ဖို့ ဖိတ်ခေါ်ပါရစေ။
(လေးကျွန်း၊ သခင်းလှကျွန်း၊ ပိန္နဲကျွန်း၊ လိပ်ဥသောင်)
စတင်ထွက်ခွာမည့်ရက် - 24 Dec နှင့် 27 Jan
09-5505201, 09-979809536,09-798185113,01-2302031

**Travel Mate Myanmar** Travels & Tours
မြဝတီ- မဲဆောက် - ဘားအံ
ဘားအံ - ကျိုက်ထော် - ဆဒ္ဒန်ဂူ
တောင်ဂူ -သံတောင်ကြီး -ဆင်စခန်း
Promotion 5 + 1 Free
09450 200 522, 09450 200 533, 09450 200 544

တက္ကသိုလ်ဝင် စာမေးပွဲမှာ ... အမှတ်များလိုသူများ အတွက်
**ဂုဏ်ထူး ဦးအောင်ဒိုင်**
2017 English Question 5 Sets
၂၀၁၇ အင်္ဂလိပ်စာ မေးခွန်း ၅ စုံ
၂၇၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ 01 252 919, 09 964 252 919


Home Since 1996
think of house, think of home
**ပါကေး အစားထိုး ကြမ်းခင်း**
Special Promotion !
Buy Flooring ၂ကျင်း → Get FREE Wall Covering ၁ကျင်း

*Terms & Condition Applied
☎ 09 79 700 70 74, 09 79 700 70 84

နှင်းဆီတိုက် ထည့်ခြိုက်ထုတ်ဝေသည့် **Wellness** အနာမယ

- နေ့စဉ်သွေးပူလေ့ကျင့်ခန်းလုပ်သင့်တယ်ဆိုတဲ့ နန်းဆုရတီစိုး
- အတွန့်အရေးကြောင်းများ လျော့ပါးသက်သာစေမယ့် ယောဂကျင့်စဉ်
- နာခေါင်းကျပ်ကျပ် အသက်ရှူမဝတာ
- ကျန်းမာရေးအတွက် အစားအသောက်တွေကို ဂရုစိုက်ရမယ်လို့ဆိုတဲ့ ပိုပို
- အစွဲမာသီးများ၊ မြေပဲများနှင့် မတတ်မတည့်ခြင်း
- ရာသီဥတုကြောင့် ဖြစ်ပေါ်လာရတဲ့ ကျန်းမာရေးပြဿနာများ
- အားလုံးလက်တွဲကာကွယ် အိပ်ရုံအိုင်ဗွီ ကူးစက်မှုအန္တရာယ်
- ကျန်းမာရေးအတွက် အားကစားတစ်ခုခုလုပ်သင့်တယ်လို့ဆိုတဲ့ ထက်အောင်ရှိုင်း
- ဆီးချိုရောဂါကို အစားအာဟာရဖြင့် ကုသခြင်း
- သီချင်းလေးတွေနဲ့ သက်တမ်းရှည်နေနိုင်ကြပါစေလို့ ဆိုသူ တေးသံရှင် မောင်ကြည်တိုး
- ဆေးစက်ကျရာ ဇာဂနာနှင့် တွေ့ဆုံခြင်း
- နှတ်မဆက်ဘဲ လမ်းခွဲလိုက်တဲ့ မာရိုင်ယာကာရေးနဲ့ ဂျိမ်းစ်ပက်ကာ
- လင်း (ဆေး-၁)၊ ဒေါက်တာငွေစိုး၊ ဒေါက်တာရဲ၊ ဒေါက်တာစိုးလွှင်တို့၏ သိမှတ်ဖွယ်ရာဆောင်းပါးများ

အမှတ် - ၂၀၀၊ ပထပ်၊ ၃၆လမ်း (အထက်)၊ ရန်ကုန်။ ဖုန်း - ၃၈၃၀၂၅၊ ၃၉၁၆၃၃၊ ၀၉ ၇၉၅ ၃၃၄ ၂၅၆

Enrol Now For
15% Discount In December | 10% Discount In January | 5% Discount In February
horizon.com.mm
**HORIZON SUMMER SCHOOL**
နွေရာသီ အင်္ဂလိပ်စာသင်တန်း
Starts On March 8, 2017
အင်္ဂလိပ်စာ ကိုအဓိကထား လေ့လာသင်ယူလိုသော ကျောင်းသား၊ ကျောင်းသူများအတွက် အကောင်းဆုံးသော နေရာတစ်ခု
Free
- Admission Fee
- Original Textbooks
- Placement Test
- Surprise Gifts

- Focus on English 4 Skills
- Learning with Native Speakers
- English through songs, movies and sports
- Excellent Facilities

Age - 3 to 18

YGN : (01) 551795-6, 543926, 548452 MDY : (02) 72753, (09) 43060423, (09) 2053042 NPT: (067) 433134-5
CAMBRIDGE International Examinations

# ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းအားလုံး၏လိုအပ်ချက်များ စိုးရိမ်ပူပန်မှုများအား သိရှိနားထောင်နိုင်ရန်နှင့် အားလုံး၏အသံကို ကိုယ်စားပြုနိုင်ရန် မိမိတို့ရှိနေကြောင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာကိုဖီအာနန် ပြောကြား



ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ရခိုင်ပြည်နယ်ခရီးစဉ်နှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။ ဓာတ်ပုံ-ဇော်မင်းလတ်

**ရန်ကုန် ဒီဇင်ဘာ ၆**

စက်တင်ဘာလကစပြီး ရခိုင်ပြည်နယ်မှ လူငယ်အုပ်စုများ၊ အမျိုးသမီးအစုအဖွဲ့များ၊ ရပ်ရွာလူကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံတော်အစိုးရအဖွဲ့မှ လူပုဂ္ဂိုလ်အဖွဲ့အစည်းများနှင့် မိမိတွေ့ဆုံခဲ့ပါကြောင်း၊ ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းအသီးသီးအကြား ပြန်လည်သင့်မြတ်ရေး၊ လွတ်လပ်စွာသွားလာခွင့်၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးမှုများ အဓိကထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ဆွေးနွေးခဲ့ပါကြောင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ ကိုဖီအာနန်က ပြောသည်။

ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ယနေ့ညနေ ၄ နာရီတွင် ကျင်းပသည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ရခိုင်ပြည်နယ်ခရီးစဉ်နှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ ကိုဖီအာနန်က ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

ထို့ပြင် မစ္စတာ ကိုဖီအာနန်က "နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ ကော်မရှင်၏ လုပ်ငန်းတာဝန်သည် ရခိုင်ပြည်နယ်တွင် ပြန်လည်သင့်မြတ်ရေးကို အားပေးမြှင့်တင်နိုင်ရန်၊ ဒေသခံအဖွဲ့အစည်းများ အားကောင်းစေရန်၊ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်၊ ပဋိပက္ခများကို ဖြေရှင်းရန်၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးနိုင်ရေးကို မည်ကဲ့သို့အားပေးမြှင့်တင်နိုင်မည်ဆိုသည့် နည်းလမ်းများကို နိုင်ငံတော်အစိုးရထံ အကြံပြုချက်များတင်ပြပေးရန်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

## ၂၀၁၇ အာရှ ယူ-၁၉(အမျိုးသမီး)ခြေစစ်ပွဲအတွက် မြန်မာနှင့် ဟောင်ကောင်အသင်းတို့ ခြေစမ်းမည်



အာရှ ယူ-၁၉ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာယူ-၁၉ အမျိုးသမီးအသင်း။

**ရန်ကုန် ဒီဇင်ဘာ ၆**

အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၇ အာရှ ယူ-၁၉ ခြေစစ်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ရန် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ကြိုးစားလေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ မြန်မာယူ-၁၉ အသင်းသည် ခြေစစ်ပွဲမတိုင်မီ နောက်ဆုံးပြင်ဆင်မှုအဖြစ် ဒီဇင်ဘာ ၁၅ ရက်တွင် သုဝဏ္ဏကွင်း၌ ဟောင်ကောင် ယူ-၁၉ အသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။

မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် ယခုခြေစစ်ပွဲအတွက် ကာလရှည်စခန်းဝင်လေ့ကျင့်လျက်ရှိပြီး ခြေစစ်ပွဲမတိုင်မီ နောက်ဆုံးပြင်ဆင်မှုအဖြစ် ဟောင်ကောင်အသင်းနှင့်ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် ပဏာမ ကစားသမား ၃၀ ဖြင့် လေ့ကျင့်လျက်ရှိပြီး လက်ရွေးစင်အသင်း၌ ရွေးချယ်ခံထားရသည့် ကစားသမားအချို့ကိုပါ ပြန်လည်ရွေးချယ်ထားကာ နည်းပြချုပ်အဖြစ် ဦးဝင်းမြင့်သွင်က ကိုင်တွယ်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အသင်းသည် ခြေစစ်ပွဲမတိုင်မီ ပထမဆုံးနိုင်ငံတကာပြိုင်ပွဲအဖြစ် ဟောင်ကောင်အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး ယခင်က လက်ရွေးစင်အမျိုးသမီးအသင်း၊ လူငယ်အမျိုးသားအသင်းတို့နှင့်သာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားထားသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ○**



